ရောင်ပြန်မှန်

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့ (11-12-2013) (၇၆၉၁)

ဒုံတာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ရာသီဥတုအခြေအနေ

ထူးခြားသည့် ညအပူချိန်များ

ဟားခါး ၅ ဒီဂရီစင်တီဂရိတ်

ကသာ ၆ ဒီဂရီစင်တီဂရိတ်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်း အဝါရောင်အဆင့်သာရှိ

နေပြည်တော် ဒီဇင်ဘာ ၁၀

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မဒီ" (Madi)သည် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့မြောက်ဘက် ၃၂၅ မိုင်ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ၄၈၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ဘက်သို့ ဖြည်းညင်းစွာ ဆက်လက်ရွှေ့လျားလျက် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိသော်လည်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်သတိပြုရန်လိုအပ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

(ကြေးမုံ)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် EITI ဘုတ်အဖွဲ့ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နော်ဝေနိုင်ငံ အော်စလိုမြို့အခြေစိုက် သဘာဝသယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်ယူသုံးစွဲရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့(EITI)၏ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ Ms.Clare Short နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာဝုံ)**

ထိုသို့ တွေ့ဆုံစဉ် EITI အဖွဲ့သို့ မြန်မာနိုင်ငံဝင်ရောက်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် EITI အဖွဲ့က မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ သဘာဝဓာတ်ငွေ့၊ ရေနံ၊ သတ္တု၊ သစ်တော၊ ငါးမွေးမြူရေးကဏ္ဍများအနက်မှ သင့်တော်သောကဏ္ဍတစ်ခုကို လုပ်ငန်းစီမံချက်တစ်ရပ်ရေးဆွဲရေးနှင့် EITI လုပ်ငန်းများအတွက် အတွေ့အကြုံ၊ ဆွေးနွေးပွဲနှင့် သင်တန်းပေးရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာမြင့်အောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ရန်ကုန်ဇုန်) နိုင်ငံတော်အလံလွှင့်တင်ခြင်းနှင့် မီးရှူးတိုင် စတင်ထွန်းညှိခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ရန်ကုန်ဇုန်) နိုင်ငံတော်အလံလွှင့်တင်ခြင်းနှင့် မီးရှူးတိုင် စတင်ထွန်းညှိခြင်းအခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သယ်နားကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ (ရန်ကုန်ဇုန်) ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ မီးရှူးတိုင်ကို ထွန်းညှိပေးသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ မီးရှူးတိုင်သယ်ဆောင်စဉ်။ (သတင်းစဉ်)

ကြားမုံစာတည်းရှေထောင့် ၁၁-၁၂-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

လူတိုင်းသင်ယူနိုင်ခွင့်

တက္ကသိုလ်ပညာရပ်များဆိုင်ရာ ဘာသာရပ်များကို အွန်လိုင်းမှတစ်ဆင့် ဆည်းပူးလေ့လာနိုင်စေမည့် သင်တန်းများ ဥရောပနိုင်ငံများတွင် ခေတ်စားလာရာ ဥရောပရှိပညာရှာမှီးလိုသူလူငယ်လူရွယ်များအကြား ပိုမိုရေပန်းစားလာကြောင်း သိရသည်။

အွန်လိုင်းပညာရေးစနစ်ကို အမေရိကန်ပြည်ထောင်စု၌ ဦးစွာခေတ်စားကျယ်ပြန့်လာပြီးမှ ယခုတစ်ဖန် ဥရောပနိုင်ငံများတွင် ထိုးဖောက်ဝင်ရောက်ခေတ်စားလာခြင်းဖြစ်သည်။ လက်ရှိတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအိုင်စီတီ၏ အကျိုးကျေးဇူးဖြစ်သလို တစ်ဖက်တွင်လည်း ပညာသင်ကြားရန်အတွက် အချိန်မလုံလောက်မှုနှင့် အခက်အခဲကန့်သတ်ချက်များရှိနေသူများအတွက် ဤပညာရေးစနစ်ကြောင့် များစွာအထောက်အကူပြုနေပြီဖြစ်သည်။

လက်ပ်တော့ဟူသည့် ကွန်ပျူတာငယ်တစ်လုံးရှိရုံဖြင့် အွန်လိုင်းပညာရေးနှင့် ချိတ်ဆက်ကာ မိမိကြိုက်နှစ်သက်ရာဘာသာရပ်ကို ရွေးချယ်လေ့လာသင်ယူခွင့်ရလာနိုင်သည်မှာ ခေတ်သစ်ပညာရေးစနစ်၏ ထူးခြားချက်ဟု ဆိုရမည်ဖြစ်သည်။ လုပ်ငန်းခွင်မပျက်၊ အိုးမကွာအိမ်မကွာ ပညာသင်ယူခွင့်ရနိုင်သည်မှာ ကြီးမားသည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

ဆရာဖြစ်သူက လိုအပ်သည့် သင်ခန်းစာများကို အွန်လိုင်းမှတစ်ဆင့် ပို့ချသည်။ ကမ္ဘာအရပ်ရပ်ရှိ ကျောင်းသားကျောင်းသူများ၏ ရှေ့တွင် လက်ပ်တော့လေးများချ၍ နားထောင်မှတ်သားပြီး သင်ခန်းစာများကို ကျေညက်သည်အထိ အေးဆေးသက်သာစွာဖြင့် လေ့လာဆည်းပူးသင်ယူနိုင်သည်။

ဆရာနှင့် ကမ္ဘာတစ်ဝန်းမှတပည့်များ မျက်နှာချင်းဆိုင်ထိုင်ကာ အနီးကပ်သင်ယူနေသကဲ့သို့ဖြစ်သည်။ အွန်လိုင်းပညာရေး၏ အကျိုးကျေးဇူးကြောင့် ကမ္ဘာပတ်၍ ပင်ပင်ပန်းပန်း ငွေကုန်ခံရမည့် ပညာသင်ကြားမှုကို ကမ္ဘာ့ရွာကြီးအတွင်းမှ အိမ်ကလေးတစ်လုံးအတွင်း စာသင်ခန်းလေးတစ်ဆောင်ဖြစ်ပေါ်ခဲ့ပြီ။

အမေရိကန်ပြည်ထောင်စု ဂျော့တောင်းတက္ကသိုလ်မှ ပါမောက္ခတစ်ဦးက သူ၏ဘာသာရပ်ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ တွင်ရှိနေသော ကျောင်းသားသုံးသောင်းခန့်တို့အား အွန်လိုင်းမှတစ်ဆင့် ပညာသင်ကြားပေးလျက်ရှိသည်။ ယင်းသည် ခေတ်သစ်ပညာရေးစနစ်သစ်၏ ထူးခြားသည့်ဝိသေသတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း အွန်လိုင်းပညာရေးစနစ်သစ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ဖွင့်လှစ်သင်ကြားပေးနေကြောင်း သိရသည်။ ရန်ကုန်အဝေးသင်တက္ကသိုလ်မှဖွင့်လှစ်ခဲ့သည့် အွန်လိုင်းဥပဒေဒီပလိုမာ သင်တန်းအမှတ်စဉ် (၁)ကို ၂၀၁၂ နိုဝင်ဘာ ၁ ရက်မှ ၂၀၁၃ နိုဝင်ဘာ ၁၃ ရက်အထိ သင်ကြားပို့ချပေးခဲ့ရာ သင်တန်းတက်ရောက် အောင်မြင်သူ ၅၃ ဦးရှိခဲ့ပြီး ရန်ကုန်အဝေးသင်တက္ကသိုလ်မှ နိုဝင်ဘာ ၁၆ ရက်တွင် ဘွဲ့ခံမြှင့်ခဲ့ကြောင်း သိရသည်။

ပညာလိုအိုသည်မရှိ ဆိုရိုးစကားနှင့်အညီ အွန်လိုင်းပညာရေးစနစ်တွင် အရွယ်စုံ၊ အလွှာစုံမှ ပါဝင်သင်ယူခဲ့ကြရာ ခေတ်စနစ်နှင့်အညီ ပညာရေးပြုပြင်ပြောင်းလဲမှုများ၏ အကျိုးဆက်ဖြစ်သည်။ လက်ရှိပို့ချပေးနေသော ဥပဒေ ဘာသာရပ်အပြင် ဘာသာစုံအွန်လိုင်းပညာရေးဖြစ်ခဲ့ပါလျှင် ပညာရေးဝေးသည်မရှိ ဆောင်ပုဒ်အတိုင်း ပိပြင်ပြည့်စုံလာပါလိမ့်မည်။

မည်သည့်ကျူရှင်မှ တက်ရောက်စရာမလိုဘဲ အရည်အသွေးပြည့်မီသော ပညာရေးစနစ်သစ်တွင် မိမိကြိုးစားအားထုတ်လျှင် အားထုတ်သလောက် ထိုက်တန်သော အကျိုးဖြစ်ထွန်းမှု ရှိပါလိမ့်မည်။ ၂၁ ရာစု ပညာရေးသည် အသိပညာဟူသည့် ပညာတတ်မြောက်ခြင်း ဦးတည်ချက်မှ ဦးနှောက်ဖွံ့ဖြိုးစေခြင်း၊ သန့်စွမ်းစေခြင်းသို့ ဦးတည်ပြောင်းလဲနေရာ ဤအွန်လိုင်းပညာရေးက အထောက်အကူပြုပါလိမ့်မည်။

သို့ဖြစ်ရာ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များတွင် ပဓာနကျသည့် ပညာရေးပြုပြင်ပြောင်းလဲမှုတစ်ရပ်ဖြစ်သော အွန်လိုင်းပညာရေးသည် ယနေ့ခေတ်ကာလအတွက် ဆီလျော်လိုက်ဖက်သော ပညာရေးစနစ်သစ်ဖြစ်ရာ လူတိုင်းပါဝင်သင်ယူနိုင်မည့် အခွင့်အလမ်းများရှိမည်ဟု ကြေးမုံကယုံကြည်ပါသည်။ ။

ကိုရီးယား-မြန်မာနှစ်နိုင်ငံ လယ်ယာကဏ္ဍစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံသံရုံးတို့ ပူးပေါင်းကျင်းပသော Myanmar-Korea Agricultural Economic Forum 2013 ကိုရီးယား-မြန်မာ နှစ်နိုင်ငံ လယ်ယာကဏ္ဍစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွဋ်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အမှုဆောင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကိုရီးယားနိုင်ငံဘက်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E. Mr. Lee Baek Soon၊ ကိုရီးယားသမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး Mr. Choin Byungkok၊ ကိုရီးယားနိုင်ငံ လယ်ယာသားငါးသစ်တော ဝန်ကြီးဟောင်း H.E. Mr. Jang Tae Pyong၊ ကိုရီးယားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအေဂျင်စီ (KOTRA) ကိုယ်စားလှယ်များ၊ ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)မှ ကိုယ်စားလှယ်နှင့် စာတမ်းဖတ်ကြားဆွေးနွေးကြမည့် ပညာရှင်များ၊ လယ်ယာကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများ တက်ရောက်ကြသည်။

ရှေးဦးစွာပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံအကြား အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအရှိန်အဟုန်မြင့်တင်ပြီး တိုးတက်အကောင်အထည်ဖော်နိုင်ရေးအတွက် ယနေ့ဆွေးနွေးပွဲမှ ရလဒ်ကောင်းများ ရရှိလိမ့်မည်ဟု လေးနက်စွာ ယုံကြည်မိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Lee Baek Soon က ကိုရီးယား-မြန်မာနှစ်နိုင်ငံ လယ်ယာကဏ္ဍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး Mr. Choin Byungkok နှင့် ကိုရီးယားနိုင်ငံ လယ်ယာသားငါးသစ်တောဝန်ကြီးဟောင်း H.E. Mr. Jang Tae Pyong တို့က ကျေးဇူးတင်စကား အသီးသီး ပြောကြားကြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ The Agriculture Investment Climate and Produce in Myanmar စာတမ်းကို စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်လှိုင်၊ History of Agricultural Policy of Korea Government and Korea and Myanmar Agricultural Cooperation စာတမ်းအား KOICA မှ စိုက်ပျိုးရေးပညာရှင် Dr. Shin Jong Soo၊ Agricultural Activities In Myanmar စာတမ်းကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အတွင်းရေးမှူး MAPCO ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်တို့က ဖတ်ကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Lee Baek Soon၊ ကိုရီးယားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအေဂျင်စီ (KOTRA)ကိုယ်စားလှယ်များ၊ ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)မှ ကိုယ်စားလှယ်တို့နှင့် သီးခြားတွေ့ဆုံပြီး မြန်မာ-ကိုရီးယားနှစ်နိုင်ငံအကြား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန်များကို ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ ဓက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဒီဇင်ဘာ ၁၀

ရန်ကုန်	ရွှေဈေး	၆၅၈၀၀၀	-	၆၅၉၀၀၀
မန္တလေး	ရွှေဈေး	၆၅၇၈၀၀	-	၆၅၈၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၁၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၄၉. ၁
(ဂ)	တရုတ်	တစ်ယွမ်	= ၁၆၁. ၇၂
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၅၅၉
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၆. ၃၀
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၀၆၂
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၅၀. ၀၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၃၄၆
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၂. ၃၂
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၅. ၆၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်
သတ်မှတ်ရည်ညွှန်းနှုန်း

အော်ဂဲနစ်စနစ်ကို တစ်ဦးတစ်ယောက်တည်း တစ်ကွင်းတည်း သီးသန့်လုပ်နေခြင်းထက် စုပေါင်းပြီး ဧရိယာတစ်ကွင်းတစ်စပ် ဆောင်ရွက်ခြင်းဖြင့် ကုန်ကျစရိတ် ပိုမိုသက်သာမည်

ဒုတိယသမ္မတ ဦးဘက်ထွန်း ကုန်ထုတ်လမ်းမတစ်လျှောက် လမ်းဘေးဝဲ၊ ယာတွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဓာတုကင်းလွတ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို လိုက်လံကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးဘက်ထွန်းသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကိုးရွာသပြေကုန်းကျေးရွာအနီးရှိ ဓာတုကင်းလွတ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ပြဲပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များသည် အခမ်းအနားကျင်းပရာမုခ်ဦးမှတစ်ဆင့် ကုန်ထုတ်လမ်းမတစ်လျှောက်လမ်းဘေးဝဲ၊ ယာတွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဓာတုကင်းလွတ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတဦးဘက်ထွန်း၊ ပြည်ထောင်စုဝန်ကြီးဦးသိန်းညွန့်၊ ဦးစိုးမောင်နှင့် ဦးမြင့်လှိုင်တို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးသိန်းညွန့်က နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်အတွင်းရှိ လယ်ဧက ၆၃၈၂ ဧကကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး စံပြလယ်ယာအဖြစ် ဖော်ထုတ်ခဲ့မှု အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က နေပြည်တော်ကောင်စီနယ်မြေအား စိုက်ပျိုးရေးအထူးဇုန်အဖြစ် အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ပုဂ္ဂလိကကုမ္ပဏီများနှင့် နိုင်ငံခြားကုမ္ပဏီများက နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို စနစ်တကျ စိုက်ပျိုးပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်ကြမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ မြတ်အိန္ဒြေကုမ္ပဏီနှင့် အိန္ဒိယနိုင်ငံမှ Safal Seed ကုမ္ပဏီတို့ပူးပေါင်း၍ ဆန်စပါးအပါအဝင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့ထုတ်လုပ်အကောင်အထည်ဖော်ဆောင်ရွက်မည့်နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးပွဲကို ဒုတိယသမ္မတ၏ရှေ့မှောက်၌ တာဝန်ရှိသူများက လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတက စိုက်ပျိုးရေးအစီအမံများပေးခြင်းများ၊ ဈေးကွက်ရှာဖွေပေးရန်လိုပါကြောင်း၊ နိုင်ငံတကာတွင် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ကျင့်သုံးမှုသည် ယေဘုယျအားဖြင့် ကောင်းမွန်သော မြေဆီလွှာရွေးချယ်ခြင်း၊ ဓာတုဆေးဝါး လုံးဝအသုံးမပြုခြင်း၊ သဘာဝပစ္စည်းများဖြင့်သာ မြေဆီလွှာကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အရည်အသွေးကောင်းမွန်သည့်မျိုးကို အသုံးပြုခြင်း၊ အင်းဆက်ပိုးမွှားများ၊ အပင်ရောဂါများနှင့် ပေါင်းပင်များနှိမ်နင်းရာတွင် ဇီဝနည်းပညာဖြင့် ကာကွယ်ထိန်းချုပ်ခြင်း၊ စိုက်ခင်းမြေနေရာ၊ ရေရရှိမှု၊ သိုလှောင်မှု၊ ပြုပြင်စီမံမှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဈေးကွက်စသည်တို့ကို စနစ်တကျသတ်မှတ်ထားခြင်း စသည့် အချက်များ၌ တူညီပါကြောင်း၊ အော်ဂဲနစ်သီးနှံစိုက်ပျိုးမှုကို တစ်ကမ္ဘာလုံးအနေဖြင့် ခြုံကြည့်မည်ဆိုပါက ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ပျမ်းမျှတစ်နှစ်လျှင် ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့ တိုးပွားလာခဲ့ကာ ယခုဆိုပါက မြေဟက်တာ ၃၅ သန်းခန့်ရှိပြီဟု ဆိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ စိုက်ပျိုးမှုသည် ထိုင်းနိုင်ငံနှင့်နှိုင်းယှဉ်လျှင် ခုနစ်ပုံတစ်ပုံသာရှိပြီး ဗီယက်နမ်နှင့် နှိုင်းယှဉ်လျှင် သုံးပုံတစ်ပုံသာရှိသည်ဟု ပညာရှင်များက ဆိုကြပါကြောင်း။

အော်ဂဲနစ်စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ အကျိုးပြုစေသောကြောင့် အော်ဂဲနစ်သီးနှံကို ဈေးကောင်းပေးဝယ်စားသုံးခြင်းသည်လည်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ကြောင်း၊ စိုက်ပျိုးသူများအနေဖြင့်လည်း အော်ဂဲနစ်စနစ်ကို တစ်ဦးတစ်ယောက်တည်းတစ်ကွင်းတည်း သီးသန့်လုပ်နေခြင်းထက် စုပေါင်းပြီး ဧရိယာတစ်ကွင်းတစ်စပ် ဆောင်ရွက်ခြင်းဖြင့် ကုန်ကျစရိတ် ပိုမိုသက်သာမည်ဖြစ်သလို မျှားမျှားထုတ်၊ မျှားမျှားရောင်းခြင်းဖြင့် ဈေးသက်သာသာနှင့် ရောင်းချပေးနိုင်မည်ဖြစ်ပါကြောင်း၊ အော်ဂဲနစ်သီးနှံကို စိတ်ဝင်စားသည့် ရင်းနှီးမြှုပ်နှံသူများအသင်းအဖွဲ့များကလည်း ငွေအရင်းအနှီးထည့်ဝင်ပြီး ဈေးကွက်ရှာဖွေပေးရန်လိုပါကြောင်း၊ အော်ဂဲနစ်သီးနှံအစားအစာကို သီးသန့်ရရှိနိုင်သည့် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ စူပါမားကက်များလည်းဖွင့်လှစ်၍ ရမည်ဖြစ်သောကြောင့် ထိုလုပ်ငန်းများမှတစ်ဆင့် အလုပ်အကိုင် အခွင့်အလမ်းများပေါ်ပေါက်လာစေမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးသူကစပြီး စားသုံးသူလက်ထဲရောက်ရှိသည်အထိ Supply Chain တစ်ခုလုံးကို နည်းစနစ်ကောင်းကောင်း၊ စီမံခန့်ခွဲမှုကောင်းကောင်းဖြင့် လုပ်နိုင်မည်ဆိုပါက အကျိုးအမြတ်ကောင်းကောင်း ရရှိနိုင်မည်ဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံမှ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို နိုင်ငံခြားတင်ပို့နေသည့်လုပ်ငန်းရှင်များကိုလည်း တွေ့ရသည့်အတွက် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားဝင်ငွေရရှိပြီး ပြည်သူလူထုကျန်းမာရေးကိုလည်း အထောက်အကူပြုသည့်အတွက် ဤလုပ်ငန်းကိုဆောင်ရွက်ရန် တိုက်တွန်းအားပေးလိုပါကြောင်း၊ သီးနှံများစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် အရေးကြီးသည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များကိုလည်း မျိုးစေ့ထုတ်ကုမ္ပဏီကြီးများက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ၍ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရန် ဖိတ်ခေါ်လိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် စက်စက်ယိုဆည်ရေသောက်စနစ်အဆင့်မြင့်စံပြစက်မှုလယ်ယာတစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စံပြစိုက်ကွင်းအတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဓာတုကင်းလွတ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် (Alliance Stars Group) ကုမ္ပဏီမှ တာဝန်ယူခင်းကျင်းပြသဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အဆင့်မြင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများအတွက် ခေတ်မီသန့်စင်စက်နှင့် အအေးခန်းစက်ရုံ တည်ဆောက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာအားပေးကြသည်။

အဆိုပါဓာတုကင်းလွတ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို လိုက်လံကြည့်ရှု လေ့လာလျက်ရှိကြသည့် နေပြည်တော်ကောင်စီနယ်မြေ ဒဂ္ဂီဏာသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးဖြစ်သူ ကိုရဲရန်အောင်က အောက်ပါအတိုင်း သူ၏အမြင်ကို ပြောပြခဲ့သည်။

“ဒါတကယ့်ကိုကောင်းမွန်တဲ့အခြေအနေတစ်ရပ်ပါ။ တောင်သူတွေစိုက်ပျိုးချင်စိတ်ပေါ်ပေါက်လာပါလိမ့်မယ်။ ဈေးကွက်ကောင်းမယ်ဆိုရင်တော့ တောင်သူတွေက စိုက်အားကောင်းမှာပါ။ ကျွန်တော်တို့လို တောင်သူတွေအတွက် ဈေးကွက်ခိုင်မာမှုရှိမယ်ဆိုလို့ရှိရင် ဘယ်တောင်သူမဆို စိတ်အားထက်သန်စွာနဲ့ စိုက်ကြမှာသေချာပါတယ်။ အခုလို အော်ဂဲနစ်စိုက်ခင်းတွေကို မြင်တွေ့ရတာ အရမ်းသဘောကျပါတယ်။ စားသုံးသူတွေအတွက် အန္တရာယ်ကင်းတဲ့အတွက် ပိုသဘောကျတာလည်းပါတယ်။ ဒေသမျိုးစေ့နဲ့တောင် ဒီလောက် ဖြစ်ထွန်းတာကိုမြင်ရတော့ အတိုင်းထက်အလွန်သဘောကျပါတယ်ဗျာ။ နိုင်ငံခြားမျိုးနဲ့သာ စိုက်ရင် ဒီ့ထက်တောင် ပိုထွားဦးမည်ထင်တယ်”ဟု ပြောသည်။

အလားတူ ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာနေ ဒေသခံတောင်သူ ကိုစိုးမိုးအောင်က “ကျွန်တော်တို့အနေနဲ့ ဒီလိုမျိုးအော်ဂဲနစ်စိုက်ခင်းတွေဖြစ်ပေါ်လာတာကို ဒေသခံတစ်ဦးအနေနဲ့ရော၊ ဒေသတစ်ခုလုံးအတွက်ပါ အထူးဂုဏ်ယူဝမ်းမြောက်ပါတယ်။ အခုဆိုရင် ဥတ္တရသီရိမြို့နယ် ဇလောင်းအုပ်စု ဝန်းကျင်မှာ ဇုန် ၈က ၁၀၀ ကျမယ်လို့ ကြားနေရတဲ့အတွက် ကြိုဝမ်းသာမိတယ်။ ပြောရရင် တော်တော်လေးကို ဝမ်းသာတာပါ။ အော်ဂဲနစ်စိုက်ခင်းဖြစ်ပေါ်မှုက ကျယ်ပြန့်တယ်ဗျ။ စိုက်ပျိုးနည်း၊ လုပ်ကိုင်ဆောင်ရွက်နည်း နည်းပညာတွေ ကျယ်ပြန့်လာသလို ဈေးကွက်ကလည်း အလွန်အရေးကြီးတယ်။ နိုင်ငံတော်ရဲ့ စီမံချက်တွေ၊ ဝန်ကြီးဌာနရဲ့ ထောက်ပံ့မှုတွေ ရယူဖို့လည်း အရေးကြီးတယ်ဗျ။ ဒါထက်ပိုအရေးကြီးတာက ဈေးကွက်ခိုင်မာဖို့ပဲ။ အဲဒီအချက်တွေ ညီခဲ့မယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ လက်ရှိစိုက်ပျိုးရေးစနစ်အရ ခေတ်နဲ့အညီ မလိုက်နိုင်စရာ မရှိပါဘူး။ စက်ရုံ၊ အလုပ်ရုံတွေ ဘယ်လောက်ပဲတည်ဆောက် တည်ဆောက် ဒီဒေသဟာ လယ်သမားတွေ အဓိကနေတဲ့နေရာဖြစ်တဲ့အတွက် စိုက်ပျိုးရေးကိုပိုပြီး ဦးစားပေးဖို့လိုပါတယ်။ နောက်ဆိုရင် နေပြည်တော်ဟာ အော်ဂဲနစ်စိုက်ခင်းတွေနဲ့ အထင်ကရဖြစ်ပေါ်လာမယ်လို့ မျှော်မှန်းထားပါတယ်” ဟု ၎င်း၏အမြင်နှင့် စိတ်ခံစားချက်များကို ပြောပြခဲ့သည်။

(သတင်းစဉ်)

တောင်သူများအား သီးနှံမျိုးစေ့များ ပံ့ပိုးပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၀

နေပြည်တော် ကောင်စီနယ်မြေ ဒကွ်ဏာခရိုင် ပျဉ်းမနားမြို့နယ်တွင် အောက်တိုဘာလအတွင်း အခ်ိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်၍ သီးနှံပျက်စီးထိခိုက်ခဲ့သည်။ ကျေးရွာအုပ်စု ၈ အုပ်စုမှ တောင်သူများအား နိုင်ငံတော်မှ သီးနှံမျိုးစေ့များ ပြန်လည်ပံ့ပိုးပေးအပ်ခြင်း၊ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဇီးဖြူပင် ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ **(ယာပုံ)**ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဇေယျာသီရိမြို့နယ် ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်များတွင် အောက်တိုဘာလအတွင်း အခ်ိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် သီးနှံစိုက်ခင်းများ၌ ရေကြီးနစ်မြုပ်၍ လယ်ယာမြေပေါင်း ၂၆၆၅ ဧက ထိခိုက်ခဲ့ပြီး ၃၅၁၃ ဧက ပျက်စီးခဲ့သဖြင့် နိုင်ငံတော်မှ တောင်သူများအား ကူညီစောင့်ရှောက်၍ သီးနှံမျိုးစေ့များအား ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ သီးနှံများ ပျက်စီးသွားသည့် လယ်ယာမြေ တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်း၊ သီးနှံထိခိုက်သည့် လယ်ယာမြေ တစ်ဧကလျှင် ကျပ်၂၀၀၀၀ နှုန်းတို့နှင့် ညီမျှသော သီးနှံမျိုးစေ့များကို ထောက်ပံ့ ပေးအပ်သွားမည်ဖြစ်ကြောင်း။

နောင်နှစ်တွင် ရေကြီးနစ်မြုပ်မှု မခံရအောင် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအားလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခု ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကျန်းမာရေးဆရာဝန်၊ တိရစ္ဆာန်ဆေးကုဆရာဝန်၊ စိုက်ပျိုးရေးပညာရှင်နှင့် အင်ဂျင်နီယာတို့ ပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေခံအချက်အလက်များ ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့ (Mobile Team) များကိုလည်း စေလွှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ထောက်ပံ့ပေးသည့် သီးနှံမျိုးစေ့များအား ပျက်စီးထိခိုက်သွားသည့် လယ်ယာမြေများတွင် အောင်မြင်ဖြစ်ထွန်းအောင် စနစ်တကျ ကြိုးစားစိုက်ပျိုး ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက လယ်ယာမြေများ ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာအုပ်စုများသို့ နိုင်ငံတော်မှ သီးနှံမျိုးစေ့များ ပြန်လည်ပံ့ပိုးပေးအပ်နိုင်ရေး ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် သီးနှံပျက်စီးထိခိုက်ခဲ့သော တောင်သူများအတွက် ကျေးရွာအုပ်စုကိုယ်စားလှယ်များထံသို့ နိုင်ငံတော်မှ ပံ့ပိုးသည့် သီးနှံမျိုးစေ့များအား ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ကူးတို့ဆိပ်ကျေးရွာအုပ်စု၊ ဇီးဖြူပင်ကျေးရွာအုပ်စုနှင့် နှမ်းတောကျေးရွာအုပ်စုကိုယ်စားလှယ်များထံသို့လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် ဦးမြင့်ရွှေတို့က ညောင်ပင်သာကျေးရွာအုပ်စု၊ ကင်မွန်းတန်းကျေးရွာအုပ်စု၊ သနပွင်ဆိပ်ကျေးရွာအုပ်စုနှင့် ဆင်သေကျေးရွာအုပ်စုကိုယ်စားလှယ်များထံသို့လည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက ကျွန်းဦးကျေးရွာအုပ်စု ကိုယ်စားလှယ်ထံသို့လည်းကောင်း အသီးသီး ပေးအပ်ကြသည်။

ထို့နောက် ရေကြီးနစ်မြုပ်၍ သီးနှံများ ပျက်စီးထိခိုက်ခဲ့သည့် တောင်သူများကိုယ်စား ဇီးဖြူပင်ကျေးရွာမှ တောင်သူ ဦးစိုးတင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယနေ့ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်း ရေကြီးနစ်မြုပ်၍ သီးနှံများ ပျက်စီးထိခိုက်ခဲ့သည့် ကူးတို့ဆိပ်ကျေးရွာအုပ်စုမှ ပျက်စီးခဲ့သည့် လယ်ယာမြေ ၅၆၄ ဧကအတွက် မတ်ပဲ ၁၂၅ တင်းနှင့် ထိခိုက်ခဲ့သည့် လယ်ယာမြေ ၃၇ ဧကအတွက် မတ်ပဲ ၃၁ တင်း၊ ဇီးဖြူပင်ကျေးရွာအုပ်စုမှ ပျက်စီးခဲ့သည့် လယ်ယာမြေ ၁၃၂၈ ဧကအတွက် ကုလားပဲ ၃၆၈ တင်းနှင့် ထိခိုက်ခဲ့သည့် လယ်ယာမြေ ၃၆၆ ဧကအတွက် ကုလားပဲ ၃၄၈ တင်းစုစုပေါင်း ကုလားပဲ ၃၀၃၄ တင်း၊ နှမ်းတောကျေးရွာအုပ်စုမှ ပျက်စီးခဲ့သည့် လယ်ယာမြေ ၅၅ ဧကအတွက် မတ်ပဲ ၁၂၅ တင်းနှင့် ထိခိုက်ခဲ့သည့် လယ်ယာမြေ ၆၇ ဧကအတွက် ကုလားပဲ ၃၄၈ တင်းစုစုပေါင်း ကုလားပဲ ၃၀၃၄ တင်း၊ ကူးတို့ဆိပ်ကျေးရွာ၊ ဇီးဖြူပင်ကျေးရွာ၊ နှမ်းတောကျေးရွာ ကိုယ်စားလှယ်များ ပေးအပ်ကြသည်။

ယခု ကျွန်ုပ်တို့ ကြားသိရသည်မှာ ပျဉ်းမနားမြို့နယ်ရှိ ကျေးရွာ ၁၆ ရွာ ရေကြီးနစ်မြုပ်ခဲ့ပြီး ယင်းတို့ထဲမှ ကျေးရွာ ၄ ရွာ ကုန်းပေါ်ရောက်ရှိ ခိုလှုံနေကြရပြီး ကျန်ကျေးရွာ ၁၂ ရွာ ရေကြီးနစ်မြုပ်ခဲ့ကြောင်း ကြားသိရပါသည်။ ကျေးရွာ ၁ ရွာ ကုန်းပေါ်ရောက်ရှိ ခိုလှုံနေကြရပြီး ကျန်ကျေးရွာ ၁

မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ နာယကကြီးများနှင့် အလှုရှင်များက ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာအမျိုးသမီးအားကစားသမားများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေသော မြန်မာအမျိုးသမီးအားကစားသမားများအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့နာယကကြီးများနှင့် အလှုရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့နာယကကြီးများဖြစ်ကြသော နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ဝင်း**(ယာပုံ)**က ဒွေကျပ်၁၀သိန်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်က ဒွေကျပ် ငါးသိန်း၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်က ဒွေကျပ် ငါးသိန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် ဗိုလ်ချုပ်ကြီးလှဌေးဝင်း၏ဇနီး ဒေါ်မာမဝေတို့က တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ လှူဒါန်းငွေကျပ် သိန်း ၃၀၊ သမ္မတရုံးဝန်ကြီးဌာန ခြောက်ခုမှ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများက ဒွေကျပ် ၁၀ သိန်းစီ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ လှူဒါန်းငွေကျပ် သိန်း ၃၃၀၊ မြန်မာနိုင်ငံအမျိုးသမီးနှင့် ကလေးများဘဝမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ ဒွေကျပ် ငါးသိန်းစီ၊ အမျိုးသမီးအားကစားအဖွဲ့ချုပ်များက ဒွေကျပ် ၁၀ သိန်းစုစုပေါင်း ဒွေကျပ် သိန်း ၄၆၀ ကို ပေးအပ်လှူဒါန်းကြရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက လက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ နာယကကြီးများနှင့် နာယကများသည် ဝဏ္ဏသိဒ္ဓိအားကစားဇုန်တွင် ဖွင့်လှစ်ထားသော Social Zone နှင့် စိတ်ဓာတ်မြှင့်တင်ရေးခန်းမ(အားကစားပြတိုက်)အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာနခွဲ သင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် UNOPS တို့ ပူးပေါင်းပြုလုပ်သည့် "Project Management Fundamentals Training" အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနမှ သင်တန်းသား၊ သင်တန်းသူများ၊ UNOPS အဖွဲ့မှ Director & Representative. Mr.San Jay Mathur ဦးဆောင်သော ပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ UNOPS အဖွဲ့မှ Director & Representative. Mr. San Jay Mathur က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ"Project Management Fundamentals Training" သင်တန်းကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဒီဇင်ဘာ ၁၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ ဂါယာမြို့၌ ကျင်းပမည့် Officers Training Academy ကျောင်းဆင်းပွဲစစ်ရေးပြအခမ်းအနားတက်ရောက်ရန်အတွက် အိန္ဒိယသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။**(ဝဲပုံ)**

ထိုသို့ပို့ဆောင်ရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က လိုက်ပါပို့ဆောင် နှုတ်ဆက်ကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော် အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ စစ်သံမှူးတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

နေပြည်တော် ဇေယျာသီရိအားကစားကွင်းတွင် ဒီဇင်ဘာ ၁၀ ရက်နေ့က ယှဉ်ပြိုင်ကစားသော မလေးရှား-ဘရူနိုင်း ဘောလုံးပွဲကို ကြည့်ရှုအားပေးပြီး ပျော်ရွှင်စွာဖြင့် ပြန်လည်ထွက်ခွာလာကြသော ပရိသတ်အချို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ- Alez)

သန်းခေါင်စာရင်းကောက်ယူရာတွင် အခြေခံထားရမည့်မူများ

ယန်ဉယ်ကြိုင်

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သော နိုင်ငံတစ်နိုင်ငံအနေဖြင့် လူဦးရေ နယ်နိမိတ်၊ အစိုးရ အချုပ်အခြာအာဏာနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ လိုအပ်သည်။ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံကိန်းများရေးဆွဲရာတွင် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများအပါအဝင် တိုင်းပြည်တွင်း နေထိုင်ကြသည့် လူဦးရေကို သိရှိရန်လိုအပ်သည်။ နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာတွင် လူဦးရေသည် အခြေခံလုပ်ဆောင်နေကြသည့် လူအင်အားအရင်းအမြစ်များဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရသည် ပြည်သူအားလုံး၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် လူမှုစီးပွားရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်အတွက် ဖွံ့ဖြိုးမှုစီမံကိန်းများ (Development Plan)နှင့် အစီအစဉ်များ(Programmes)ချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အဓိကလိုအပ်သည့် လက်ရှိနှင့် အနာဂတ်လူဦးရေ အရွယ်အစား၊ အသက်အပိုင်းအခြားအလိုက်၊ မြို့/ကျေးလက်အလိုက်၊ ကျား/မအလိုက် လူဦးရေနှင့် အခြားလူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို သိရှိရန် အရေးကြီးသည်။ ယင်းအခြေခံရမည့် လူဦးရေဆိုင်ရာ အချက်အလက်များရရှိရန်အတွက် အချက်အလက်များ (data)ကို ကောက်ယူခြင်း၊ စုဆောင်းခြင်းနှင့် ဆန်းစစ်လေ့လာသုတေသနပြုခြင်းတို့ ဆောင်ရွက်ရသည်။

ယခုအခါ မြန်မာနိုင်ငံတွင် လူဦးရေဆိုင်ရာ အချက်အလက်များ ရရှိရန်အတွက် ၂၀၁၄ ခုနှစ်၌ ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူမည်ဖြစ်သည်။ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ စုစုပေါင်း ၁၂ ရက်ကြာ ကောက်ယူမည်ဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီဖြစ်စေရေး၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်း၍ ဆောင်ရွက်နိုင်ရေးတို့အတွက် သန်းခေါင်စာရင်းဆိုင်ရာ အင်္ဂါရပ်များ၊ နည်းစနစ်များ၊ မူများနှင့် အခြေခံထားရမည့် အချက်အလက်များအပေါ် မူတည်၍ ဆောင်ရွက်ရသည်။

သန်းခေါင်စာရင်း၏ အင်္ဂါရပ်(၄)မျိုးမှာ-

- လူပုဂ္ဂိုလ်တစ်ဦးစီ၏ အကြောင်းအရာများကို တသီးတခြား ကောက်ယူခြင်း (Individuality)၊
- စာရင်းကောက်ကွက်အသီးသီးတွင် လူထပ်ခြင်းနှင့် လူကျန်ခြင်း မရှိအောင် စာရင်းကောက်ယူခြင်း (Universality)၊
- လူတစ်ဦးစီကို စာရင်းကောက်ယူရာတွင် သတ်မှတ်ထားသော နေ့နှင့်အချိန်၌ တည်ရှိနေသော အချက်အလက်များကိုသာ စာရင်းကောက်ယူခြင်း (Simultaneity)၊
- သန်းခေါင်စာရင်းကောက်ယူခြင်းအား ငါးနှစ် (သို့မဟုတ်) ၁၀ နှစ်ကာလလျှင် တစ်ကြိမ်ကျ မှန်မှန်ဆောင်ရွက်ခြင်း (Defined Periodicity)။

သန်းခေါင်စာရင်းကောက်ယူရာတွင် နေ့တစ်နေ့ အချိန်တစ်ချိန်ကို ရည်ညွှန်းချိန်အဖြစ်သတ်မှတ်၍ လိုအပ်သည့် အကြောင်းအရာများကို ထိုနေ့ ထိုအချိန်တွင်တည်ရှိနေသည့် အခြေအနေအတိုင်း မေးမြန်းကောက်ယူရသည်။ ထိုသို့ သတ်မှတ်ထားသည့်နေ့နှင့်အချိန်ကို သန်းခေါင်စာရင်းရည်ညွှန်းချိန်ဟုခေါ်သည်။ ယခုကောက်ယူမည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရည်ညွှန်းချိန်မှာ ၂၉-၃-၂၀၁၄ ရက်ည သန်းခေါင်ယံ ၁၂ နာရီဖြစ်သည်။ ဆိုလိုသည်မှာ ထိုနေ့ည သန်းခေါင်ယံ အချိန်တွင် စာရင်းကောက်ယူမည်မဟုတ်ဘဲ သတ်မှတ်ထားသည့် ရည်ညွှန်းချိန်တွင်ရှိသည့်အခြေအနေအတိုင်း ကောက်ယူမည်ဖြစ်သည်။

လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် ကျင့်သုံးရမည့်မူနှင့် နည်းလမ်းတို့ရှိသည်။ ယင်းတို့မှာ အိုးအိမ်အတည်တကျနှင့် အမြဲနေထိုင်သူများကို ၎င်းတို့အမြဲနေထိုင်ရာအိုးအိမ်တွင် ကောက်ယူသည့်မူ (de-jure Method)နှင့် တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မူ (de-facto Method) တို့ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မူ (de-facto Method)ဖြင့် ကောက်ယူမည်ဖြစ်သည်။ ယခင်ကောက်ယူခဲ့သည့် ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းများကို (de-jure Method)ကို အသုံးပြု၍ ကောက်ယူခဲ့သည်။ ယခုအခါ နိုင်ငံအသီးသီးတွင် နိုင်ငံအတွင်း တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်လုပ်ကိုင်ကြသူများနှင့် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်လုပ်ကိုင်ကြသူများ ပိုမိုများပြားလာသောကြောင့် နိုင်ငံအများစုသည် သန်းခေါင်စာရင်းကောက်ယူရာတွင် တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မူ (de-facto Method) ကို အသုံးပြုကြကြောင်းတွေ့ရှိရသည်။

ထို့ကြောင့် တွေ့ရှိရာအရပ်တွင်ကောက်ယူသည့်မူ (de-facto Method) သည် နိုင်ငံအများစုအသုံးပြုသည့် နည်းလမ်းဖြစ်ခြင်း၊ ကမ္ဘာတွင် သန်းခေါင်စာရင်းကောက်ယူမှုဆိုင်ရာအတွေ့အကြုံအများဆုံးပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းထားသည့် နိုင်ငံတကာအကြံပေးဘုတ်အဖွဲ့ (International Technical Advisory Board-ITAB)မှ ယခုအချိန်အတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည့် တွေ့ရှိရာအရပ်တွင်ကောက်ယူသည့်မူ (de-facto Method)အသုံးပြုရန် အကြံပြုခြင်းတို့ကြောင့် မြန်မာနိုင်ငံသန်းခေါင်စာရင်းကောက်ယူရာတွင် de-facto Method နည်းလမ်းကို အသုံးပြု၍ ကောက်ယူရခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံနှင့် ဟောင်ကောင်နိုင်ငံတို့တွင် extended-de-facto Method ကို အသုံးပြုကြကြောင်း တွေ့ရှိရသည်။

de-facto Method နှင့် ကောက်ယူရာတွင် အမြဲနေထိုင်ရာအိုးအိမ်မှ အခြားနေရာသို့ ခရီးသွားလာနေပါက ရောက်ရှိရာနေရာတွင် စာရင်းကောက်ယူရမည်ဖြစ်သည်။ ထို့ကြောင့် စာရင်းကောက်သည့်အချိန်တွင် နေအိမ်မှ ခေတ္တခရီးလွန်နေသူများကိုလည်း ၎င်းတို့ခေတ္တရောက်ရှိနေထိုင်သည့် အိမ်ထောင်စု(သို့)နေရာဒေသ၌သာ စာရင်းကောက်ယူမည်ဖြစ်သည်။ ဥပမာအားဖြင့် ရန်ကုန်မြို့တွင် အမြဲနေထိုင်သူတစ်ဦးသည် သန်းခေါင်စာရင်းရည်ညွှန်းချိန်၌ မန္တလေးမြို့တွင် ခေတ္တရောက်ရှိနေပါက ထိုသူအား မန္တလေးမြို့ နေအိမ်တွင်သာ ထည့်သွင်းစာရင်းကောက်ယူမည်ဖြစ်သည်။ ဟိုတယ်တွင် တည်းခိုပါက အဖွဲ့အစည်းလူဦးရေအဖြစ် ဟိုတယ်တွင် စာရင်းကောက်ယူမည်ဖြစ်သည်။ ထို့အတူ ဆေးရုံ၊ အကျဉ်းထောင် စသည့် အဖွဲ့အစည်းများတွင် ရှိနေသူများကို ယင်းတို့ တည်ရှိရာနေရာတွင် အဖွဲ့အစည်းလူဦးရေအဖြစ် ထည့်သွင်းစာရင်းကောက်မည်ဖြစ်သည်။ ထို့အတူ ရဟန်း၊ သာမဏေများနှင့် သီလရှင်များကို အဖွဲ့အစည်းလူဦးရေအဖြစ် ယင်းတို့ တည်ရှိရာ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် ထည့်သွင်းစာရင်းကောက်ယူမည်ဖြစ်သည်။

စာရင်းကောက်ယူရာတွင် ကောက်ယူသည့်နည်းလမ်း နှစ်မျိုးရှိသည်။ ယင်းမှာ တစ်အိမ်တက်ဆင်း စာရင်းကောက်ယူသည့်နည်း (Canvassing Method) နှင့် မေးမြန်းမည့် မေးခွန်းပုံစံများကို စာတိုက်မှ သော်လည်းကောင်း၊ e-mail၊ Website များမှသော်လည်းကောင်း ပုံစံများဖြန့်ဝေ၍ ကိုယ်တိုင်ဖြည့်သွင်းသည့်နည်းလမ်း (Household Method) တို့ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကို တစ်အိမ်တက်ဆင်းကောက်ယူသည့်နည်း (Canvassing Method) ဖြင့် ကောက်ယူမည်ဖြစ်ပြီး ယင်းနည်းလမ်းမှာ စာရင်းကောက်များမှ အိမ်တိုင်ရာရောက်တစ်အိမ်တက်ဆင်း (door to door) သွားရောက်ပြီး မျက်နှာချင်းဆိုင်တွေ့ဆုံတိုက်ရိုက်ထိတွေ့မေးမြန်းသော (Face to face) စာရင်းကောက်ယူသည့် နည်းဖြင့် ကောက်ယူမည်ဖြစ်သည်။

စာရင်းကောက်ယူရာတွင် တိကျမှန်ကန်သည့် စာရင်းအင်းအချက်အလက်ရရှိရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအပေါ် စိတ်ဝင်စားပြီး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီ၍ မေးမြန်းသည့်မေးခွန်းတိုင်းကိုလည်း အဖြေမှန်များဖြေကြားပေးရန်လိုအပ်သည်။ ကောက်ယူစဉ်က မှန်ကန်မှုရှိမှသာလျှင် မှန်ကန်သော စာရင်းဇယားများ ပြုစုထုတ်ပြန်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် "ပြည်သူ အားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆောင်ပုဒ်နှင့်အညီ မထပ်၊ မကျန်၊ အမှန်စာရင်းကောက်ယူနိုင်ရန်အားလုံးပါဝင် လက်တွဲဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် ခိုင်လုံသော အခြေခံလူဦးရေဆိုင်ရာ ကိန်းဂဏန်းများ ရရှိစေခြင်း၊ အုပ်ချုပ်မှုဒေသအလိုက် ရပ်ကွက်နှင့် ကျေးရွာအဆင့်အထိ လူဦးရေစာရင်း အတိအကျ ရရှိခြင်း၊ အနာဂတ်လူဦးရေခန့်မှန်းခြင်းကို ပိုမိုတိကျမှန်ကန်စွာ တွက်ချက်ပေးခြင်း၊ လူဦးရေသုတေသနဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နိုင်ခြင်း၊ လူမှုရေး၊ စီးပွားရေး စစ်တမ်းများကောက်ယူရန်အတွက် အခြေခံစာရင်းများရရှိခြင်း၊ ကမ္ဘာ့ကုလသမဂ္ဂ၏ (၁၀)နှစ်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူရန် သတ်မှတ်ချက်နှင့်အညီ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ လိုက်လျောညီထွေရှိခြင်းနှင့် နိုင်ငံတော်၏ လူဦးရေမူဝါဒများ ချမှတ်ဆောင်ရွက်သည့်အခါ အထောက်အကူပြုမည့် လူဦးရေစာရင်းဇယားများ ရရှိနိုင်ခြင်းတို့ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ ။

ယခုအခါ နိုင်ငံအသီးသီးတွင် နိုင်ငံအတွင်း တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်လုပ်ကိုင်ကြသူများနှင့် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်လုပ်ကိုင်ကြသူများ ပိုမိုများပြားလာသောကြောင့် နိုင်ငံအများစုသည် သန်းခေါင်စာရင်းကောက်ယူရာတွင် တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မူ (de-facto Method) ကို အသုံးပြုကြကြောင်းတွေ့ရှိရ။

ကချင်ပြည်နယ်ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၃၆/၂၀၁၃)
၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်
(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

ကချင်ပြည်နယ်ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

အမှတ်(၃၈၆)၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကချင်ပြည်နယ် ဒီမိုကရေစီပါတီ**အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ကချင်ပြည်နယ်ဒီမိုကရေစီပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၆၇)ဖြစ်ပါသည်။

အမိန့်အရ

(မြင့်နိုင်)
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ပြိုင်ပွဲဝင်နိုင်ငံများ၏ အမည်ဆိုင်းဘုတ်ကိုင်သူစာရင်း ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၁-၁၂-၂၀၁၃ ရက်နေ့ ညနေ ၅ နာရီခွဲမှစ၍ စတင်ဖျော်ဖြေဖွင့်လှစ်တော့မည်ဖြစ်ရာ အခမ်းအနားတွင် နိုင်ငံအလိုက်ကိုယ်စားပြုဆိုင်းဘုတ်ကိုင်မည့် အမျိုးသမီးလှပျိုဖြူနှင့် စစ်ကြောင်းချီ ကျောင်းသူကလေးများ၏ စာရင်းကို ဖွင့်ပွဲအခမ်းအနားကျင်းပရေးကော်မတီက ထုတ်ပြန်ပေးသည့် အစီအစဉ်အရချီတက်ရာတွင်-

၁။ ရန်ကုန်တိုင်းဒေသကြီးမှ မချောစုလင်းဖြူသန့်နှင့် ကချင်ပြည်နယ် Cheers ကျောင်းသူအဖွဲ့။
ဘရူနိုင်းနိုင်ငံ

၂။ ရန်ကုန်တိုင်းဒေသကြီးမှ မယွန်းရတီမြတ်နှင့် ကယားပြည်နယ် Cheers ကျောင်းသူအဖွဲ့။
ကမ္ဘောဒီးယားနိုင်ငံ

၃။ မန္တလေးတိုင်းဒေသကြီးမှ မပိုးအိထွန်းနှင့် ကရင်ပြည်နယ် Cheers ကျောင်းသူအဖွဲ့။
လာအိုနိုင်ငံ

၄။ စစ်ကိုင်းတိုင်းဒေသကြီးမှ မကြည်တြာဗိုလ်နှင့် ချင်းပြည်နယ် Cheers ကျောင်းသူအဖွဲ့။
အင်ဒိုနီးရှားနိုင်ငံ

၅။ ပဲခူးတိုင်းဒေသကြီးမှ မအိစက်မွန်နှင့် မွန်ပြည်နယ် Cheers ကျောင်းသူအဖွဲ့။
မလေးရှားနိုင်ငံ

၆။ တနင်္သာရီတိုင်းဒေသကြီးမှ မဆွေဆွေအောင်နှင့် ရခိုင်ပြည်နယ် Cheers ကျောင်းသူအဖွဲ့။
ဖိလစ်ပိုင်နိုင်ငံ

၇။ မန္တလေးတိုင်းဒေသကြီးမှ မခင်ဦးသာနှင့် ရှမ်းပြည်နယ် Cheers ကျောင်းသူအဖွဲ့။
စင်ကာပူနိုင်ငံ

၈။ ကရင်ပြည်နယ်မှ မနန်းထက်ထက်အောင်နှင့် တနင်္သာရီတိုင်းဒေသကြီး Cheers ကျောင်းသူအဖွဲ့။
ထိုင်းနိုင်ငံ

၉။ မွန်ပြည်နယ်မှ မမိကျော့ကျော့ခိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး Cheers ကျောင်းသူအဖွဲ့။
တိမောလက်စ်တေနိုင်ငံ

၁၀။ ရန်ကုန်တိုင်းဒေသကြီးမှ မမြတ်ကျော့ခိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး Cheers ကျောင်းသူအဖွဲ့။
ဗီယက်နမ်နိုင်ငံ

၁၁။ ရန်ကုန်တိုင်းဒေသကြီးမှ မအိန္ဒြာသီရိကိုနှင့် ဧရာဝတီတိုင်းဒေသကြီး Cheers ကျောင်းသူအဖွဲ့။
မြန်မာနိုင်ငံ

တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာအိုနိုင်ငံ သမ္မတနှင့်ဇနီးတို့ မန္တလေးမြို့သို့ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျူမာလီဆိုင်ညဆွန်နှင့် ဇနီး မစ္စစ်ကေအိုဆိုင်ကျိုင်းဆိုင်ညဆွန်တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ မန္တလေးမြို့သို့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး ဒေါ်မြတ်ငွေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူတို့က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် သမ္မတနှင့်အဖွဲ့သည် မဟာမြတ်မုနိဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။**(ယာပုံ)**

ယင်းနောက် မြနန်းစံကျော်ရွှေနန်းတော်သို့ ရောက်ရှိကြပြီး နန်းတော်အတွင်းလှည့်လည်ကြည့်ရှုလေ့လာကြရာ ယဉ်ကျေးမှုတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက နန်းတော်၏သမိုင်းကြောင်းကို လိုက်လံရှင်းလင်းပြသသည်။

ညနေပိုင်းတွင် ဧည့်သည်တော်လာအိုနိုင်ငံသမ္မတနှင့် ဇနီးနှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ ရွှေကျောင်းကြီးသို့သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မန္တလေးတောင်သို့ ရောက်ရှိကာ တောင်ပေါ်ရှိ ဘုရား၊ ပုထိုး၊ စေတီများအား ဖူးမြော်ကြည်ညိုရန် တောင်ပေါ်မှမန္တလေးမြို့၏ ဆည်းဆာအလှကို ကြည့်ရှုခဲ့ကြသည်။

ညပိုင်းတွင် Mandalay Hill Resort ဟိုတယ်၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဧည့်သည်တော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသမှ ဖြိုးရေးလုပ်ငန်းများ

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၀

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစစ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် လောက်ကိုင်မြို့သို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တိုင်းဒေသကြီး/ပြည်နယ် အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များအား တာဝန်ခံဆက်သွယ်ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးရန် ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ ဒေသခံတိုင်းရင်းသားများနှင့် နီးကပ်စွာ ထိတွေ့ဆက်ဆံခြင်းမှသည် တိုင်းဒေသကြီး/ပြည်နယ် အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းပြီး တိုင်းပြည်ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရသက်တမ်းကာလတွင် ဒီမိုကရေစီနည်းကျ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အောင်မြင်မှုများရရှိလျက် ရှိနေပြီဖြစ်ပါကြောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိနေပါကြောင်းနှင့် ပိုမို၍ ဖွံ့ဖြိုးနေသည့်အဖွဲ့များဖြစ်သည်နှင့်အညီ ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရန်နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသဦးစီးအဖွဲ့များသည် ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြီးကြပ်ကွပ်ကဲသွားရန် လိုအပ်ပါကြောင်း၊ လုံခြုံရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဂရုတစိုက် ဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုဆောင်ရွက်နိုင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်က ဒေသ၏ အုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လောက်ကိုင်၊ ကုန်းကြမ်းမြို့နယ်များ၊ ချင်းရွှေဟော်၊ မော်ထိုက်မြို့နယ်ခွဲများ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အထောက်အကူပြု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌများက ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစစ်အောင်မြတ်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်၊ ဒုတိယဥက္ကဋ္ဌ ဦးဝေမိုးသီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးဝေမိုးသီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ် H.E. Mme. Liu Yandong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဦးငွေးအောင်၊ ဦးအေးမြင့်ကြူနှင့် ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာစန်းလွင်၊ ဒေါ်စန္ဒာခင်၊ ဒေါက်တာဒေါ်ခင်စန်းရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ် H.E. Mme. Liu Yandong နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ယန်ဟို့လန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတနှင့် ဧည့်သည်တော်ဒုတိယဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကြား အပြန်အလှန် ချစ်ခင်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် တည်ဆောက်ကြိုးပမ်းသွားရေးဆိုင်ရာများ၊ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဧည့်သည်တော် တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့၏ ရှေ့မှောက်တွင် နှစ်နိုင်ငံအကြား သဘောတူညီမှု စာချုပ်(၃)ခုကို လက်မှတ်ရေးထိုးကြရာ**(အပေါ်ပုံ)** "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား ချုပ်ဆိုသော စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ ယွမ်ငွေ သန်း ၅၀ အကူအညီပေးရေး စာချုပ်"နှင့် "မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရာ၌ လိုအပ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများနှင့် ယွမ်ငွေ ၁၀ သန်း လှူဒါန်းမည့် စာချုပ်" များအား ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ယန်ဟို့လန်တို့က လည်းကောင်း၊ "တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံ၌ ဆက်လက်ကျင်းပမည့် မသန်စွမ်းအားကစားပြိုင်ပွဲ အားကစားပွဲဆိုင်ရာ လိုအပ်သည့်အသုံးအဆောင်များ ဆက်လက်သုံးစွဲခွင့်ပြုခြင်း စာချွန်လွှာ" စာချုပ်အား ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တရုတ်သံအမတ်ကြီး မစ္စတာ ယန်ဟို့လန်တို့ကလည်းကောင်း လက်မှတ်ရေးထိုးကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

✻ ဒုတိယသမ္မတမှ

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကွင်းသွင်းခြင်းလုံးပြိုင်ပွဲ အမျိုးသားပွဲစဉ်တွင် ဆုရရှိကြသော ပထမထိုင်းနိုင်ငံအသင်း၊ ဒုတိယ မြန်မာနိုင်ငံအသင်း၊ ပူးတွဲတတိယရရှိသော စင်ကာပူနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံအသင်းတို့အား ထိုင်းနိုင်ငံအမျိုးသား အိုလံပစ်ကော်မတီ ဒုတိယအထွေထွေအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က ဆုများချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ကွင်းသွင်းခြင်းလုံးပြိုင်ပွဲ အမျိုးသမီးပွဲစဉ်တွင် ဆုရရှိကြသော ပထမ မြန်မာအသင်း၊ ဒုတိယ လာအိုအသင်း၊ တတိယ ကမ္ဘောဒီးယားအသင်းတို့အား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုဆွတ်ခူးရရှိသော မြန်မာအမျိုးသမီးအသင်းအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက အဖွဲ့ဝင်များဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ဝေဝေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်ခင်သန့်ဇင်တို့က ဆုကြေးငွေများ ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ညနေ ၆ နာရီတွင် ဝဏ္ဏသိဒ္ဓိမြင်းစီးအားကစားကွင်း၌ ကျင်းပလျက်ရှိသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြင်းစီးပြိုင်ပွဲ၏ မြင်းစီးစွမ်းရည်သရုပ်ပြပွဲများနှင့် မြင်းစီးပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ ရွှေဖုံးမှ

ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက၊ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၊ အာဆီယံနိုင်ငံသံရုံးများမှ သံတမန်များ၊ အာဆီယံနိုင်ငံ(၁၁)နိုင်ငံမှ အသင်းအုပ်ချုပ်သူများနှင့် အားကစားသမားများ၊ ဌာနဆိုင်ရာများ၊ မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အလံ လွှင့်တင်ခြင်းအခမ်းအနားကို ကျင်းပရာ အာဆီယံနိုင်ငံ(၁၁)နိုင်ငံမှ အားကစားအဖွဲ့များက နိုင်ငံအလိုက် နေရာယူကြရာ ယင်းအချိန်တွင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့တို့က ဖျော်ဖြေကြသည်။

ထို့နောက် အာဆီယံ(၁၁)နိုင်ငံ၏ နိုင်ငံတော်အလံများကို နိုင်ငံအလိုက် နိုင်ငံတော်သီချင်းများနှင့်အတူ အလံတင်အဖွဲ့များက လွှင့်တင်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အာဆီယံနိုင်ငံများမှ အားကစားအဖွဲ့များအား လိုက်လံနှုတ်ဆက်ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မီးရှူးတိုင် စတင်ထွန်းညှိခြင်း အခမ်းအနားကို သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏလမ်းဆုံရှိ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းရုံးရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (ရန်ကုန်မြို့တော်ဝန်)ဦးလှမြင့်က မီးရှူးတိုင်ကို ထွန်းညှိ၍ ရွှေတံဆိပ်လေးဆုရှင် ကာယဗလလက်ရွေးစင်နည်းပြ မြန်မာ့လက်ရွေးစင်ကာယဗလ အားကစားသမားဟောင်း ဦးအောင်နိုင်က မီးရှူးတိုင်ကို အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁)သုဝဏ္ဏသို့ သယ်ဆောင်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဦးအောင်နိုင်ထံမှ မီးရှူးတိုင်ကိုလက်ခံရယူပြီး တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံလျက် ပြိုင်ပွဲရုံလှေကားထိပ်ရှိ မီးကူးဒယ်၌ ထွန်းညှိပေးသည်။

ယင်းနောက် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏခန်းမ၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြိုင်ပွဲဝင်အားကစားသမားများအား ကြိုဆိုနှုတ်ဆက်ခြင်းအခမ်းအနား ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကော်မတီ (ရန်ကုန်ဇုန်)ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မြန်မာနိုင်ငံ၌ (၄၄)နှစ်ကြာမှ ပြန်လည်ကျင်းပခွင့် ရရှိခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်နိုင်ငံများအနေဖြင့် ပြိုင်ပွဲအစမှ ပြိုင်ပွဲပြီးဆုံးသည်အထိ စိတ်ချမ်းမြေ့စွာဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် နိုင်ငံ့ဂုဏ်သိက္ခာနှင့်အညီ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ထားရှိပါကြောင်းနှင့် မိတ်ဆွေများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူတို့က အာဆီယံနိုင်ငံများမှ အသင်းအုပ်ချုပ်သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မလေးရှားက ဘရူနိုင်းကိုနိုင်၊ ဗီယက်နမ်က စင်ကာပူကိုရှုံး

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားအုပ်စုပွဲစဉ်များကို ရန်ကုန်နှင့် နေပြည်တော်တွင် ကျင်းပလျက်ရှိရာ အုပ်စု(က)ပွဲစဉ်အဖြစ် နေပြည်တော် ဇေယျာသီရိအားကစားကွင်း ဘောလုံးပြိုင်ပွဲရုံ၌ ယနေ့ ညနေ ၄ နာရီက ဘရူနိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပထမပိုင်း ၄၅ မိနစ်တွင် မလေးရှားအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ၄၅ မိနစ်တွင် ဘရူနိုင်းအသင်းက ပြန်လည်ချေပနိုင်ခြင်းမရှိဘဲ မလေးရှားအသင်းက တစ်ဂိုးထပ်မံသွင်းကာ နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။ ဒုတိယပွဲစဉ် စင်ကာပူအသင်းက ဗီယက်နမ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ **(သတင်းနှင့်ဓာတ်ပုံ-Alez)**

မလေးရှားအမျိုးသားဘောလုံးအသင်းမှ ထောင့်ကန်ဘောလုံးကန်တင်မှုကို ဘရူနိုင်းအမျိုးသားဘောလုံးအသင်းမှ နောက်ခံလူတစ်ဦး ဖျက်ထုတ်ကာကွယ်စဉ်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်း မြင်းစီးအားကစားပြိုင်ပွဲဖွင့်

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် ဆီးဂိမ်းမြင်းစီးအားကစားပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၁၀ ရက် ညနေ ၄ နာရီတွင် ဝဏ္ဏသိဒ္ဓိမြင်းစီးအားကစားကွင်း၌ ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး နိုင်ငံတကာမြင်းစီးအားကစားအဖွဲ့ချုပ် (FEI) ကိုယ်စား Dressage Technical Delegate Mrs. Susan Hoevanaars က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာ့ရိုးရာမြင်းစီးအားကစားနည်းများဖြစ်သည့် မြင်းရေး(၁၇)ပါးသရုပ်ပြ၊ ဓားခုတ်သရုပ်ပြ၊ စက်ထိုးသရုပ်ပြ၊ မြန်မာ့ရိုးရာရှင်လောင်းလှည့်သရုပ်ပြများဖြင့် သရုပ်ပြဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ **(သန်းနိုင်-ဇမ္ဗူသီရိ)**

မြန်မာ – ဗီယက်နမ် နှစ်နိုင်ငံချစ်ကြည်ရေးတိုးမြှင့်မှုဆိုင်ရာများ ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၀

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး H.E Mr. Hoang Tuan Anh ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ ဦးအောင်ထွန်း၊ ဒေါက်တာမြင့်ကြည်၊ ဒေါက်တာအေးမောင်၊ ဒေါက်တာခင်ရွှေ၊ ဦးအောင်ငြိမ်း၊ ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ ဦးနု၊ ဦးခင်မောင်ငွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ ချစ်ကြည်ရေးတိုးမြှင့်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဗီယက်နမ်ဝန်ကြီးနှင့်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

နပန်းအားကစားပြိုင်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နပန်းအားကစားပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့တွင် ပွဲစဉ်(၁၀)ကျင်းပရာ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ အားကစားသမားများသည် Men's Greco-(၇၄)ကီလို၊ (၈၄)ကီလို၊ (၉၆)ကီလို၊ Women's Free Style- (၅၅)ကီလို၊ (၅၉)ကီလို၊ (၆၃)ကီလိုတန်းပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

နောက်ဆုံးဗိုလ်လုပွဲများယှဉ်ပြိုင်အပြီးတွင် Men's Greco-(၇၄)ကီလိုတန်းပြိုင်ပွဲ၌ အင်ဒိုနီးရှားက ရွှေ၊ ထိုင်းက ငွေနှင့် ဗီယက်နမ်က ကြေးရရှိသည်။

Men's Greco (၈၄)ကီလိုတန်းပြိုင်ပွဲတွင် ကမ္ဘောဒီးယားကရွှေ၊ ဖိလစ်ပိုင်က ငွေ၊ ထိုင်းကကြေး ရရှိသည်။

Women's Free Style (၅၅)ကီလိုတန်းပြိုင်ပွဲတွင် ဗီယက်နမ်က ရွှေ၊ ထိုင်းက ငွေနှင့် မြန်မာနိုင်ငံမှ အေးအေးအောင်က ကြေးရရှိသည်။

Women's Free Style (၅၉)ကီလိုတန်းပြိုင်ပွဲတွင် ဗီယက်နမ်က ရွှေ၊ ထိုင်းကငွေနှင့် အင်ဒိုနီးရှားက ကြေးတံဆိပ်ရရှိသည်။

Men's Greco (၉၆)ကီလိုတန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဇော်မိုးအောင်က ရွှေတံဆိပ်ရရှိပြီး လာအိုက ငွေတံဆိပ်နှင့် ကမ္ဘောဒီးယားက ကြေးတံဆိပ်ရရှိသည်။

Women's Free Style (၆၃)ကီလိုတန်းပြိုင်ပွဲတွင် ကမ္ဘောဒီးယားက ရွှေ၊ လာအိုက ငွေ၊ မြန်မာနိုင်ငံမှ ဝေလွင်အောင်က ကြေးတံဆိပ်တို့ ရရှိကြသည်။

ပြိုင်ပွဲဝင်ဆုရရှိသူများအား အာရှနပန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နပန်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်လင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(သတင်းစဉ်)

Facebook ပုံတုပွားခြင်းအတွက် အသိပေးချက်

ကြေးမုံသတင်းစာ၏ facebook ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် www.facebook.com/themirrordaily ဟူ၍ စတင်တည်ထောင် ဖွင့်လှစ်ခဲ့ပါသည်။ စတင်တည်ထောင်စဉ်က ပင်မသတင်းစာတိုက်၏ အမှတ်တံဆိပ် Logo သတင်းစာခေါင်းစီးနှင့် The Mirror Established in 1957 ၁၉၅၇ ဖြင့်တွင် စတင်တည်ထောင်သည်ဟု ဖော်ပြခဲ့ပါသည်။

ထိုအမှတ်တံဆိပ်ဖြင့်နေ့စဉ်ထုတ် ကြေးမုံသတင်းစာတိုက်သို့ ရောက်ရှိလာသော သတင်းနှင့်ဓာတ်ပုံများကို facebook စာမျက်နှာတွင် နေ့စဉ်တင်လာခဲ့ရာ ဝင်ရောက်ဆွေးနွေးသူ ၁၁၄၀ နှင့် ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ likes လုပ်သူ ၂၁၇၃၁ ဦးရှိခဲ့ပါသည်။ ထို့အပြင် ကြေးမုံသတင်းစာ၏ အမှတ်တံဆိပ် Logo ကို နိုဝင်ဘာလ ၂၈ ရက်နေ့မှစတင်၍ နေပြည်တော်ရှိ ကြေးမုံသတင်းစာတိုက်၏ ဓာတ်ပုံကို နောက်ခံထားကာ ကြေးမုံ The Mirror Daily ESTABLISH 1957 ဖြင့် အသစ်ပြောင်းလဲအသုံးပြုခဲ့ပါသည်။

ထိုသို့ အသုံးပြုလျက်ရှိရာတွင် ကြေးမုံ facebook နှင့် ဆင်တူယိုးမှား facebook အတုကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၄ ရက်နေ့မှစတင်၍ အွန်လိုင်းပေါ်တွင် ၎င်းတို့နှစ်သက်ရာသတင်းများဖြင့် တရားမဝင်တင်ထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကြေးမုံသတင်းစာတိုက်နောက်ခံပါရှိသော ကြေးမုံ facebook မှာ တရားဝင်အစစ်အမှန်မူပိုင် facebook ဖြစ်ပြီး အကောင့်အသစ်ဖြင့် ကြေးမုံသတင်းစာ facebook နှင့် ဆင်တူယိုးမှားပြုလုပ်နေသော facebook မှာ အတုဖြစ်ပါကြောင်းနှင့် စာဖတ်ပရိသတ်များအနေဖြင့် အတုနှင့်အစစ်မှ သတင်းများတင်ပြနေမှုကို ခွဲခြားသိရှိနိုင်ပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

facebook အတုဖြင့် သတင်းတင်နေသူများအနေဖြင့် အမြန်ဆုံးပိတ်သိမ်းဆောင်ရွက်သွားပါရန် အသိပေးအပ်ပါသည်။

❍ ဆိုင်ကလုန်းမုန်တိုင်းမှ

လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့် ဆက်လက်ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများကို ပြည်သူများသိရှိနိုင်ရန် မိုးလေဝသဌာနမှ ညွှန်ကြားရေးမှူး ဦးချစ်ကျော်နှင့် ယခုလို တွေ့ဆုံမေးမြန်းခဲ့ပါသည်-

မေး။ ဆရာခင်ဗျာ၊ လက်ရှိ ဘင်္ဂလားပင်လယ်အော်အတွင်းမှာ ဖြစ်ပေါ်နေတဲ့ ဆိုင်ကလုန်းမုန်တိုင်း'မဒီ'နဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာနိုင်မယ့် အလားအလာတွေကိုရှင်းပြပေးပါ။

ဖြေ။ လက်ရှိဘင်္ဂလားပင်လယ်အော်အတွင်းမှာဖြစ်ပေါ်နေတဲ့ ဆိုင်ကလုန်းမုန်တိုင်း 'မဒီ'ဟာ ဒီဇင်ဘာ ၁၀ ရက် မနက်ပိုင်းတိုင်းထွာချက်များအရတော့ မြောက်ဘက်ကို ရွေ့လျားနေရာကနေ တဖြည်းဖြည်း အနောက်ဘက်ကို ရွေ့လျားနေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွင်းကို ဝင်ရောက်မှုမရှိနိုင်ဘူးဆိုတာကို ပြောနိုင်ပါပြီ။ လွန်ခဲ့တဲ့ ဒီဇင်ဘာ ၃ ရက်က တိုင်းထွာမှုတွေအရ မုန်တိုင်းဦးတည်ရာလမ်းကြောင်းဟာ မြန်မာနိုင်ငံအတွင်းကို ဦးတည်နေပြီး ဒီဇင်ဘာ ၁၁ ရက်မှာ မြန်မာ့ကမ်းရိုးတန်းနဲ့ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တို့ကို ဖြတ်သန်းဝင်ရောက်နိုင်ကြောင်း အဲဒီနေ့က ကျွန်တော်တို့ ဒေသအတွင်းမှာရှိတဲ့ အမျိုးသားမိုးလေဝသဌာနတွေကရော နိုင်ငံတကာမိုးလေဝသဌာနတွေကပါ သတင်းထုတ်ပြန်ခဲ့ပါတယ်။

ဒါပေမယ့် ကျွန်တော်တို့တွေက ဒီထက်ပိုမိုသေချာနိုင်အောင် ကောင်းကင်ဂြိုဟ်တုတွေကိုသာမက ပင်လယ်သမုဒ္ဒရာအတွင်းမှာရှိတဲ့ ဘောယာတွေကနေ တစ်ဆင့်ပေးပို့တဲ့ ပင်လယ်ရေမျက်နှာပြင်အပူချိန်နဲ့ လေအေးစီးကြောင်းတွေကို ဆက်လက်လေ့လာတဲ့အခါမှာ မြန်မာကမ်းရိုးတန်းမှာ ပင်လယ်ပြင်က ပူနွေးနေပေမယ့် လေအေးတွေက မြောက်ဘက်ကနေ တောင်ဘက်ကို အင်နဲ့ အားနဲ့စီးဆင်းနေတဲ့အတွက် မုန်တိုင်းလမ်းကြောင်း ပြောင်းလဲနိုင်တာကို အမေရိကန်နဲ့ ဂျပန်မိုးလေဝသဌာနတွေကနေ စတင်သိရှိခဲ့ပါတယ်။

သို့သော်လည်း ဒီထက်ပိုမိုသေချာစေဖို့ ကျွန်တော်တို့အနေနဲ့ အဝါရောင်အဆင့်သတ်မှတ်ပြီး အများပြည်သူတွေကို ရေဒီယို၊ ရုပ်သံလိုင်းများနဲ့ သတင်းစာတွေကနေပြီး ထုတ်ပြန်အသိပေးစောင့်ကြည့်ခဲ့ပါတယ်။ အဲဒီလိုအချိန်မှာ အိန္ဒိယမိုးလေဝသပညာရှင်တစ်ဦးက မုန်တိုင်းဟာ မြန်မာနိုင်ငံကို ဝင်ရောက်ခြင်းမရှိဘဲ အိန္ဒိယနိုင်ငံနဲ့ သီရိလင်္ကာနိုင်ငံတွေကို ပြန်လည်ဦးလှည့်နိုင်တယ်လို့ သတင်းထုတ်ပြန်ခဲ့ပါတယ်။

ယခုလက်ရှိတိုင်းတာချက်တွေအရတော့ 'မဒီ'မုန်တိုင်းလမ်းကြောင်းဟာ မြောက်ဘက်ကို ဦးတည်နေရာကနေ မြန်မာနိုင်ငံဘက်ကို ယိမ်းပြီး အိန္ဒိယနိုင်ငံဘက်ခြမ်းကို ခေါင်းလှည့်နေပါပြီ ဒီနေ့ မနက် ၇ နာရီ တိုင်းထွာချက်တွေနဲ့ ကောင်းကင်ဂြိုဟ်တုက ပေးပို့တဲ့ပုံတွေအရဆိုရင် မုန်တိုင်းမျက်စိဟာ အိန္ဒိယနိုင်ငံဘက်ကို ရောက်ရှိနေပါတယ်။ မုန်တိုင်းကြောင့်ဖြစ်ပေါ်နေတဲ့ မိုးတိမ်မျှင်တန်းကတော့ မြန်မာနိုင်ငံအလယ်ပိုင်းကိုဖြတ်ပြီး ယူနန်နယ်ထဲအထိ ရောက်နေပါတယ်။

မြန်မာနိုင်ငံပေါ်၌ မိုးတိမ်တောင်များမှအပ မုန်တိုင်းအခြေအနေမရှိသည်ကို တွေ့ရစဉ်။

တကယ်လို့သာ အခုလို မိုးတိမ်မျှင်တန်းအတိုင်း မုန်တိုင်းလမ်းကြောင်းကို ကောက်ချက်ဆွဲရင် မြန်မာနိုင်ငံကိုဝင်မှာဖြစ်ပေမယ့်။ ယနေ့ ရာသီဥတုစက်ဝန်းများရဲ့ ပြောင်းလဲမှုတွေကြောင့် မုန်တိုင်းများရဲ့လမ်းကြောင်းဟာ နှစ်ပေါင်းသုံးဆယ်အတွင်း မကြုံတွေ့ဖူးတဲ့ ရွေ့လျားမှုလမ်းကြောင်းများအတိုင်း ရွေ့လျားသွားတဲ့အတွက် ကျွန်တော်တို့ဌာနမှာဆိုရင် နှစ်ဆယ့်လေးနာရီကို အရာထမ်းတစ်ဦး ပါဝင်တဲ့အဖွဲ့က ရာသီဥတုဖြစ်စဉ်တွေကို စောင့်ကြည့်နေပါတယ်။

အဲဒီ အဖွဲ့အနေနဲ့ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မယ့် အခြေအနေတွေကို စောင့်ကြည့်နေသလို မိမိတို့ ဒေသအတွင်းမှာရှိတဲ့ မိုးလေဝသဌာနတွေနဲ့ နိုင်ငံတကာမိုးလေဝသဌာနတွေနဲ့ သတင်းအချက်အလက်ဖလှယ်ပေးပို့ရယူကာ မိမိတို့နိုင်ငံအတွင်းကို ကျရောက်လာမယ့် သဘာဝဘေးအန္တရာယ်အခြေအနေတွေကို နာရီအားဖြင့် ၄၈ နာရီ၊ ရက်အားဖြင့် နှစ်ရက် ကြိုတင်အသိပေးနိုင်အောင် ဆောင်ရွက်နေပါတယ်။

မေး။ ဒါဆိုရင် မုန်တိုင်းက ကျွန်တော်တို့နိုင်ငံကို မလာနိုင်ဘူးလို့ ပြောနိုင်ပါသလား။

ဖြေ။ မဒီ မုန်တိုင်းရဲ့ ရွေ့လျားမှုလမ်းကြောင်းဟာ နှစ်ပေါင်းသုံးဆယ်အတွင်း ပထမဆုံးတွေ့ရတဲ့ မုန်တိုင်းရွေ့လျားမှုလမ်းကြောင်းဖြစ်ပါတယ်။ ဒါကြောင့် ပထမမုန်တိုင်းငယ်အဖြစ်ရောက်ချိန်မှာတော့ မြန်မာနိုင်ငံကို ရောက်ရှိနိုင်တဲ့အတွက် ကြိုတင်သတိပေးချက်ထုတ်ပြန်ခဲ့ပါတယ်။ အခု လက်ရှိတိုင်းထွာချက်များအရ မဒီမုန်တိုင်းဟာ မြန်မာနိုင်ငံနဲ့ မြန်မာ့ကမ်းရိုးတန်းကနေ မိုင်၆၀၀ ကျော်နေရာကို ရောက်ရှိနေပြီး အိန္ဒိယနိုင်ငံကို ဦးတည်နေပါတယ်။ နောက်နှစ်ဆယ့်လေးနာရီအတွင်းမှာ ဆိုင်ကလုန်းမုန်တိုင်းအဆင့်ကနေ မုန်တိုင်းငယ်အဆင့်ကို ပြောင်းလဲသွားနိုင်ပြီး ဒီဇင်ဘာ ၁၂ ရက်နေ့မှာဆိုရင်တော့ လေဖိအားနည်းရပ်ဝန်းအဆင့်ထိကို ပြောင်းလဲသွားမယ်၊ အိန္ဒိယနိုင်ငံကမ်းရိုးတန်းမှာ ပျက်ပြယ်သွားနိုင်တယ်လို့ ခန့်မှန်းရပါတယ်။

ကျွန်တော်တို့ နိုင်ငံအတွင်းကိုတော့ မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ခြင်းမရှိပါဘူး။

မေး။ အခုဆိုရင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကလည်းကျင်းပနေပါပြီ။ ငွေဆောင်ကမ်းခြေမှာလည်း မကြာမီရက်ပိုင်းမှာ ပင်လယ်ပြင်ရွက်လှေအားကစားပြိုင်ပွဲ ကျင်းပတော့မှာဖြစ်တဲ့အတွက် အခုလိုမုန်တိုင်းများဖြစ်ပေါ်နိုင်ပါသလား။

ဖြေ။ ဒီဇင်ဘာ ၁၁ ရက်ကနေ ၂၀ ရက်အထိ ဆယ်ရက်တာ မိုးလေဝသခန့်မှန်းချက်တွေအရ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်ဟာ ပူနွေးနေတဲ့အတွက် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်ပါတယ်။ ဖြစ်ပေါ်လာမယ့် လေဖိအားနည်းရပ်ဝန်းကလည်း ကပ္ပလီပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်အော်မှာ အခုလိုမျိုး ထပ်မံဖြစ်ပေါ်လာနိုင်ပြီး ငွေဆောင်ကမ်းခြေဘက်ကိုတော့ မရောက်ရှိနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လေစီးကြောင်းများတိုင်းထွာချက်အရ ငွေဆောင်ကမ်းခြေဘက်မှာ လေအေးစီးကြောင်းအားကောင်းတဲ့အတွက်ကြောင့်ပါ။ သို့သော်လည်း ဖြစ်ပေါ်လာမယ့် လေဖိအားနည်းရပ်ဝန်းကြောင့် ဒီဇင်ဘာ ၁၄ ရက်ကနေ ၁၆ရက်အတွင်း လေပြင်းတိုက်ခတ်မှုတော့ရှိနိုင်ပါတယ်။ ကျွန်တော်တို့ဌာနကလည်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးသွားမှာပါ။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရာ ဒေသများအတွက် မိုးလေဝသဆိုင်ရာကြိုတင်ခန့်မှန်းချက်တွေကို အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝက်ဘ်ဆိုက်ကနေတစ်ဆင့် ထုတ်လွှင့်ပေးနေသလို သက်ဆိုင်ရာဒေသများမှာရှိတဲ့ ပြိုင်ပွဲကျင်းပရေးကော်မတီကိုလည်း အားကစားဝန်ကြီးဌာနကတစ်ဆင့် ပေးပို့နေပါတယ်။ **ကျေးဇူးတင်ပါတယ်ခင်ဗျာ။**

ဘဏ်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှသာ ဘဏ်လုပ်ငန်းကဏ္ဍတိုးတက်မည်

နေပြည်တော် ဒီဇင်ဘာ ၁၀

သမ္မတရုံးဝန်ကြီးဌာန(၃)၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအဖွင့်အမှာစကားပြောကြားရာတွင် နှစ်နှစ်ခွဲကာလအတွင်း ဗဟိုဘဏ်ကို သီးခြားရပ်တည်သည့် အဖွဲ့အစည်းတစ်ခုဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးမူဝါဒ သက်သက်ကိုသာ အာရုံစူးစိုက်၍ ငွေကြေးဖောင်းပွမှု ထိန်းသိမ်းရေး၊ စျေးနှုန်းတည်ငြိမ်ရေးတို့ကို ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ နှစ်နှစ်ခွဲကာလပြန်လည်သုံးသပ်ရာတွင် ဘဏ်ပိုင်းဆိုင်ရာတွင် ရွှေ့လျားမှုနည်းကြောင်း၊ အချို့က ဖြည်းဖြည်းရွှေ့စေလိုပြီး အချို့က မြန်မြန်ရွှေ့စေလိုကြောင်း၊ ထိုအစွန်းတရား နှစ်ရပ်ကြားတွင် ဆုံးရှုံးနိုင်ခြေ နည်းပါးရန် တွက်ချက်ဆောင်ရွက်ခြင်း (risk taking) လုပ်ရန်လိုကြောင်း၊ ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဘဏ်များ အသင်းတို့မှ ကျွမ်းကျင်သူများက လည်း တိုင်းပြည်တိုးတက်ရန် အကြံပြုကြစေလိုကြောင်း၊ မိမိတို့ကလုပ်ငန်းဆောင်ရွက်မှု ဖွံ့ဖြိုးအောင်လုပ်မည်ဖြစ်ကြောင်း၊ တက်ရောက်သူများက ငွေကြေးကဏ္ဍဖွံ့ဖြိုးအောင် ပူးပေါင်းလုပ်ဆောင်ပေးရန်လိုကြောင်း၊ ယခုတွေ့ဆုံမှုမှာ ဘဏ္ဍာရေးနှင့် စီမံစီးပွားဝန်ကြီးဌာနတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ဘဏ်လုပ်ငန်းရှင်များအား အသိပေးရန်ဖြစ်ကြောင်း၊ ငွေစက္ကူ အသေးများ ပြည်သူများ လက်ဝယ်ရောက်ရှိသုံးစွဲနိုင်အောင် ဘဏ်လုပ်ငန်းရှင်များက ကူညီဆောင်ရွက်ပေးကြရန်နှင့် နိုင်ငံတော်ပိုင်းမှ လိုအပ်သည်များ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှသာ ဘဏ်လုပ်ငန်းကဏ္ဍ တိုးတက်မည်ဖြစ်ကြောင်း၊ Mobile banking နှင့် ကတ်သုံးစွဲမှုများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ Private sector reform ကို မဖြစ်မနေ လုပ်ရမည်ဖြစ်ကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကယှဉ်လျှင် အစိုးရက ၁၀ ရာခိုင်နှုန်းခန့်သာရှိပြီး ပုဂ္ဂလိကကဏ္ဍသည် ၉၀ ရာခိုင်နှုန်းရှိ၍ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရန် ငွေရေးကြေးရေးနှင့် နည်းပညာပံ့ပိုးမှုလုပ်ရမည်ဖြစ်ကြောင်း၊ အစိုးရက နိုင်ငံခြားမှ ငွေချေးမည့်အစားပုဂ္ဂလိကဘဏ်များက နိုင်ငံခြားမှ ချေး၍ရအောင် လမ်းကြောင်းဖွင့်ပေးရန်လိုကြောင်း၊ ဗဟိုဘဏ်နှင့်လည်း ဆွေးနွေးမည်ဖြစ်ကြောင်း၊ မိမိတို့နှင့် ဗဟိုဘဏ်ပုံမှန်တွေ့ဆုံ၍ တွေ့ဆုံဆွေးနွေးမှုလုပ်မည်ဖြစ်ပြီး ဘဏ်များမှလည်း အကြံပြုပေးပါရန် ဆွေးနွေးသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က လက်ရှိ ငွေဖောင်းပွမှုနှုန်း၊ စားသုံးသူစျေးနှုန်း (Comsumer Price index)၊ ငွေအကြွေနှင့် ငွေစက္ကူအသေးများ သုံးစွဲနိုင်ရေးနှင့် ပတ်သက်၍ အခြေအနေများကို ဆွေးနွေးသည်။

ထို့နောက် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့နှင့် ပူးပေါင်း၍ ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုများ၊ အခွန်နှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများ၊ ပဲရစ်ကလပ်တွင် ကြွေးဟောင်းများ ရှင်းလင်းမှု အခြေအနေများနှင့် ကြွေးဟောင်းများ ချေနိုင်သည့်အတွက် မြန်မာနိုင်ငံ အနေဖြင့် နိုင်ငံတကာအသိုက်အဝန်းတွင် ပြန်လည်ဝင်ဆန့်လာပြီး ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ အကူအညီများ ပိုပိုရရှိလာမှု အခြေအနေများကို ဆွေးနွေးသည်။

ယင်းနောက် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက ဆွေးနွေးအကြံပြုချက်များ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများအောင်မြင်ရေး ပူးပေါင်းပါဝင်

ရန်ကုန် ဒီဇင်ဘာ ၁၀

နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများအား ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၂၈ ခုနှင့် လူမှုရေးအသင်းအဖွဲ့ ၁၀၂ ဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ သန်းခေါင်စာရင်းအကြောင်း စိတ်ပါဝင်စားသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မြန်မာနိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်း ၃၀ ကြာ ဆောင်ရွက်နိုင်ခြင်းမရှိသည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ ကောက်ယူဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် ဗဟိုကော်မရှင်၊ ဗဟိုကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မတီအဆင့်ဆင့်ဖွဲ့စည်းကာ လုပ်ငန်းစဉ်(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် လက်ရှိနှင့် အနာဂတ်ကာလများအတွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံချက်များရေးဆွဲချမှတ်နိုင်ရန် တိကျမှန်ကန်သော လူဦးရေကိန်းဂဏန်း၊ အချက်အလက်များ ရရှိစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းမေးခွန်းများအပေါ် ပြည်သူများ မှန်မှန်ကန်ကန်ဖြေကြားမှသာ တိကျမှန်ကန်သော အချက်အလက်များရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များကိုပြည်သူများသိရှိနားလည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ ယခု တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက သန်းခေါင်စာရင်းလုပ်ငန်းစဉ်အပေါ် သိရှိနားလည်ပြီး မိမိအဖွဲ့၊ ပတ်ဝန်းကျင်ရှိ ပြည်သူများအား ထပ်ဆင့် ရှင်းလင်းချပြပေးစေလိုပါကြောင်း၊ သို့မှသာ ပြည်သူအားလုံး သိရှိနားလည်သဘောပေါက်၍ ပူးပေါင်းပါဝင်ကြပြီး လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာ သန်းခေါင်စာရင်းကောက်ယူခြင်းဖြစ်ပြီး ဖြေကြားချက်များကိုလည်း သန်းခေါင်စာရင်းဆိုင်ရာကိစ္စရပ်မှတစ်ပါး အခြားမည်သည့်ကိစ္စမျှ အသုံးပြုမည်မဟုတ်ကြောင်း၊ ထိုသန်းခေါင်စာရင်းဥပဒေက အကာအကွယ်ပေးထားပါကြောင်း၊ မေးမြန်းမှုများကို မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် မိမိအပါအဝင် အားလုံးအကျိုးရှိမည့်လုပ်ငန်းကို ဆောင်ရွက်လိုက်ခြင်းဖြစ်ကြောင်းကို အသိပေးပြောကြားလိုပါကြောင်း။

မရှင်းလင်းသည့်အချက်များ၊ သိရှိလိုသည်များကို အချိန်မရွေးမေးမြန်းနိုင်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အားလုံးပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည့် အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ခံယူကာ တက်ညီလက်ညီ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မရှင်းလင်းသည့်အချက်များ၊ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

ကချင်ပြည်နယ်အစိုးရအဖွဲ့ မြစ်ကြီးနားမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးနဲ့ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကချင်ပြည်နယ်၊ နောင်မွန်းမြို့ရှိ နောင်မွန်းလေယာဉ်ပြေးလမ်း ပေ(၄၀၀၀×၁၀၀)အား ကျောက်ကတ္တရာခင်းတည်ဆောက်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းနှင့် မြေသားလုပ်ငန်းဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။	တင်ဒါပုံစံရောင်းချမည့်နေရာ	- ကချင်ပြည်နယ်အစိုးရအဖွဲ့၊မြစ်ကြီးနားမြို့
၃။	တင်ဒါပုံစံရောင်းချမည့်နေ့ရက်	- ၉-၁၂-၂၀၁၃ ရက်
၄။	တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက်	- ၈-၁-၂၀၁၄ ရက် ၁၆:၃၀ နာရီ
၅။	တင်ဒါတင်သွင်းရမည့်နေရာ	- ကချင်ပြည်နယ် အစိုးရအဖွဲ့၊မြစ်ကြီးနားမြို့
၆။	အသေးစိတ် အချက်အလက်များအား သိရှိလိုပါက	ကချင်ပြည်နယ် အစိုးရအဖွဲ့၊

ဖုန်း-၀၇၄-၂၂၆၄ နှင့်ပူတာအိုလေဆိပ်၊ ဖုန်း- ၀၉-၈၄၀၀၁၅ ၀ တို့သို့ဆက်သွယ်ခြင်းအတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးအဖွဲ့



အရှေ့တောင်အာရှအားကစားပြိုင်ပွဲအဖွဲ့ ချုပ်ကောင်စီအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၀

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေး South East Asian Fedration Council Meeting ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်သင်္ဂီဟတိုတယ်၌ ကျင်းပရာ အလှည့်ကျဥက္ကဋ္ဌနှင့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။ ယင်းအစည်းအဝေးကို အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဘရူနိုင်းနိုင်ငံ အိုလံပစ်ကော်မတီ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ HRH PRINCE SUFRI BOLKIAHI၊ မလေးရှားနိုင်ငံ အိုလံပစ်ကော်မတီ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ HRH PRINCE TUNKUIMRON နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အိုလံပစ်ကော်မတီဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ လက်ခံကျင်းပနိုင်ရန်အတွက် ထောက်ခံအားပေးခဲ့ကြသော အဖွဲ့ဝင်နိုင်ငံများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် (၄၄) နှစ်ကြာမှ ပြန်လည်ကျင်းပခွင့်ရရှိသည့်အတွက် အဘက်ဘက်မှ ပံ့ပိုးကူညီမှုများနှင့်အတူ ပြိုင်ပွဲကို အကောင်းဆုံးအောင်မြင်စွာ ကျင်းပနိုင်ရေးကို ကြိုတင်ပြင်ဆင်ထားရှိပြီး အဖွဲ့ဝင်နိုင်ငံများမှ အားကစားသမားများ သက်သောင့်သက်သာဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဟု ယုံကြည်ကြောင်း၊ အချို့သော ပြိုင်ပွဲများမှာ ကြိုတင်ကျင်းပနေပြီဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် မိမိတို့၏အစွမ်းအစကို ထုတ်ဖော်ပြသ၍ အစွမ်းကုန်၊ ရေကုန်ရေခန်းယှဉ်ပြိုင်သွားကြမည်ဟု ယုံကြည်ကြောင်း၊ ယခုပြိုင်ပွဲသည် မြန်မာနိုင်ငံ၏ သမိုင်းမှတ်တမ်းကောင်းတစ်ခုကျန်ရစ်မည်ဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခြင်းကြောင့် ဒေသတွင်းနိုင်ငံများနှင့် ကောင်းမွန်သောဆက်ဆံရေးရရှိပြီး ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲလာမည်ဖြစ်ပါကြောင်းနှင့် ယခုကျင်းပသည့်ပြိုင်ပွဲကြီးသည် မြန်မာနိုင်ငံရှိ လူငယ်များ၏ ကောင်းမွန်သောအနာဂတ်ကို ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် စင်ကာပူနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌမှ ၂၀၁၅ ခုနှစ်တွင် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ လက်ခံကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအနေအထားနှင့် ပြိုင်ပွဲကျင်းပရန်အတွက် အားကစားနည်းများအလိုက် အားကစားကွင်း/ရုံများ ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရုပ်သံစနစ်ဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ ၂၀၁၇ ခုနှစ်တွင် မလေးရှားနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင်မှ ပြိုင်ပွဲကို လက်ခံကျင်းပရန်အတွက်လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံမှ အိုလံပစ်ကော်မတီအဖွဲ့ဝင်မှ ပြိုင်ပွဲကို လက်ခံကျင်းပနိုင်ရန်အတွက်လည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲကို လက်ခံကျင်းပနိုင်ရန်အတွက်လည်းကောင်း၊ ၂၀၂၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ အိုလံပစ်ကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲကိုလက်ခံကျင်းပနိုင်ရန်အတွက်လည်းကောင်း အသီးသီးအဆင်သင့်ဖြစ်ကြောင်းကို အတည်ပြုပြောကြားသည်။

ဆက်လက်၍ စင်ကာပူနိုင်ငံမှ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် Flow Ball ပြိုင်ပွဲ ထည့်သွင်းကျင်းပနိုင်ရန်အတွက် လည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ ၎င်းတို့နိုင်ငံအနေဖြင့် ၂၀၂၁ ပြိုင်ပွဲများကို လက်ခံကျင်းပနိုင်ရန်အတွက် အစည်းအဝေးမှတ်တမ်းတင်အတည်ပြုနိုင်ရေးအတွက် လည်းကောင်း၊ ပြိုင်ပွဲများကို ကျင်းပရာတွင် အိမ်ရှင်နိုင်ငံများအနေဖြင့် ဒေသတွင်းရိုးရာအားကစားနည်းများကို ထည့်သွင်းကျင်းပနိုင်ရေးနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ပြီးနောက် တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဧည့်သည်တော်များအားလုံးသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးဘောလုံးအသင်းအနိုင်ရ

မန္တလေး ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (မန္တလေးဇုန်) အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမနေ့(က) အုပ်စု ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးဘောလုံးအသင်းတို့ ယနေ့ညနေ ၄နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအဆင့်မြင့် အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ ပွဲဦးထွက် မြန်မာအမျိုးသမီးဘောလုံးအသင်းက နှစ်ဂိုး - ဂိုးမရှိဖြင့်ခြေစွမ်းပြအနိုင်ရရှိသွားသည်။

အနိုင်ရရှိ

ထို့နောက် ပြိုင်ပွဲစတင်ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးဘောလုံးအသင်းတို့က အပြန်အလှန်တိုက်စစ်ဆင်ယှဉ်ပြိုင်ကစားရင်း မြန်မာအသင်းမှ ခင်မာလာထွန်းက ၂၉ မိနစ်တွင် ပထမ အနိုင်ဂိုးတစ်ဂိုး၊ ဒုတိယပိုင်း ၆၁ မိနစ်တွင် မြန်မာအသင်းမှ သန်းသန်းထွေးက ဒုတိယအနိုင်ဂိုးတို့ကို သွင်းယူကာ ပြိုင်ပွဲအပြီးနှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ **(ဝဲပုံ)**

တင်မောင်(မန္တလေး)

ဆင့်ပွားသင်တန်းများ ဆက်လက်ပြုလုပ်ပေးသွားမည်

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာထွန်းရှင်အား UNDP in Myanmar ရုံးမှ Mr.Larry Taman သည် Chief Technical Advisor Ms.Caitlin Reiger နှင့် National Programme Coordinator ဦးမောင်မောင်ကျော်တို့ လိုက်ပါလျက် ယနေ့နံနက် ၁၁ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမသို့ လာရောက် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် UNDP၊ IDLO တို့ပူးပေါင်း၍ ဖွင့်လှစ်ခဲ့သည့် Chief Innovative Fustice Training သင်တန်းနှင့် ပတ်သက်ပြီး သင်တန်းဖြစ်မြောက်အောင် ပံ့ပိုးပေးခဲ့သည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်းနှင့် Mr.Larry Taman ကလည်း နိုဝင်ဘာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် UNDP၊ IDLO တို့ ပူးပေါင်း၍ဖွင့်လှစ်ခဲ့သည့် Chief Innovative Justice Training ဆင့်ပွားသင်တန်းများ ဆက်လက်ပြုလုပ်ပေးသွားစေလိုပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ယခုကဲ့သို့ Training Programme များကူညီပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအားလုံးနှင့် သက်ဆိုင်သည့် Training Centre ပေါ်ပေါက်လာရန်အတွက် UN မှ လိုအပ်သည်များကို ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ပြောကြားကြောင်း သိရသည်။

(သတင်းစဉ်)

ဈေးဝယ်စင်တာမီးလောင် လူခုနစ်ဦးသေဆုံး

ရန်ကုန် ဒီဇင်ဘာ ၁၀

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (စ)ရပ်ကွက် ဂန္ဓမာလမ်းနှင့်ဝေဇယန္တာလမ်းထောင့်တွင်ရှိသော Whole Sale ဈေးဝယ်စင်တာတွင် ဒီဇင်ဘာ ၁၀ ရက် နံနက် ၁ နာရီ ဝန်းကျင်က မီးလောင်ကျွမ်းမှု ဖြစ်ပွားရာ ခုနစ်ဦးသေဆုံးကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါဈေးဝယ်စင်တာ သုံးလွှာရှိ အကျယ်အဝန်း ပေ ၅၀ × ပေ ၃၀ အုတ်ကြွေပ်မိုး၊ အုတ်ကြွေပ်ကာ၊ ကွန်ကရစ်ခင်း Venus Garden Spa အလှပြင်ခန်းမမှ မီးစတင်လောင်ကျွမ်းမှုကြောင့် အလှပြင်ဆိုင်အလုပ်သမားများဖြစ်ကြသော ကိုအာချိုင်၊ ကိုအဟိုင်း၊ ကိုအခွိုင် စသော အမျိုးသားသုံးဦး၊ မသီသီဝင်း၊ မကြာညိုဖော၊ မစန်းစန်းသွယ်စသော အမျိုးသမီးသုံးဦးနှင့် အမည်စုံစမ်းဆဲတစ်ဦး အပါအဝင် ခုနစ်ဦးသေဆုံးသွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှု သတင်းရရှိသော နံနက် ၁ နာရီ ၁၅ မိနစ်ခန့်မှစ၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူရ၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် မရမ်းကုန်း၊ လှိုင်၊ ဘုရင့်နောင်၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ အင်းစိန်၊ လှိုင်သာယာ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ စည်ပင်မီးသတ်နှင့် ဌာနချုပ်တို့မှ မီးသတ်ယာဉ် စုစုပေါင်း ၂၄ စီး၊ အထောက်အကူပြုယာဉ် ခြောက်စီး၊ အုပ်ချုပ်မှုယာဉ် လေးစီး၊ သန္တေတပ်ဖွဲ့ဝင် ၁၈၅ ဦး၊ အရန်တပ်ဖွဲ့ဝင် ၅၂ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၄၅ ဦးတို့က ဖြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ ၅၃ မိနစ်တွင် မီးပြိမ်းသွားကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုသည် အလုပ်သမားအိပ်ခန်းအတွင်း လျှပ်စစ်မီးပူဖွင့်ထားရာမှ အနီးရှိမွေ့ရာသို့ကူးစက်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် သေဆုံးသူခုနစ်ဦးအပါအဝင် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် ဆိုင်မန်နေဂျာအား မရမ်းကုန်း မြို့မရဲစခန်းက (ပ)၅၁၁/၂၀၁၃၊ ပုဒ်မ၂၈၅၊ ပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

သတင်း-ထက်ခိုင်(စမ်းချောင်း)
ဓာတ်ပုံ-ဇော်ကြီး(ပဇီတ)

နေပြည်တော် ဒီဇင်ဘာ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ လက်ဝှေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လက်ဝှေ့ခန်းမ၌ ကျင်းပသည်။

အဆိုပါပွဲစဉ်များအနက် အမျိုးသား (၄၆-၄၉) ကီလိုတန်းပြိုင်ပွဲတွင် ပွဲစဉ်လေးပွဲယှဉ်ပြိုင်ကစားရာ ပထမပွဲစဉ်အဖြစ် မလေးရှားက တီမောလတ်စ်တေကို လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် ဖိလစ်ပိုင်က ဗီယက်နမ်ကို လည်းကောင်း၊ တတိယပွဲစဉ်တွင် လာအိုက ကမ္ဘောဒီးယားကို လည်းကောင်း၊ စတုတ္ထပွဲစဉ်တွင် အင်ဒိုနီးရှားက မြန်မာကို လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အမျိုးသား(၆၀)ကီလိုတန်းပြိုင်ပွဲအဖြစ် လေးပွဲယှဉ်ပြိုင်ကစားရာ ပထမပွဲစဉ်တွင် ဖိလစ်ပိုင်က လာအိုကို လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် စင်ကာပူက မြန်မာကို လည်းကောင်း၊ တတိယပွဲစဉ်တွင် ဗီယက်နမ်က ကမ္ဘောဒီးယားကို လည်းကောင်း၊ စတုတ္ထပွဲစဉ်တွင် ထိုင်းက မလေးရှားကို လည်းကောင်း အနိုင်ရရှိခဲ့သည်။

(၇၅)ကီလိုတန်းပြိုင်ပွဲကို ယှဉ်ပြိုင်ရာ ယင်းပွဲတွင် ပွဲစဉ်တစ်ပွဲသာပါဝင်ပြီး ဗီယက်နမ်နှင့် မလေးရှားကစားသမားတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ဗီယက်နမ်ကစားသမားက အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ (၈၁)ကီလိုတန်းတွင် ပွဲစဉ်သုံးပွဲယှဉ်ပြိုင်ကစားရာ ပထမပွဲစဉ်တွင် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့ ယှဉ်ပြိုင်ရာ၌ ဗီယက်နမ်ကလည်းကောင်း၊ ဒုတိယပွဲစဉ်တွင် စင်ကာပူနှင့် မလေးရှားတို့ယှဉ်ပြိုင်ထိုးသတ်ရာ မလေးရှားကစားသမားက လည်းကောင်း၊ တတိယပွဲစဉ်အဖြစ် မြန်မာနှင့်ထိုင်းတို့ပွဲစဉ်တွင် ထိုင်းကစားသမားက လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ယနေ့ ယှဉ်ပြိုင်ကစားသည့် လက်ဝှေ့ပွဲစဉ်များမှာ ကွာတားဖိုင်နယ်ပွဲစဉ်များဖြစ်ပြီး ပွဲစဉ် ၁၂ ပွဲကစားခဲ့ကြောင်းသိရသည်။

လက်ဝှေ့ပြိုင်ပွဲ ကွာတားပိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

သတင်း- အောဝမ်းစိုး၊ ဓာတ်ပုံ - ခင်မောင်ဝင်း

အိတ်ဖွင့်တင်ဒါ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်(ရန်ကုန်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှ ရရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၁-၁၂-၂၀၁၃ရက်မှ ၁၈-၁၂-၂၀၁၃ရက်အထိ နေ့စဉ် (၉:၃၀)နာရီမှ (၁۶:၀၀) နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၉-၁၂-၂၀၁၃ ရက် (၁၃:၀၀)နာရီမှ (၁၅:၀၀)နာရီအတွင်း ကြေးမုံသတင်းစာတိုက် အမှတ်-၇၇၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါ ဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကြေးမုံသတင်းစာတိုက်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၈۶၁၀۶၈၅၊ ၀၁-၂၉၂၈၃၀၊ ၀၁-၂၉၁၀၄၅ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကြေးမုံသတင်းစာတိုက်
အမှတ်-၇၇/၅၂-လမ်း၊ ပုဇွန်တောင်မြို့နယ်
ရန်ကုန်တိုင်းဒေသကြီး

ဆီးဂိမ်းကြီးနဲ့ နေပြည်တော်စည်ပင်ဧည့်ရိပ်သာ

သတင်းမှတ်ခု (ဇော်မင်းဆောင်-၁၀၇)

ကျွန်တော်ဟာ ဝန်ကြီးဌာနတစ်ခုမှ ဝန်ထမ်းတစ်ဦးပါ။ ၂၀၀၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံရုံးများ နေပြည်တော်သို့ ပြောင်းရွှေ့လာသဖြင့် ရုံးကိစ္စအဝဝဆောင်ရွက်ရန် နေပြည်တော်သို့ လာရောက်သည့်အခါ တည်းခိုနေထိုင်ရေး အခက်အခဲများ ကြုံတွေ့ဒုက္ခရောက်ခဲ့ရပါသည်။ ပျဉ်းမနားမြို့တွင် တည်းခိုခန်း နည်းပါးပြီး တည်းခိုခန်းခန္ဓနီးထားများ ကြီးမြင့်ခြင်း၊ ရုံးလုပ်ငန်းဆောင်ရွက်မည့် ဝန်ကြီးဌာနများနှင့်လည်း အလှမ်းကွာဝေး၍ ခရီးစရိတ်များ ထပ်မံကုန်ကျခြင်း၊ ဟိုတယ်ဇုန်၏ ဟိုတယ်အခန်းများမှာလည်း ကျွန်တော်တို့ ဝန်ထမ်းများအတွက် မတတ်နိုင်ခြင်းတို့ကြောင့် နီးစပ်ရာ ဘုန်းတော်ကြီးကျောင်းများတွင် ခွင့်တောင်းတည်းခိုပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရပါသည်။

ယခုအကြိမ် ရုံးကိစ္စလာရောက်ဆောင်ရွက်သည့်အခါ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တည်ထောင်ဖွင့်လှစ်ထားသော ဧည့်ရိပ်သာကို တွေ့ရပြီး သွားရောက်တည်းခိုသည့်အခါ သန့်ရှင်းသပ်ရပ်ကျယ်ဝန်းပြီး တည်းခိုခန်းခမ်းလည်း အဖိုးနှုန်းချိုသာသဖြင့် ကျွန်တော်တို့ ဝန်ထမ်းများအဖို့ ရေကန်အသင့် ကြာအသင့်ဆိုသလိုများစွာ အဆင်ပြေတည်းခိုနိုင်ကြောင်း ဘဝတူဝန်ထမ်းများကို အသိပေးလိုက်ရပါတယ်။

နေပြည်တော်စည်ပင်ဧည့်ရိပ်သာမှာ ပျဉ်းမနား-နေပြည်တော်သွားရာ (မိန်းလမ်း)ကားလမ်းမကြီးဘေးတွင် တည်ရှိပြီး ကျယ်ဝန်းသော မြေနေရာတွင် အိပ်ဆောင်များ တသီးတခြားညီညာစွာ လှလှပပဆောက်လုပ်ထားသည်ကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဧည့်ရိပ်သာပတ်ပတ်လည်တွင် တမာပင်များ၊ ပိတောက်ပင်များ၊ ကုက္ကိုပင်များ စသည့် အရိပ်ရ လေကာပင်များ စိုက်ပျိုးထားပြီး ဝင်းအတွင်းမှာ လည်း အလှပန်းပင်များ၊ ဆေးဖက်ဝင်ဂမုန်းပင်များ၊ ရွက်လှပင်များ၊ ရောင်စုံပွင့်ဖူးဝေဆာနေသော ပန်းမျိုးစုံများ စိုက်ပျိုးထားရာ စိတ်ချမ်းမြေ့စွာ တည်းခိုအနားယူ အပန်းဖြေနိုင်ပါတယ်။

မြန်မာနိုင်ငံအရပ်ရပ် မည်သည့်နေရာမှလာလာ နေပြည်တော်-ပျဉ်းမနား မိန်းလမ်းမကြီးဘေးတွင် တည်ရှိသဖြင့် (အခြားသွားလာစရိတ်စကမကုန်ဘဲ) အဝေးပြေးကားပေါ်မှ ဆင်းလိုက်ရုံဖြင့် အလွယ်တကူသွားလာတည်းခိုနိုင်ပါတယ်။ ဧည့်ရိပ်သာအခန်းများမှာလည်း ကျယ်ဝန်းသပ်ရပ်သန့်ရှင်းပြီး အိမ်သာ၊ ရေချိုးခန်းများတွဲရက်ပါရှိသဖြင့် စိတ်ချမ်းမြေ့စွာ သက်သောင့်သက်သာ အနားယူနိုင်ပါတယ်။ ဧည့်ရိပ်သာပတ်ပတ်လည် စိုက်ပျိုးထားသော အရိပ်ရအပင်များ၊ ဧည့်ရိပ်သာဝင်းအတွင်း စိုက်ပျိုးထားသော သစ်ပင်ပန်းမန်များ၊ ရောင်စုံဖူးပွင့်နေသော အလှပင်များနှင့် ဧည့်ရိပ်သာအဆောင်များကြား ညီညာပြန့်ပြူးစွာ ဖောက်လုပ်ထားသော လမ်းများပေါ်တွင် လမ်းလျှောက် အပန်းဖြေအနားယူနိုင်ပါတယ်။

တည်းခိုခန္ဓနီးထားမှာလည်း ရိုးရိုးခန်းတစ်ဦးလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် တစ်ခန်းလျှင် သုံးဦးတည်းခိုနိုင်ပြီး တစ်ခန်းလုံးအတွက် ကျပ် ၆၀၀၀ ပဲကျပါတယ်။ အအေးခန်း တည်းခိုခန်းမှာ တစ်ဦးလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် တစ်ခန်းလျှင် သုံးဦးတည်းခိုနိုင်ပြီး တစ်ခန်းလုံးအတွက် ကျပ် ၁၅၀၀၀ ပဲကျပါတယ်။

ဧည့်ရိပ်သာအခန်းများရဲ့ အဆင့်အတန်းမှာ တပ်မတော် အရာရှိများအတွက် ဆောင်ရွက်ပေးထားတဲ့ ရိပ်သာအခန်းများရဲ့ အဆင့်အတန်းထက် မနိမ့်ကျဘဲ အဝတ်လျှော်(ဒိုဘီ)ဆိုင်များ၊ အခပေးလူမျိုးဘာသာမရွေး စားသုံးနိုင်သော စားသောက်ဆိုင်ခန်းမကြီးများလည်း တွဲလျက်ရှိနေပါတယ်။

ဒါ့အပြင် နေပြည်တော်စည်ပင်ဧည့်ရိပ်သာမှာ အမျိုးသမီးခရီးသွားများအတွက် သီးသန့်စီစဉ်ပေးရုံမက ဘုရားဖူးအဖွဲ့များ၊ လေ့လာရေးအဖွဲ့များအတွက်လည်း တစုတဝေးတည်း သီးခြားတည်းခိုနေနိုင်ရန် စီစဉ်ပေးထားပါတယ်။ မိမိတို့ စီးနင်းလိုက်ပါလာသော ဘတ်စ်ကားကြီးများ လုံခြုံစိတ်ချဘေးကင်းစွာဖြင့်ရပ်နားနိုင်သော ကားပါကင်နေရာများမှာ အသင့်ရှိပါတယ်။

ကိုယ်ပိုင်ယာဉ်ဖြင့်လည်းကောင်း၊ ဆိုင်ကယ်ဖြင့်လည်းကောင်း လာရောက်တည်းခိုရင်လည်း စနစ်တကျဆောက်လုပ်ထားသော ကျယ်ဝန်းတဲ့အဝိုးပါ ကားပါကင်နဲ့ ဆိုင်ကယ်ပါကင်များမှာ စိတ်အေးချမ်းသာစွာ ထားရှိနိုင်ပါတယ်။ နေပြည်တော် စည်ပင်ဧည့်ရိပ်သာအနီးတွင် ဆိုင်ကယ်တက္ကစီဂိတ်များ၊ အနီးအဝေးသွားလာနိုင်သော ယာဉ်ငယ်လိုင်းပေါင်းစုံဂိတ်များ၊ သီးသန့် တက္ကစီဂိတ်များ၊ Elite, JJ ၊ မန္တလာမင်း၊ မန္တလာထွန်း၊ ရွှေမန္တလာ၊ ရွှေစင်စကြ်၊ New မန္တလာထွန်း၊ ရွှေစင်၊ ကြယ်စင်ဟိန်း၊ ရွှေမန်းသူ၊ တောင်ပေါ်သား၊ ရာဇာမင်း၊ ဇာနည်ဘွား စသော အဝေးပြေးယာဉ်လိုင်းဂိတ်များဖြင့် ၂၄ နာရီ သွားလာနိုင်အောင် ဝန်ဆောင်မှုပေးထားရုံမက လာရောက်တည်းခိုသော ဘုရားဖူးကားများ၊ ကိုယ်ပိုင်ယာဉ်များ အလွယ်တကူ ဆီထည့်နိုင်အောင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ဆီဆိုင်ကြီးကလည်း ၂၄ နာရီ အချိန်ပြည့် ဖွင့်လှစ်ထားတာကိုလည်း တွေ့ရပါတယ်။

လာရောက်တည်းခိုသူများအနေနဲ့ အနီးအဝေး အလွယ်တကူ ပြောဆိုခေါ်ယူနိုင်သော အများသုံးဖုန်း(Public Phone)များလည်း တပ်ဆင်ထားပါတယ်။

နေပြည်တော်သို့လာရောက်သော အသင်းအဖွဲ့များ၊ ကုမ္ပဏီများဖြင့် အဖွဲ့အစည်းများအနေဖြင့်လည်း ဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ လုပ်နိုင်ရန် ကျယ်ဝန်းသောခန်းမများလည်းရှိကြောင်း သိရပါတယ်။

မြန်မာနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပေါ်ထွန်းလာခဲ့သော နေပြည်တော်ကြီးတွင် ဥပွါတသန္တိစေတီတော်၊ မြတ်စွာဘုရားဖွားမြင်တော်မူရာ ဗုဒ္ဓဂယာ၊ နေပြည်တော် ရေပူစမ်း၊ နေပြည်တော် ရေပန်းဥယျာဉ်၊ နက္ခတ်တာရာပြခန်း၊ ပြည်တွင်းပြည်ပမှ ရှားပါးတိရစ္ဆာန်များပါဝင်သော နေပြည်တော် တိရစ္ဆာန်ဥယျာဉ် စသည်တို့ကိုလည်း နေပြည်တော် စည်ပင်ဧည့်ရိပ်သာတွင်တည်းခိုခဲ့၍ သွားရောက်လေ့လာနိုင်ပါတယ်။

ယခုအခါ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီးတွင် ပြိုင်ပွဲဝင်နိုင်ငံများမှ အားပေးသူများ၊ ဧည့်သည်များ လာရောက်တည်းခိုနိုင်ရန် ရည်ရွယ်၍ အသစ်ဖွင့်လှစ်ထားသော အဆင့်မြင့်အအေးခန်းပါ ဧည့်ရိပ်သာများလည်း အသင့်ရှိနေပြီဖြစ်ပါတယ်၊ Air Con ပါတစ်ခန်းလျှင် သုံးဦးတည်းခိုနိုင်သော အခန်းရှစ်ခန်းပါ အဆောင် ၅၁ ဆောင်၊ ရိုးရိုးတစ်ခန်းလျှင် သုံးဦးနှုန်းဖြင့် တည်းခိုနိုင်သော အခန်းရှစ်ခန်းပါ ၁၃၁ ဆောင်၊ ရိုးရိုးတစ်ခန်းလျှင် သုံးဦးနှုန်းဖြင့် တည်းခိုနိုင်သော အခန်းခြောက်ခန်းပါ ၂၄ ဆောင်ပါဝင်သော ဧည့်ရိပ်သာများ အရန်သင့်ရှိနေပြီဖြစ်သဖြင့် ပြည်တွင်း ပြည်ပမှ ဧည့်သည်များအား ဝန်ဆောင်မှုအပြည့် ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ သန့်ရှင်းသပ်ရပ်၊ ကျယ်ဝန်းသောဧည့်ရိပ်သာများနှင့် ယဉ်ကျေးသိမ်မွေ့သော ဝန်ထမ်းများရဲ့ ဆွေးထွေးလိုက်လဲ ပျူဋ္ဌာစွာဝန်ဆောင်မှုပေးခြင်းများနှင့်အတူ တစ်ချိန်တည်း၊ တစ်နေရာတည်း၊ တစုတဝေးတည်း၊ အလွယ်တကူ သွားလာစားသောက်နေထိုင်နိုင်သော နေပြည်တော်စည်ပင် ဧည့်ရိပ်သာကြီးကို "ကန္တာရထဲက အိုအေစစ်လေးတစ်ခု" ဟုသာ တင်စားလိုက်ချင်ပါတယ်။ ။

မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၁၀

ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် သန်လျင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်းခန်းမဆောင်၌ ကျင်းပရာ ရေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာ နေထွန်းက အမှာစကားပြောကြားပြီး သန်လျင်ခရိုင်ဆေးရုံကြီးမှ ဒုတိယဆေးရုံအုပ် ဒေါက်တာတင့်ခိုင်က ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ မြို့နယ်ကျန်းမာရေးဌာန၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များက ကျောင်းသား ကျောင်းသူများအား ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေးနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ ယင်းနောက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(သန်းဝင်း-သန်လျင်)

စပိန်လာလီဂါရင်ခုန်သံ - ၁၆

စပိန်လာလီဂါပွဲစဉ် ၁၆ ကို ဒီဇင်ဘာ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ ဆီဗီးလ်နဲ့ ဘီလ်ဘို၊ အက်သလက်တီကိုနဲ့ ဗလန်စီယာတို့ ဆုံတွေ့နေလို့ အကြိတ်အနယ်ရှိမှာပါ။

လီဗန်တေး - အဲလ်ချီ နံနက် ၂း၃၀ (၁၄-၁၂-၁၃)

လီဗန်တေးက နောက်ဆုံးလေးပွဲဆက်ရှုံးပြီး ခြေကျနေတယ်။ အဲလ်ချီကလည်း ခြေမငြိမ်ဘူး။ အထူးသဖြင့် ကွင်းက လီဗန်တေးကွင်းဖြစ်တယ်။ ဒါကြောင့် လီဗန်တေးကို အဲလ်ချီအသာရဖို့ခက်ပြီး လီဗန်တေးနဲ့ပဲ ရပ်တည်ရမယ်။

အိုဆာစူနာ - ရီးယဲလ် ည ၉း၃၀ (၁၄-၁၂-၁၃)

ရီးယဲလ်မှာ ချန်ပီယံလိဂ်ရှိပေမယ့် အဲဒီပွဲက ထင်သလောက် ဖိအားမရှိတော့ဘူး။ ဒါကြောင့် လာလီဂါကိုသာ ပိုမိုအားစိုက်လာဖို့ရှိတယ်။ အိုဆာစူနာက နောက်ဆုံးလေးပွဲမှာ သုံးပွဲရှုံးထားတယ်။ ရီးယဲလ်နဲ့ပဲ ရပ်တည်အားပေးရဖို့ရှိတယ်။

ဗယ်လီကာနို - ဂရန်နာဒါ ည ၁၁း၃၀ (၁၄-၁၂-၁၃)

ဗယ်လီကာနိုက နောက်ဆုံး ငါးပွဲမှာ တစ်ပွဲပဲနိုင်တယ်။ ဂရန်နာဒါက နှစ်ပွဲဆက်ရှုံးပြီး ခြေကျနေတယ်။ အထူးသဖြင့် ဂရန်နာဒါက အဝေးကွင်းဆိုရင် အနည်းငယ် ပိုမိုအားပျော့တတ်လို့ ဗယ်လီကာနိုတို့ အနိမ့်ဆုံးသရေရမှာပါ။

ဘာစီလိုနာ - ဗီလာရီးယဲလ် နံနက် ၁း၃၀ (၁၅-၁၂-၁၃)

လေးပွဲဆက်မရှုံးပေမယ့် အဲဒီလေးပွဲမှာ နှစ်ပွဲသာနိုင်တဲ့ ဗီလာရီးယဲလ်ခြေအကျဘက်ရောက်နေတာမြင်သာတယ်။ ဘာစီလိုနာကအိမ်ကွင်းဖြစ်တယ်။ နောက်ဆုံးပွဲမှာ ရှုံးခဲ့လို့လည်း အမှားခံမှာမဟုတ်တော့ဘူး။ ဘာစီလိုနာနဲ့ပဲ ရပ်တည်မယ်။

မာလာဂါ - ဂိတာဖေး နံနက် ၃း၃၀ (၁၅-၁၂-၁၃)

မာလာဂါက တိုက်စစ်အားပျော့လွန်းတယ်။ သုံးပွဲဆက်လည်း မနိုင်ခဲ့ဘူး။ ဂိတာဖေးကလည်း နောက်ဆုံးလေးပွဲမှာ တစ်ပွဲပဲနိုင်တယ်။ အဝေးကွင်းမှာလည်း ခံစစ်အားပျော့တယ်။ မာလာဂါတို့ သရေတစ်မှတ်ခွဲယူသွားနိုင်မှာပါ။

အယ်မာရီယာ - အက်စ်ပန်ညော ညနေ ၅း၃၀(၁၅-၁၂-၁၃)

အယ်မာရီယာက နှစ်ပွဲဆက်ရှုံးပြီး ရုန်းအားပြန်ကျလာတယ်။ အက်စ်ပန်ညောကခြေမငြိမ်ဘူး။ ဒါ့အပြင် အဝေးကွင်းမှာလည်း ကစားပုံကျဆင်းတတ်တယ်။ ဒါကြောင့် ဒီပွဲမှာလည်း အယ်မာရီယာတို့ သရေလောက်ရမှာပါ။

ဆိုစီဒက် - ဘက်တစ် ည ၁၀း၃၀ (၁၅-၁၂-၁၃)

ချန်ပီယံလိဂ်ကို လက်လွှတ်ခဲ့ရတဲ့ ဆိုစီဒက်ဟာ လာလီဂါကို အားစိုက်လာမှာပါ။ အိမ်ကွင်းမှာလည်း တစ်ပွဲပဲရှုံးသေးတယ်။ နောက်ဆုံးလေးပွဲမှာ သုံးပွဲနိုင်တယ်။ ဘက်တစ်က အမှတ်ပေးဇယားအောက်ဆုံးက အသင်းပါ။

ဆီဗီးလ် - ဘီလ်ဘို နံနက်ဝဃ၃၀(၁၆-၁၂-၁၃)

ဆီဗီးလ်က အိမ်ကွင်းအားကောင်းတယ်။ နောက်ဆုံး သုံးပွဲဆက်လည်း အနိုင်ရခဲ့တယ်။ ဒါပေမယ့် ဘီလ်ဘိုကလည်း သုံးပွဲဆက်အနိုင်ရပြီး ခြေတက်နေတယ်။ အဝေးကွင်းမှာ ဘီလ်ဘိုခြေကျတတ်ပေမယ့် ဆီဗီးလ်ကပ်ပြီးပဲ နိုင်မယ်။

အက်သလက်တီကို - ဗလန်စီယာ နံနက် ၂း၃၀ (၁၆-၁၂-၁၃)

အက်သလက်တီကိုရဲ့ အကောင်းဆုံးခြေစွမ်းကို ဗလန်စီယာမမီပါဘူး။ အိမ်ကွင်းလည်းဖြစ်တယ်။ ချန်ပီယံလိဂ်ရှိပေမယ့် အဲ့ဒီပွဲက အရေးမပါတော့လို့ ဒီပွဲကို အားစိုက်လာမှာပါ။ အက်သလက်တီကိုနဲ့ပဲ ရပ်တည်သွားရဖို့ရှိတယ်။

ဗယ်လာဒိုးလစ် - ဆယ်တာဗီဂို နံနက် ၃း၃၀ (၁၇-၁၂-၁၃)

ဗယ်လာဒိုးလစ်က ငါးပွဲဆက်အနိုင်မရခဲ့ဘူး။ ဒါပေမယ့် ဆယ်တာဗီဂိုကလည်း ခြေသာမန်သာရှိပြီး ခံစစ်ပိုင်းအားပျော့မှုတွေများတယ်။ ဒါကြောင့် အိမ်ကွင်းအားနဲ့ ထိန်းကစားမယ်ဆိုရင် ဗယ်လာဒိုးလစ်သရေလောက်ရမှာပါ။ ။

ရှိုင်းမင်းမင်း

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော် ဒီဇင်ဘာ ၁၀

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ သုခလှိုင်တိုက်၊ အခန်း(၅၂)၊ အမှတ်(၁၂၀)တွင် ပါတီရုံးချုပ်တည်ရှိသော **ချင်းအမျိုးသားပါတီ(Chin National Party)**သည် ၎င်းတို့၏ ပါတီအမည်အား **ချင်းအမျိုးသားတိုးတက်ရေးပါတီ (Chin National Progressive Party)**ဟု အမည်ပြောင်းလဲခွင့်ပြုပါရန် ၃၀-၁၁-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလျှောက်ထားလာပါသည်။ ယင်းသို့တင်ပြလျှောက်ထားလာသည့် **ချင်းအမျိုးသားတိုးတက်ရေးပါတီ(Chin National Progressive Party)** ဟူသည့် အမည်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် **ကချင်ဒီမိုကရက်တစ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြဝတီလမ်း၊ (၅)လွှာ(အေ)၊ အမှတ်(၁၂)တွင် ပါတီရုံးချုပ်တည်ရှိသော **ကချင်ဒီမိုကရက်တစ်ပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၀-၁၂-၂၀၁၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကချင်ဒီမိုကရက်တစ်ပါတီ၏အလံပုံစံ

ကချင်ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၁-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၅း၄၀	"ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေး" တရားတော် (သီတဂူဆရာတော် အရှင်ဥာဏိသရ)
၆း၄၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း- ၃၇)
၈း၅၀	ရွှေယုန်ပြောမယ်
၉း၀၀	**SEA Games Program**
၉း၁၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသော နှလုံးသား" (အပိုင်း- ၂၀)
၁၁း၀၀	ခေတ်သစ်ပျိုမေ
၁၂း၀၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပင်လယ်ပျော်ချစ်သူလေး" (အပိုင်း- ၂၄)
၂း၂၀	World Of Knowledge (Space Crab)
၄း၂၀	Cartoon Series

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်သော သားငယ် ထင်အောင်ကျော်(ခ)ဂူးဂူး(ဒု-နှစ်၊ ဆေး-၂)၏ ၁၁-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော (၁၉)နှစ် ပြည့်မြောက်သည့် မွေးနေ့ရက်မြတ်မှ ဘဝတစ်သက်တာလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီး အမျိုးဘာသာ၊ သာသနာအကျိုး ထမ်းဆောင်နိုင်၍ ဘဝနှင့်ဆန္ဒ တစ်ထပ်တည်းကျကာ အောင်မြင်မှုပန်းတိုင်သို့ အရောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ချစ်သော ဖေဖေနှင့်မေမေ ဦးစောကျော်သူ-ဒေါ်ဇာတဲလ်
ချစ်အစ်မ- ဒေါက်တာယမင်းကျော်သူ
(လက်ထောက်ဆရာဝန်၊ ဖလမ်းမြို့)
ချစ်အစ်ကို- ဒေါက်တာစည်သူအောင်
BDS (YGN)
ချစ်အစ်မငယ်- ဒေါက်တာအေးမြတ်သူ
(အလုပ်သင်ဆရာဝန်)

ထိုင်းနိုင်ငံ မြို့တော် ဗန်ကောက်၌ အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဒီဇင်ဘာ ၁၀ ရက် အထိ ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

ရာထူးမှ နုတ်ထွက်ပေးရန် အတိုက်အခံများ၏ တောင်းဆိုမှု ထိုင်းဝန်ကြီးချုပ် ပယ်ချ

ဗန်ကောက် ဒီဇင်ဘာ ၁၀

ဖေဖော်ဝါရီလတွင် ကျင်းပမည်ဟု ကြေညာထားသော ထိုင်းနိုင်ငံ၏ လွှတ်တော်ရွေးကောက်ပွဲများမတိုင်မီတွင် ၎င်းအား ရာထူးနေရာမှ နုတ်ထွက်ပေးရန် တောင်းဆိုထားသည့် ထိုင်းအစိုးရအတိုက်အခံများ၏ တောင်းဆိုချက်ကို လက်မခံနိုင်ကြောင်း ထိုင်းဝန်ကြီးချုပ် ယင်လတ်ရှင်နာဝါထရာက ပြောကြားခဲ့ကြောင်း ယနေ့ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

တောင်းဆို

ထိုင်းအစိုးရအား ဆန့်ကျင်ဆန္ဒပြသူများက လက်ရှိဝန်ကြီးချုပ် ယင်လတ်ရှင်နာဝါထရာ၏ရာထူးတွင် ထိုင်းပြည်သူများက ရွေးချယ်မည့် ဝန်ကြီးချုပ်တစ်ဦးအား အစားထိုးရွေးချယ်တင်မြှောက်ရန်နှင့် လက်ရှိဝန်ကြီးချုပ်အား နုတ်ထွက်ပေးရန် တောင်းဆိုလျက်ရှိသည်။

လက်ရှိ ထိုင်းနိုင်ငံဝန်ကြီးချုပ်သည် ၂၀၁၁ ခုနှစ် အတွင်းက မဲဆန္ဒပေးမှုဖြင့် ရွေးချယ်တင်မြှောက်ခံခဲ့ရသူ ဖြစ်သော်လည်း ၎င်း၏အစ်ကိုတော်စပ်သူ ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ကြောင့် လွှမ်းမိုးခံခဲ့ရသည်ဟု အတိုက်အခံများက စွပ်စွဲခဲ့ကြသည်။

အကြီးဆုံးအန္တရာယ်

ထိုင်းနိုင်ငံတွင် ၂၀၁၀ခုနှစ်ကတည်းက ဖြစ်ပွားခဲ့သော နိုင်ငံရေးကသောင်းကနင်းဖြစ်မှုများအနက် ယခုဖြစ်ပွားမှုမှာ ဘေးအန္တရာယ်အကြီးဆုံးဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ထိုင်းအစိုးရကို ဆန့်ကျင် ဆန္ဒပြသူများအား ရွေးကောက်ပွဲဆိုင်ရာ နည်းစနစ်များအား အသုံးပြုပြီး အနာဂတ် ထိုင်းနိုင်ငံအား ဦးဆောင်မည့်အစိုးရအဖွဲ့ကို ရွေးချယ်သင့်ကြောင်း လက်ရှိထိုင်းဝန်ကြီးချုပ် ယင်လတ်က တိုက်တွန်း ပြောကြားခဲ့သည်။ **ဘီဘီစီ။**

အမေရိကန် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက် ယီမင်အရှေ့တောင်ပိုင်းတွင် အကြမ်းဖက်သုံးဦးသေ

အေဒင် ဒီဇင်ဘာ ၁၀

ယီမင်နိုင်ငံ အရှေ့တောင်ပိုင်း ဟာဒရာမောင့်ပြည်နယ်တွင် အမေရိကန် မောင်းသူမဲ့လေယာဉ်က အယ်လ်ခိုင်ဒါ အဆက်အန္တယ်များ စီးနင်းလိုက်ပါလာသောကားကို ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ရာ အယ်လ်ခိုင်ဒါအဖွဲ့ဝင်လေးဦးထက်မနည်း သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဟာဒရာမောင့်ပြည်နယ် ကွာတန်တောင်ကြားရှိ လမ်းမကြီးတွင် ဒီဇင်ဘာ ၉ ရက်က အယ်လ်ခိုင်ဒါများ၏ ကားကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ပြင်းထန်စွာပေါက်ကွဲပြီး ကားအတွင်းမှ လိုက်ပါလာသော စစ်သွေးကြွလေးဦးထက်မနည်း မီးလောင်ကျွမ်းခံရ၍ သေဆုံးသွားကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ တိုက်ခိုက်ခံရသောကားပေါ်တွင် အယ်လ်ခိုင်ဒါစစ်သွေးကြွ ခေါင်းဆောင်များအပါအဝင် အကြမ်းဖက်သမားများ စီးနင်းလိုက်ပါလာကြောင်း အခင်းဖြစ်နေရာအနီး နေထိုင်သူဒေသခံများက ဆင်ဟွာသတင်းဌာနသို့ ခိုင်မာစွာ ပြောကြားသည်။

ဆင်ဟွာ။

ဒမတ်စကတ်နှင့် ဟွန်းမြို့ ဆက်သွယ်သည့် မော်တော်ကားလမ်းကို အစိုးရတပ်ဖွဲ့များ ထိန်းချုပ်

ဒမတ်စကတ် ဒီဇင်ဘာ ၁၀

ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်နှင့် ဟွန်းမြို့အကြား ဆက်သွယ်ထားသည့် မော်တော်ယာဉ်လမ်းကြောင်းကို ဆီးရီးယားအစိုးရတပ်ဖွဲ့များက ထိန်းချုပ်ထားလိုက်ပြီဖြစ်ကြောင်း လတ်တလောထွက်ပေါ်လာသည့် သတင်းများအရ သိရသည်။

လက်ဘနွန်နိုင်ငံနှင့် နီးကပ်စွာ ထိစပ်နေသည့် နယ်နိမိတ်တစ်လျှောက်တွင် တည်ရှိနေသော အဆိုပါကားလမ်းမမှာ ဆီးရီးယားအစိုးရတပ်ဖွဲ့များနှင့် သူပုန်တပ်ဖွဲ့များအကြား ပြင်းထန်စွာဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ရက်သတ္တပတ်များစွာ ပိတ်ထားခဲ့ရသည်။

သိမ်းပိုက်နိုင်

ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်နှင့် ကီလိုမီတာ ၈၀(မိုင် ၅၀) အကွာရှိ နာဘက်မြို့၏အစိတ်အပိုင်းအများစုကို သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း ဆီးရီးယားကြည်းတပ်က ပြောကြားခဲ့သည်။

ဆီးရီးယား အစိုးရတပ်ဖွဲ့များက လွန်ခဲ့သည့် ရက်သတ္တပတ်ကျော် အတွင်းက စီးနင်းတိုက်ခိုက်မှုများပြုခဲ့ရာတွင် ယင်းမြို့နေမိသားစုများ အပေါ် အကြမ်းဖက်ကျူးလွန်းမှုများ ပြုခဲ့ကြောင်း ဆီးရီးယားအစိုးရ ဆန့်ကျင်ရေးလှုပ်ရှားသူများက စွပ်စွဲပြောကြားခဲ့သည်။

လန်ဒန်အခြေစိုက် ဆီးရီးယားနိုင်ငံအရေး လူ့အခွင့်အရေးဆိုင်ရာ လေ့လာစောင့်ကြည့်သည့် အဖွဲ့၏ အဆိုအရ ဆီးရီးယားနိုင်ငံ၏ စက်မှုဇုန်များအတွင်း ကလေးငယ်ငါးဦးမှာ အစိုးရတပ်ဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည်ဟု ဆိုသည်။

ဆီးရီးယား အစိုးရတပ်ဖွဲ့များသည် ဒီဇင်ဘာ ၉ ရက်တွင် အဆိုပါမြို့နှစ်မြို့ကြားရှိ အဝေးပြေးလမ်းမကို ထိန်းချုပ်နိုင်သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ယခုထက်တိုင် လုံခြုံစိတ်ချမှုမရှိသေးဟု ယင်းအဖွဲ့က သတင်းထုတ်ပြန်သည်။ **ဘီဘီစီ။**



ဒမတ်စကတ်နှင့်ဟွန်းမြို့ အကြား ဆက်သွယ်ရေး လမ်းကြောင်းကို ဆီးရီးယား အစိုးရတပ်ဖွဲ့များ ထိန်းချုပ်ထားစဉ်။





ပျောက်ဆုံးခြင်း

ကျွန်တော် မောင်မောင်အေး(၁၂/မဂတ (နိုင်)၀၂၅၆၄)၏ နိုင်ငံကူးလက်မှတ် No.A 363489 သည် ခရီးသွားရင်း လမ်းတွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ဖုန်းအမှတ် ၀၉- ၅၁၂၆၆၅ သို့ ဆက်သွယ်ပေးကြပါရန်။

ပြည်ကျင်းရေးရာ

ပုခက်လွဲသော ပန်းပျိုးလက်များ

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)နှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းအကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိသော "ဒီနှစ်အတွက် ခုနစ်ချက်လုပ်ငန်းစီမံချက်"။ ပုခက်လွဲလက် ပိုင်ရှင်များ၏ မွန်မြတ်စေတနာ ပန်းပျိုးသည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ လုပ်ငန်းရည်ရွယ်ချက်မှာ ကလေးသူငယ်ကျန်းမာသန်စွမ်းရေးအတွက် မိသားစုတိုင်း လိုက်နာကျင့်သုံးသင့်သည့်အချက်များကို ကျင့်သုံးလိုက်နာတတ်စေရန် တစ်နည်းအားဖြင့် ပွင့်သောပန်းတိုင်းလန်းဆန်းစေမည့် လုပ်ငန်းအစီအစဉ်။ ကျန်းမာရေးနှင့်ဆက်နွယ်သည့် ဒေသဖွံ့ဖြိုးရေးတွင် အထူးသဖြင့် ကျေးလက်ဒေသ၏လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် ကြီးမားစွာ အထောက်အကူဖြစ်စေမည့်လုပ်ငန်းစဉ်ကြီး တစ်ရပ်လည်းဖြစ်ပါသည်။

စီမံချက်မြို့နယ်များဖြစ်သည့် စစ်တွေနှင့်မြောက်ဦးမြို့တို့တွင် ကျင်းပသော လုပ်ငန်းပိုင်းဆိုင်ရာ အသိပေးရှင်းလင်းခြင်းအခမ်းအနားများသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်ကိုယ်တိုင် တက်ရောက်ချီးမြှင့်အားပေးခဲ့သည်။

စီမံချက်တွင် ဦးစွာ မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာပေါင်း ၅၀ကို ရွေးချယ်ကာ ဒေသခံ ခုနစ်ယောက်ပါဝင်သောအုပ်စုအဖွဲ့ ၁၀၀ က အိမ်ထောင်စု ၅၀၀၀ ထံသို့ သွားရောက်စည်းရုံးပညာပေးခြင်း၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းစတင်မည်ဖြစ်သည်။

ဒီနှစ်အတွက် ခုနစ်ချက် (7 Things This Year Inititative Project) ဟူသည်မှာ-

(၁) မွေးကင်းစမှ (၆)လအထိ ကလေးငယ်အား မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းနှင့် အသက်(၆)လပြည့်လျှင် ဖြည့်စွက်အစာကျွေးခြင်း။
(၂) ကိုယ်ဝန်ဆောင်စဉ်နှင့် နို့တိုက်မိခင်များ အာဟာရပြည့်ဝအောင် အစာစားခြင်း။
(၃) သတ်မှတ်ချိန်အတိုင်း ကလေးငယ်များအား ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံတိုက်ကျွေးခြင်း။
(၄) ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်ခြင်း။
(၅) လက်ဆေးကြောခြင်း။
(၆) ကလေးဖျားနာပါက ကျွေးနေကျအစာ ချက်ကျွေးခြင်း၊ အရည်ပိုတိုက်ခြင်း။
(၇) ကလေးများကို အိမ်တွင်ပြုစုစောင့်ရှောက်ခြင်း၊ အန္တရာယ်လက္ခဏာများ စောင့်ကြည့်၍ တွေ့ရှိက ကျန်းမာရေးဝန်ထမ်းနှင့်ပြသခြင်း စသည့် အချက်များဖြစ်ပါသည်။

ယခုဤစီမံချက်နယ်မြေသည် သဘာဝအားဖြင့် မြစ်ချောင်း အင်းအိုင်ပေါများသည်။ သွားရေးလာရေးတွင် ရေလမ်းခရီးကို အဓိကထားသဖြင့် လှေ၊ သင်္ဘောများဖြင့် ခက်ခက်ခဲခဲရှိနေကြသည်။ မလွဲမရှောင်သာသည့် အရေးကြီးကိစ္စရပ်များ အပ ခရီးဝေးလံအသွားအလာမပြုတတ်ကြသည်မှာ ဒေသခံများ၏ပင်ကိုယ်စိတ်ရင်း၊ မိမိနေရင်းဒေသအဝန်းအပိုင်းမှာ ရိုးရိုးကုတ်ကုတ် လုပ်ကိုင်စားသောက်ရင်း အရိုးထုတ်သွားကြသူများ ဒုနဲ့ဒေး၊ အကျိုးဆက်မှာ ဘာသာရေးန္တယ်သော ဒေသအသိမှတစ်ပါး ဒေသန္တရဟုသုတ အသိအမြင် အားနည်းတတ်ကြသည်။ သို့သော် ရွာတိုင်းနေရာတိုင်း ဤအခြေအနေမျိုးကား မဟုတ်ပါ။ မြို့နှင့်အနီးအဝေး၊ ကျေးလက်ဆေးပေးခန်းရှိရာဒေသနှင့် အနီးအဝေးကိုလိုက်၍ ကျန်းမာရေးအသိအမြင် အနိမ့်အမြင့် ကွာခြားမှုရှိပါသည်။

ဤလုပ်ငန်းစီမံချက်များအောင်မြင်ရေးတွင် အမှတ်စဉ်(၃)(၆)(၇)တို့အတွက် ကျွမ်းကျင်ရာဆေးဝန်ထမ်းများ ရွာတိုင်းမှာ တစ်ရွာတစ်ယောက် အဆင်သင့်ရှိနိုင်ပါမှ တော်ကာကျမည်။ သို့မဟုတ်ပါလျှင် စီမံချက်ပေါက်မြောက် အောင်မြင်မှုတွင် နှောင့်နှေးကြန့်ကြာ အခက်တွေ့နိုင်ပါသည်။ ဤဟာကွက်ကို ဖြည့်ဆည်းပေးနိုင်စွမ်းသည့်ပုဂ္ဂိုလ်များ ရွာတိုင်းမှာ ရှိနေတတ်ပါသည်။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ကျန်းမာရေးနှင့်ပက်သက်လျှင် ဒေသတွင် အားကိုးအားထားပြုနေကြရသည့် ဒေသခံဆေးဆရာများ၊ ရမ်းကုဆရာများဟု သိထားကြသူများ ဖြစ်သည်။ သူတို့သည် တိုင်းရင်းဆေးကိုလည်း ပိုင်ကြသည်။ ဆေးထိုးအပ်ကိုလည်း ကိုင်ကြသည်။ စေတနာကို အရင်းခံလျက် လုပ်ရင်းသင် သင်ရင်းလုပ်လုပ်ငန်းကျွမ်းကျင်နေကြသူများ၊ တရားဝင်ဆေးလက်မှတ်မရှိကြလည်း ဒေသအတွက်ကား အထွေထွေကုဆရာဝန်ကြီးများသဖွယ် အားကိုးလောက်သူများ ဖြစ်နေကြသည်။ သူတို့တွေကို မူဘောင်တစ်ခုအတွင်းမှာ "စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများ"အဖြစ် အသိအမှတ်ပြုပါဝင်ဆောင်ရွက်ခွင့်ပြုပါလျှင် ဤလုပ်ငန်းစဉ်၏အဓိကလိုအပ်ချက်ကို လိုလေသေးမရှိဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက်လည်း ရေရှည်တွင် အကျိုးဖြစ်ထွန်းစေနိုင်ပါသည်။ ခုနစ်ယောက်အုပ်စုဝင်အဖြစ် ပါဝင်ခွင့်ပေးလိုက်ခြင်းဖြင့် လုပ်ငန်းအောင်မြင်ရေးတွင် ကြီးမားစွာအထောက်အကူဖြစ်စေမည် အမှန်ဖြစ်ပါသည်။

သို့သော်ဤစီမံချက်တွင် ယူနီဆက်၏ပံ့ပိုးမှုသည် ထာဝရမဟုတ်နိုင်ပါ။ အခြေအနေတစ်ရပ်မှာ ရပ်တန့်သွားမည်မှာ အမှန်ပင်ဖြစ်ပါသည်။ စက်ဘီးမစီးတတ်သူကို စီးတတ်အောင်သင်ပေးခြင်း ဥပမာကဲ့သို့ စီးတက်သွားပြီဆိုပါက ကိုယ့်ခွန်ကိုယ့်အားနှင့် ကိုယ့်အားကိုယ့်ကိုးကာ ကိုယ့်ခရီး ကိုယ့်နှင်နိုင်ကြပါလိမ့်မည်။

အလျှုရှင်ရှိနေစဉ် လုပ်ငန်းအဆင်ပြေချောမွေ့နေပြီး အထောက်အပံ့ရပ်တန့်သွားသည်နှင့် "ပွဲပြီးမီးသေ"ဖြစ်သွားလျှင်--- ဂုဏ်သိက္ခာနှင့် သက်ဆိုင်သည့် သတိထားရမည့် အချက်တစ်ရပ်ဖြစ်ပါသည်။ ရရှိပြီးနည်းပညာနှင့် ရုပ်ပိုင်းဆိုင်ရာပံ့ပိုးမှုများကို အခြေပြုလျက် ဒီနှစ်အတွက် ခုနစ်ချက်(7 Things This Year Inititative Project)မှသည် နှစ်တိုင်းအတွက် ခုနစ်ချက်(7 Things Every Year Inititative Project)ဖြစ်အောင် စွမ်းဆောင်နိုင်ကြရပါမည်။ သို့မှသာ ကလေးနှင့်မိခင်များ၏ လုံခြုံကောင်းမွန်သော အနာဂတ်၊ အခြားတစ်ဖက်တွင် ဒေသ၏ဂုဏ်သိက္ခာ မျက်နှာစာနှစ်ရပ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် အကျိုးဖြစ်ထွန်းစေနိုင်ပါလိမ့်မည်။

၁၉၉၀ ပြည့်နှစ် ကမ္ဘာတစ်ဝန်းတွင် အသက် ငါးနှစ်အောက်ကလေး

ထားဝယ်တွင် အဘိဓမ္မာသင်တန်းဆင်းပွဲကျင်းပ

ထားဝယ် ဒီဇင်ဘာ ၁၀

ထားဝယ်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကကြီးမျူးဖွင့်လှစ်သော (၂၇) ကြိမ်မြောက် အဘိဓမ္မာသင်တန်းဆင်းပွဲနှင့် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၇ရက် ည ၇နာရီတွင် ထားဝယ်မြို့မြို့တွင်းရပ် အဘိဓမ္မာနှစ်ပြန့်ပွားရေးအသင်း သင်တန်းခန်းမတွင် ပြုလုပ်သည်။ ရှေးဦးစွာ သင်တန်းဆင်းပွဲသို့ တက်ရောက်လာကြသူများက နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကြပြီး အခမ်းအနားမျူးက သင်တန်းဆင်းပွဲနှင့် အာစရိယပူဇော်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သင်တန်းသားများမှ အပူဇော်ခံ ဆရာကြီးများနှင့် နည်းပြဆရာ၊ ဆရာမများအား ကန်တော့ပစ္စည်းများနှင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် အပူဇော်ခံဆရာကြီးများ ဖြစ်ကြသော ဦးထွန်းသိန်း၊ ဦးသောင်းညွှန့်နှင့်ဦးခင်ဝင်းတို့က သြဝါဒစကား ချီးမြှင့်ပြောကြားပြီး ဗုဒ္ဓသာသနာ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ အဘိဓမ္မာသင်တန်းကို ၆နှစ် ၃၀ ရက်မှ ဒီဇင်ဘာ ၇ရက်အထိ ၅လ ကျော် ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား ၅၆ဦးတက် ရောက်ခဲ့ကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

သေဆုံးမှု ၁၂ သန်းအထိ ရှိခဲ့သည်။ ၂၀၁၂ အရောက်တွင် ၆ ဒသမ ၆ သန်းထိ လျှော့ချနိုင်ခဲ့သော်လည်း ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်ပြည့်မီဖို့ ၂၀၁၅ ခုနှစ်တွင် သေနှုန်းကို လေးသန်းအောက်သို့ လျှော့ချနိုင်ရမည်ဖြစ်ရာ ခဲယဉ်းသောကိစ္စတစ်ရပ်ဖြစ်နေရသည်။

ငါးနှစ်အောက်ကလေးသေဆုံးရမှုတွင် ဌက်ဖျား၊ အဆုတ်ရောင်နှင့် ဝမ်းရောဂါများအပြင် နေ့လမစေ့မီ မွေးဖွားရခြင်းလည်းပါဝင်ရာ လက်ရှိမိမိတို့ နိုင်ငံတွင် အကောင်အထည်ဖော်နေသည့် "ဒီနှစ်အတွက် ခုနစ်ချက်စီမံချက်"ဖြင့် အတိုင်းအတာအထိ ကုစားပေးနိုင်ပါလိမ့်မည်။ ဤစီမံချက်သာ တစ်နိုင်ငံလုံးသို့ လွှမ်းခြုံလာနိုင်ပါက ငါးနှစ်အောက်ကလေး သေဆုံးမှုကို ထိန်းထားနိုင်ပါလိမ့်မည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တစ်နည်း ပုခက်လွဲသော ပန်းပျိုး လက်ပိုင်ရှင်များက စွမ်းဆောင်မှုပေးသွားနိုင်မည် အမှန်ဖြစ်ပါကြောင်း။

အောင်ကျော်ညို(ဆင်ချဆိပ်)

အစိုးရ/စီးပွားရေးကြော်ငြာ

မိတ္ထီလာစီးပွားရေးတက္ကသိုလ်
(၁၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ၂၀၁၂-၂၀၁၃ပညာသင်နှစ်တွင် ဘွဲ့သင်တန်း အောင်မြင်ပြီးသူများကို ဘွဲ့အပ်နှင်းချီးမြှင့်ရန်အတွက် (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့များ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

အပ်နှင်းမည့်ဘွဲ့များ-

(က) မဟာဝါဏိဇဗေဒဘွဲ့ ၂၀၁၂-၂၀၁၃ပညာသင်နှစ်
(ခ) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)
[မန္တလေးတက္ကသိုလ်(MBA)သင်တန်းအမှတ်စဉ်(၁)အပါအဝင်]
(ဂ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(MPA)
(ဃ) စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ၊ စာရင်းအင်းပညာ) ၂၀၁၂-၂၀၁၃ပညာသင်နှစ်
ဝါဏိဇဗေဒဘွဲ့၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့
(နောက်ဆက်တွဲစာမေးပွဲအောင်မြင်သူများအပါအဝင်)

ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်

ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်မည့်ရက် - ၂၄-၁-၂၀၁၄ (သောကြာနေ့)
ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက် - ၂၅-၁-၂၀၁၄(စနေနေ့)နှင့် ၂၆-၁-၂၀၁၄(တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ - မိတ္ထီလာစီးပွားရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ။
တက်ရောက်ဘွဲ့နှင်းသဘင်ကြေး - ကျပ်-၁၅၀၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး - ကျပ်-၁၀၀၀၀/-(ကျပ်တစ်ထောင်တိတိ)

ဘွဲ့လျှောက်လွှာလက်ခံမည့်ရက် -၂-၁၂-၂၀၁၃ရက်မှ ၁၄-၁-၂၀၁၄ရက်ထိ

မှတ်ချက် ။ ။ ရပ်ဝေးမှလျှောက်ထားလိုသူများသည် စာတိုက်ငွေပို့လွှာဘွဲ့(Postal Money Order) ဖြင့်ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြပြီးပါမောက္ခချုပ် မိတ္ထီလာစီးပွားရေးတက္ကသိုလ်လိပ်မူ၍ လျှောက်လွှာရင်း၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်၊ လ၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်။

အသေးစိတ်အချက်အလက်များကို မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ တယ်လီဖုန်းအမှတ် ၀၆၄-၃၉၂၇၈ တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(အေးဇော်)
မော်ကွန်းထိန်း
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

လုံးချင်းငှားမည်

ပေ (၉၀× ၇၀)၊ ခရေပင်လမ်း၊ ၂ထပ် RC၊
1MBR၊ 5BR၊ 4A/C၊ နှစ်ထပ်ကားဝိုဒေါင်၊ VIP (1)၊ သုဝဏ္ဏ။
ဖုန်း ၀၉-၈၆၃၈၈၅၅၊ ၀၉-၅၀၈၂၃၅၅

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၅/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-120(2013-2014)	4 1/4" & 3 1/2" Square Kelly with Bushing	(3) Items	US$
(၂)	IFB-121(2013-2014)	(5) Ton Air Winch for EMSCO, Oil Well, D3T2SR-1 & 2	(4) Nos	US$
(၃)	IFB-122(2013-2014)	Submersible Pump(440 IGPM, 450 Ft Head, 75 KW(100 HP), 400 V	(1) Lot	US$
(၄)	IFB-123(2013-2014)	Derrick Shaker Unit Flow Line Mud Cleaner FLC-504	(2) Sets	US$
(၅)	IFB-124(2013-2014)	Safety Harness & Flexible Steel Tail Ropes for Drilling Rigs	(3) Items	US$
(၆)	IFB-125(2013-2014)	Insert Pump	(48)Items	US$
(၇)	IFB-126(2013-2014)	Working Barrels, Working Valves, Standing Valves	(9) Items	US$
(၈)	IFB-127(2013-2014)	Tubing and Casing Swab Cups	(4) Items	US$
(၉)	IFB-128(2013-2014)	Magna Dewax & Wild Cat 441(AMC)	(2) Items	US$
(၁၀)	IFB-129(2013-2014)	Stuffing Box	(4) Items	US$
(၁၁)	IFB-130(2013-2014)	Sucker Rod, Pony Rod	(17) Items	US$
(၁၂)	IFB-131(2013-2014)	Plastic Valve Cups and Plastic Seating Cups	(8) Items	US$
(၁၃)	IFB-132(2013-2014)	2", 3" Flow Line Pipes	(2) Items	US$
(၁၄)	IFB-133(2013-2014)	Sucker Rod Elevator	(5) Items	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၆-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

အရေးပေါ်အသက်ကယ်နည်း

သတင်းစာထဲတွင် မကြာခဏပါသောရေနစ်ခြင်း၊ ဓာတ်လိုက်ခြင်း၊ မီးကြိုးပစ်ခြင်း၊ ကားတိုက်မိခြင်း၊ ဆိုင်ကယ်တိုက်မိခြင်းစသဖြင့်ကြောင့်သော်လည်းကောင်း၊ မိမိပတ်ဝန်းကျင်တွင် နှလုံးရောဂါကြောင့်သော်လည်းကောင်း၊ ရုတ်တရက်နှလုံးခုန်ရပ်၊ အသက်ရှူရပ်သွားသောလူနာများကို အောက်ပါအလွန်ရိုးရှင်းလွယ်ကူပြီး သိထားက လူတိုင်းပြုလုပ်နိုင်သော အရေးပေါ် အသက်ကယ်နည်းဖြင့် အသက်တစ်ချောင်းကို ကယ်တင်နိုင်ပါသည်။



နိုင်ငံခြားတွင် လူတိုင်းနီးပါး တတ်ကျွမ်းကြပါသည်။

ပထမ

လူနာသတိရ-မရကြည့်ပါ။ ပခုံးကိုလှုပ်၊ ဘယ်လိုနေလည်းမေးကြည့်ပါ။ မေးမရ၊ အသက်ရှူရပ်၊ သွေးစမ်းမရက ရပ်ကြည့်မနေပါနှင့် အချိန်မရှိပါ။ အကူအညီခေါ်ပါ။

တစ်ဦးထက်ပိုရှိပါက အရေးပေါ်လူနာတင်ယာဉ် ဖုန်း(ရန်ကုန်)၀၉-၄၂၁၀၆၉၉၉၊ ၀၉-၄၂၁၀၆၃၉၉၉ ဆက်ခေါ်ပါ။ မိမိဖုန်းထဲ မှတ်ထားပါ။ ကျန်တစ်ဦးမှ-

ဒုတိယ-အသက်ရှူလမ်းကြောင်းဖွင့်ခြင်း

လူနာကိုမပြီး ညီသောလမ်း၊ မြေပြင်၊ ကြမ်းပေါ် ကျောချွေ့ထားပါ။

လူနာအသက်ရှူ၊ မရှူ လူနာရင်ဘတ်ကိုကြည့်ပါ။ လူနာထွက်သက်ကို မိမိနား၊ ပါးနှင့်စမ်းသပ်ကြည့်ပါ။

လူနာဘေးဒူးထောက်ထိုင်ပြီး လူနာနဖူးပေါ် လက်တစ်ဖက်တင်ပြီး အခြားလက်တစ်ဖက်ကမေးစေ့ကိုကိုင်ပြီး ပုံအတိုင်း လူနာခေါင်းကို မော့လိုက်ပါ။ သတိလစ် လျှာနောက်လှန်ပိတ်နေသော အသက်ရှူလမ်းကြောင်းပွင့်သွားမယ်။

တတိယ-အဆုတ်ထဲလေမှုတ်သွင်းခြင်း

အသက်ဝအောင်ရှူပါ။ လူနာနှာခေါင်းကို လက်တစ်ဖက်နှင့် ဖိပိတ်ပြီး မိမိပါးစပ်ဖြင့် လူနာပါးစပ်ကို ငုံပြီး လေမှုတ်သွင်းပါ။ ထို့နောက် မိမိပါးစပ်ကို လူနာနှာခေါင်းမှ လေပြန်ထွက်ရန် ဖယ်ပေးပါ။ လေထပ်ရှူ၊ နှစ်ကြိမ်မြောက် ထပ်မှုတ်သွင်းပါ။



မိမိမှမလုပ်ရဲ၊ ကောင်းကောင်းမကျွမ်းကျင်။ လူနာပါးစပ်မသန့်ရှင်းက တတိယအဆင့်ကို မလုပ်ဘဲကျော်နိုင်ပါသည်။

စတုတ္ထ-လူနာ့နှလုံးဖိညှစ်ခြင်း

သွေးခုန်၊ မခုန် လက်ကောက်ဝတ်၊ လည်ပင်းသွေးကြော စမ်းကြည့်ပါ။ နှလုံးရပ်က သွေးခုန်တာ စမ်းမရပါ။

ဘာမှမလုပ်တတ်ပါက မလုပ်ရဲပါက လူနာတင်ကားလာသည်အထိ လူနာနှလုံးပြန်ခုန်သည်အထိ ဒီနည်းတစ်ခုတည်း ဆက်တိုက်ကြိုးစားလုပ်ပါ။ လွယ်ကူပါသည်။

မိမိလက်ဖဝါးတစ်ဖက်ကို လူနာရင်ဘတ်အလယ် နို့သီးနှစ်ခုကြားတင်ပြီး တစ်ခြားလက်ဖြင့် ပုံအတိုင်း ဆုပ်ကိုင်လိုက်ပါ။

မိမိတံတောင်ဆစ်များ၊ လက်မောင်းကို တစ်ဖြောင့်တည်း ထားပြီး၊ ပခုံး၊ ကိုယ်အပေါ်ပိုင်းအလေးအားနှင့် လူနာရင်ဘတ်အောက် နှစ်လက်မခန့် နှိမ့်ကျသည်အထိ မြန်မြန်နှင့်မှန်မှန် အားစိုက်ဖိပေးပါ။ နောက်ရုတ်တရက် ကိုယ်ကို ကြွပြီး ပြန်လွှတ်ပါ။ တစ်စက္ကန့်-၂၂ကြိမ်နှုန်းနှင့်ဖိ၊ လွှတ်လိုက်ပါ။ လူနာနှလုံးကိုပြင်ပမှ ဖိညှစ်သွေးလှည့်ပတ်စေပါသည်။ လူနာကျော မာသောမျက်နှာပြင်ညီညီပေါ်ရှိရမယ်။ ခွဲသန်သန်ဆက်တိုက်ဖိ၊ လွှတ်လိုက်ပါ။ အကယ်၍ ကျွမ်းကျင်ပါက နှစ်ကြိမ်လေမှုတ်သွင်းပြီးတိုင်း၊ ရင်ဘတ်အကြိမ် ၃၀၊ ဖိနှိပ် နှစ်ကြိမ် လေမှုတ်သွင်း ရင်ဘတ်အကြိမ် ၃၀ဖိနှိပ် လူနာနှလုံးပြန်ခုန်၊ လူနာတင်ကားလာသည်အထိ ပြုစုပါ။

ဒေါက်တာခင်မောင်အေး(ဇီဝိတ)

စပါးရိတ်စက်များကြောင့် တောင်သူများအဆင်ပြေ

ရေတာရှည် ဒီဇင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးစပါးများရိတ်သိမ်းလျက်ရှိရာ လယ်ယာလုပ်သားရှားပါး၍ လုပ်အားခမြင့်တက်မှုကြောင့် တောင်သူများ အခက်အခဲများစွာ ကြုံတွေ့နေရချိန်တွင် ရန်ကုန်မြို့ရှိ ကုမ္ပဏီများနှင့် ချိတ်ဆက်ကာ စပါးရိတ်သိမ်းစက်များဖြင့် ငှားရမ်းလုပ်ကိုင်လျက်ရှိသည်။

အချိန်အခါမဟုတ် မိုးများ မကြာခဏ ရွာသွန်းခဲ့သဖြင့် စပါးရိတ်သိမ်းသည့် တောင်သူများလုပ်ငန်းကြန့်ကြာမှုများရှိခဲ့သည်။ ဒေသတွင်း လယ်ယာလုပ်သားအများစုမှာ အခြားလုပ်ငန်းများကိုပြောင်းရွှေ့လုပ်ကိုင်ကြသဖြင့် လယ်ယာလုပ်သားရှားပါးမှုနှင့် တောင်သူများကြုံတွေ့ခဲ့ရသည်။ "စပါးတစ်ခါရိတ်ဖို့ရာ ကိုယ့်အလှည့်ရောက်ဖို့ ခုနစ်ရက်လောက် စောင့်ရတယ်။ လယ်ထဲလည်း ရောက်ရောစပါးပင်တွေလည်း ပိပြားနေတာတွေ့တော့ မရိတ်တော့ဘူးဆိုပြီး ပြန်ကုန်တယ်"ဟု အေးသာယာရွာနေ တောင်သူဦးတင်မြိုင်က ပြောကြားသည်။ ယခုနောက်ပိုင်းတွင် ရန်ကုန်မြို့မှ စပါးရိတ်သိမ်းဆွေလှေစက် ခုနစ်လုံးဖြင့် သပြေတန်းကွင်း၊ ဆွာမင်းလမ်းကွင်း၊ ဝါးတောကြီးကွင်း၊ ရွှေကဇော်၊ လေးအိမ်စုကွင်းများတွင် နေ့ရော၊ ညပါရိတ်သိမ်းလျက်ရှိရာ မိုးစပါးရိတ်သိမ်းခြင်းလုပ်ငန်းများ ပြီးစီးလုရှိပြီဖြစ်သည်။ စက်ဖြင့်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် လေးသောင်းကျသင့်သော်လည်း လုပ်သားစရိတ်၊ ဆွေလှေခ၊ သယ်ယူစရိတ်တို့နှင့် စာလျှင် တောင်သူများအတွက် တွက်ခြေကိုက်ပြီး ယခုလာမည့်နွေစပါး၊ မိုးစပါးရိတ်သိမ်းခြင်းလုပ်ငန်းများကို အချိန်တိုအတွင်း လုပ်ငန်းပြီးစီးနိုင်သောစပါးရိတ်သိမ်းစက်များဖြင့်ပင် လုပ်ကိုင်မည်ဖြစ်ကြောင်း တောင်သူများက ပြောကြားသည်။

(၅၃၈)

အစိုးရ/စီးပွားရေးကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 20/21/22/23 HPGE/2013-2014

(က) ဓာတ်အားပေးစက်ရုံသစ်များအတွက်	**(5)Sets**
I.Com TM-800 Mobile Terminal	
Hand Set	**(20)Sets**
(ခ) တီကျစ်အတွက် High Pressure Water Jet Pump	**(1) No**
(ဂ) Single Cab (Ford Brand)	**(5) Nos**
(ဃ) SUVs (Ford Brand)	**(1)No**

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက် စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၆၈ နှင့် ၄၁၁၀၇၆

ရောင်းရန်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
ဂြိုဟ်တုဓာတ်ပုံများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့အတွင်းရှိ မြို့နယ်များအတွက် Satellite Images များကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်-

Resolution	:	0.5 meter resolution
Data Type	:	Geo-rectified Geo-tiff, Archived data(within 6 months)
Bands Combination	:	Pan-sharpen
Cloud/Flood Coverage	:	Less than 5%

၂။ တင်ဒါပုံစံတစ်စောင်လျှင်(၅၀၀၀/-)နှုန်းဖြင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ရုံးအမှတ်(၄၃)တွင် တင်ဒါလျှောက်လွှာများဝယ်ယူနိုင်ပြီး ၇-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။
၃။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် Satellite Image များ၏တည်နေရာ အချက်အလက်များနှင့်စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
ရုံးအမှတ်(၄၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၀၅၊ ၀၆၇-၄၁၀၄၀၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ရုံးသုံးကွန်ပျူတာ၊ ဆက်စပ်သုံးပစ္စည်းများနှင့် မိတ္တူကူးစက်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့် ပစ္စည်းကိရိယာများစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကွန်ပျူတာဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၁၅၈ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	- ၉-၁၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်	- ၈-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန်	- ညနေ ၄ နာရီ

တင်ဒါစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ကျန်းမာရေးဦးစီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
Open Tender ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေသန့်ဆိုင်ရာ အရန်ပစ္စည်းများဝယ်ယူစုဆောင်းထားရှိနိုင်ရန်အတွက် ကုမ္ပဏီများမှ Open Tender တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၁၃-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံရေးရာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်နေ့ရက်/အချိန်	- ၂၆-၁၂-၂၀၁၃ ရက် ၁၆း၃၀နာရီ
၄။ တင်ဒါဖွင့်မည့်နေ့ရက်/အချိန်/နေရာ	- ၃၀-၁၂-၂၀၁၃ ရက် ၁၃း၀၀နာရီ ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင်စုံစမ်းနိုင်ပါသည်။

ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့
ဖုန်း-၀၆၇-၅၉၀၅၀၉၊ ၀၆၇-၅၉၀၄၄၃

ဝန်ထမ်းအလိုရှိသည်

1. Site Engineer (၆)ဦး
   B.E,AGTI (Civil)ဖြစ်ရမည်။
   လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက်ဖြစ်ရမည်။
   Working Scheduleနှင့်အညီ ဆောင်ရွက်နိုင်ရမည်။
2. Junior Engineer (၆)ဦး
   BE,AGTI(Civil)ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံမရှိသူများပါလျှောက်ထားနိုင်သည်။ လိုအပ်သောအထောက်အထားများနှင့်အတူ အမှတ်၂၆၊ ဘိုးရာဇာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်။ ဖုန်း-၀၁-၅၄၆၅၄၃၊ ၀၁-၈၅၅၀၅၆၅၊ ၀၉-၈၅၉၁၃၉၈၁
   moemoe.more@gmail.com သို့၂၃-၁၂-၂၀၁၃ ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

အားမီးလမ်းပေးသည်။

CRANE

မြန်အောင်မြို့နယ်တွင် ခွာနာလျှာနာရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်

မြန်အောင် ဒီဇင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာခင်အောင်၏ ဦးဆောင်မှုဖြင့် ဟသ်တခရိုင် ဦးစီးမှူး ဒေါက်တာသန်းသန်းမူ အပါအဝင် ဟသ်တမြို့နယ်၊ မြန်အောင်မြို့နယ်၊ အင်္ဂပူမြို့နယ်နှင့် ကြံခင်းမြို့နယ်များမှ ဦးစီးမှူးများ၊ ဒုတိယဦးစီးမှူးများ၊ ဒု-လက်ထောက်ကြီးကြပ်ရေးမှူးများ၊ ပြင်ပကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ ပူးပေါင်း၍ မြန်အောင်မြို့နယ်အတွင်း ခွာနာလျှာနာရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၃၁ ရက်မှစတင်ဆောင်ရွက်ခဲ့ကြပါသည်။

ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သုတေသနနှင့် ရောဂါထိန်းချုပ်ရေးဌာနခွဲ သုတေသနနှင့်ကာကွယ်ဆေး ထုတ်လုပ်ရေးဌာနစု ခွာနာလျှာနာ ရောဂါဌာနစိတ်မှ ကျွမ်းကျင်သူများ၏အကူအညီဖြင့် နမူနာပစ္စည်း စုဆောင်းခြင်း၊ ခွာနာလျှာနာရောဂါ စူးစမ်းလေ့လာခြင်း၊ ခွာနာလျှာနာရောဂါ စုံစမ်းစစ်ဆေးမှုအဆင့်ဆင့်များ ဆောင်ရွက်ခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ခြင်း၊ ကျွဲနွားများအား ခွာနာလျှာနာကာကွယ်ဆေးများ ကြိုတင်ထိုးနှံပေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ လူထုပညာပေးဟောပြောပွဲ များဆောင်ရွက်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။ ဒီဇင်ဘာလလဆန်းပိုင်းအထိ ကျေးရွာအုပ်စု ၁၄ အုပ်စုအတွင်းရှိ ကျေးရွာ ၄၅ရွာတွင် ကျွဲနွားကောင်ရေ ၂၂၉၄ ကောင်အား ခွာနာလျှာနာ ကာကွယ်ဆေးများ ထိုးနှံပေးပြီးဖြစ်ကြောင်း၊ ခွာနာလျှာနာဖြစ်ရခြင်းမှာ တစ်နေရာမှ တစ်နေရာသို့ ကျွဲနွားများကို သယ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် ဆက်လက်ပြီး ခွာနာလျှာနာရောဂါ ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြန်အောင်မြို့နယ် တိမ္မေကုဦးစီးဌာနမှ ဒေါက်တာသန်းမြတ်စိုးက ရှင်းပြသည်။

နေဝင်းဇော်(မြန်အောင်)

ကျေးရွာအဆင့်တိုးမြှင့်၍ ဒေသခံများဝမ်းသာ

တောင်တွင်းကြီး ဒီဇင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင်အုပ်စု တောင်တွင်းကြီး -ချောင်းနက်- တောင်ညို-နေပြည်တော်ကားလမ်းမကြီးဘေး၊ ပဲခူးရိုးမ တောင်ပေါ်ဒေသမှ ဝံအော်၊ ငခုံးမ၊ ပြေလန်းခွဲ၊ တဘဲ့ပြောင်ကျေးရွာများကို ပြည်ထဲရေးဝန်ကြီးဌာနက ကျေးရွာအမည်ပေါက် အတည်ပြုကြောင်း သိရသဖြင့် တောင်ပေါ်ဒေသရှိ ဒေသခံတိုင်းရင်းသားပြည်သူများ ဝမ်းသာကြည်နူးမှုဖြစ်ရကြောင်း ဒေသခံတိုင်းရင်းသားတစ်ဦးထံမှ သိရသည်။

အဆိုပါ ကျေးရွာများသည် ယခင်က တရားဝင်ကျေးရွာများ ဖြစ်သော်လည်း ပြည်ထဲရေးဝန်ကြီးဌာနတွင် တရားဝင်ကျေးရွာအဖြစ် အမည်ပေါက်မရှိသဖြင့် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ နောက်ကျခံရကြောင်း သိရှိရသည်။

မကွေးလှမြင့်

ဆောင်းမြေပဲဆီထွက်အားကောင်းရန် သတင်းကောင်းပါး

ကန့်ဘလူ ဒီဇင်ဘာ ၁၀

ဆောင်းပျောက် နွေပေါက်ကာနီးပြီဆိုရင်ဖြင့် ဆောင်းမြေပဲစိုက် တောင်သူများ မြေပဲများ နုတ်သိမ်းကြရသည်။ မြေပဲများကို တလင်းမှာခြောက်သွေ့သွားသည်အထိ အချိန်အတော်ယူပြီး နေလှန်းကြရသည်။

စိတ်တိုင်းကျဖြစ်ပြီဆိုသည်နှင့် မြေပဲများကို လှည်းပေါ်တွင် ရိုင်းပတ်ပတ်၍ ထည့်ကာ ဆီစက်သို့သွားကြတ်ခွဲကြတော့သည်။ နေလှန်းပြီး အအေးမခံဘဲ စက်မှာတစ်ခါတည်းကြတ်ခွဲကြလေသည်။

ထိုသို့ဆီကြတ်ခွဲရာတွင် တချို့မှာ ဆီစက်က ခိုးသည်အထင်ဖြင့် ဆီထွက်ညံ့ကြသည်။ ဆီစက်ပိုင်ရှင်တို့မှာ နာမည်အပျက်ခံ၍ မည်သည့်လယ်သမားထံမှ ဆီမခိုး၊ ဟိုစက်ဒီစက်ယှဉ်၍ ပြောလာကြသောအခါ သူ့စက်ထက် ဆီထွက်သာအောင် မြေပဲတက်များကို ပါးပါးလှီးလှီး၊ ခြောက်ခြောက်ကပ်ကပ်၊ ပေါ့ပေါ့ပါးပါးကလေး ကျန်သည် အထိ ကြိတ်ခွဲ ပေးကြသည်။

သို့သော် ဆီထွက်အားမှာ စိတ်တိုင်းကျမဖြစ်။ ဆီထွက်အား ကောင်းပါသည်ဆိုသောလယ်သမားထံနည်းနာခံ မေးမြန်းမှုပြုရလေတော့သည်။နှစ်စဉ် ဆောင်းမြေပဲဆီအထွက်ကောင်းကောင်းရရှိသော လယ်သမားကြီး ဦးလူလှ၏ ပြောကြား ချက်အရ ဆောင်းမြေပဲဆီထွက်အား ကောင်းလိုလျှင်၊ နုတ်သိမ်းချိန်ကို နည်းနည်းကလေးနောက်ကျပေးရန်၊ နုတ်သိမ်း၍ရလာသောမြေပဲများကို ခြောက်သွေ့ပေါ့ပါးသွားအောင် နေပူမှာလှန်းပြီး စိတ်တိုင်းကျဖြစ်သည်နှင့် အရိပ်ကောင်းရာနေရာ အိမ်အောက်မှာ ရိုင်ပတ်၍ အအေးခံထား၍ တစ်ပတ်အကြာ အအေးခံထားပြီးမှ စက်မှာသွားရောက်ကြိတ်ခွဲ ရန်ဖြစ်ကြောင်း သတင်းကောင်းပါးရေးသား လိုက်ရပါသည်။

ကန့်ဘလူ-ကံတင်အောင်

ရထားမောင်းနေစဉ် ခုန်တက်သည့် လူငယ်ရထားဘီးကြိတ်၍ သေဆုံး

တောင်တွင်းကြီး ဒီဇင်ဘာ ၁၀

ဒီဇင်ဘာ ၆ ရက် ည ၈ နာရီခန့်က ရထားပေါ်မှ လူငယ်တစ်ဦး ပြုတ်ကျသေဆုံး၍ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းတိုက်နယ် ဆေးရုံသို့ ရောက်ရှိကြောင်း သိရသည်။

အမှုနှင့် ပတ်သက်၍ တောင်တွင်းကြီးမြို့မ ရဲစခန်းမှ ဒုတိယရဲအုပ်နိုင်ထူးနှင့် အဖွဲ့သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ တောင်တွင်းကြီးမြို့နယ် အိုးပေါက်ဘုတာရွာနေ အောင်ဇော်ထူး(၁၅)နှစ်ဖြစ်ပြီး ဒီဇင်ဘာ ၆ ရက် ညနေ ၄ နာရီခွဲတွင် တောင်တွင်းကြီးမှ ပျဉ်းမနားသို့ ထွက်လာသော အစုန်ရထားပေါ်သို့ ရထားမောင်းနှင်နေစဉ် ခုန်တက်ရာမှ ပြုတ်ကျပြီး ရထားဘီးနှင့် ကြိတ်မိကာ သေဆုံးခြင်းဖြစ်ကြောင်းသိရသည်။ သေဆုံးမှုနှင့် ပတ်သက်၍ ကုက္ကိုကုန်းနယ်မြေ ရဲစခန်းက သေမူသေခင်း အမှတ်စဉ် ၇/၂၀၁၃ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

(မကွေးလှမြင့်)

အဆီပြန်ပြီးခြောက်သွေ့သော အသားအရေအတွက် သဘာဝကုထုံး

အရေပြားဆိုတာ ခန္ဓာကိုယ်ရဲ့အပြင်ဘက်ဆုံးအလွှာဖြစ်လို့ လေ၊ ရေ၊ နေ စတဲ့ရာသီဥတုဒဏ်အမျိုးမျိုးအပြင်ဖုန်၊ မီးခိုးဓာတုဓာတ်ငွေ့အမျိုးမျိုးတို့နှင့် နိစ္စဓူဝ ထိတွေ့နေရပါတယ်။ မွေးရာပါ ဇီဝဖြစ်တည်မှုကြောင့် လူတစ်ဦးနှင့် တစ်ဦး အသားအရေအမျိုးအစားမတူကြဘဲ ပုံမှန်အသားအရေ၊ အဆီပြန်သောအသားအရေ၊ ခြောက်သွေ့သော အသားအရေနှင့် အဆီပြန်ပြီးခြောက်သွေ့သောအသား အရေဆိုပြီးရှိကြပါတယ်။ ယနေ့အလှကုန်စျေးကွက်မှာ အဆိုပါအသားအရေအမျိုးမျိုးအတွက် အရေပြားထိန်းသိမ်းတဲ့ နိုင်ငံစုံ၊ တံဆိပ်စုံ၊ အမယ်စုံအလှပြင်ပစ္စည်းများ ရောင်းချလျက်ရှိနေကြပြီး၊ မိမိအသားအရေနှင့် သင့်တော် လိုက်ဖက်တဲ့ ပစ္စည်းမျိုးကိုအရွေးမမှားဖို့ အထူးလိုအပ်ပါတယ်။

T-Zone လိုခေါ် တဲ့ နဖူး၊ နှာခေါင်းနှင့် နှာခေါင်းဘေးပတ်လည်ပါးများ၊ မေးစေ့စသည့်တို့မှာ အဆီပြန်နေတတ်ပြီး ကျန်တဲ့နေရာတွေက ပုံမှန်ထက်အသားအရေခြောက်သွေ့နေတာကို "အဆီပြန်ပြီးခြောက်သွေ့သောအသားအရေ ပိုင်ရှင်"လို့ဆိုပါတယ်။ ထိုသူများအတွက် ဘေးထွက်ဆိုးကျိုးကင်း၍ လွယ်ကူသက်သာတဲ့ သဘာဝကုထုံးများဖြင့် အောက်ပါအတိုင်းမျှဝေလိုက်ပါရစေ။ ကြိုတင်ကာကွယ်နည်းဖြစ်နိုင်ရင် နေပူထဲမထွက်ပါနှင့်။

အဆီမပါသော Oil Free မိတ်ကပ်နဲ့ ပေါင်ဒါကိုသာ ရွေးသုံးပါ။ ကရင်မ်မလိမ်းသင့်ပေ။ ဖြစ်နိုင်ရင် Tea Tree Herbal(ခေါ်) လက်ဖက်စိမ်းရွက်အဆီဖြင့် ပြုလုပ်ထားသော အလှကုန်ပစ္စည်းများကိုသာ ရွေးဝယ်ပါ။ရေနွေးနွေးဖြင့် မျက်နှာသစ်ပါ(ရေနွေးပူမဟုတ်ပါ)။

ကာဗွန်ဒိုင်အောက်ဆိုဒိတည့်ထားသော ဆော်ဒါ/ဘီလပ်ရည်များ မသောက်ရ။ သကြား၊ ချောကလက်နှင့် အာလူးချောင်းကြော်များ မစားရ။ ဆီကြော်မုန့်များ၊ ကော်ဖီနှင့် အရက်များ ရှောင်ပါ။

ရေများများသောက်ပါ။

နေ့စဉ်၇-နာရီ(သို့မဟုတ်)၈-နာရီကြာအိပ်စက်ပါ။

ကိုယ်လက်လှုပ်ရှားမှုလုပ်ပေးခြင်းက သွေးလည်ပတ်မှု ကောင်းမွန်စေလို့ အရေပြားကျန်းမာ သန့်စင်လာစေပါတယ်။ သဘာဝကုထုံးလေးများ။

ကြက်ဥအနှစ် တစ်လုံး၊ သံလွင်ဆီစားပွဲတင်ဇွန်း တစ်ဇွန်း၊ လိမ္မော်ရည်စားပွဲတင်ဇွန်း တစ်ဇွန်းနှင့် သံပရာရည်အနည်းငယ်တို့ ရောရှိ သမအောင်မွှေပြီး နံနက်တိုင်း မျက်နှာအနှံ့ လိမ်းပေးပါ။ မိနစ် ၃၀ကြာတဲ့အခါ ရေနွေးနွေးဖြင့် မျက်နှာသစ်ပါ။

အဆီပြန်ပြီးခြောက်သွေ့သော အသားအရေအတွက် ရှားစောင်းလက်ပတ်ဂျယ်လီက အကောင်းဆုံးပါပဲ။

Mineral Water (ခေါ်) အရည်ပျော်သည့်ဆားများ ပါရှိသော သဘာဝရေဖြင့် မျက်နှာသစ်ပါ (သို့မဟုတ်) ဆားခါးကို ရေဖြင့်ဖျော်၍ မျက်နှာအနှံ့ ပွတ်တိုက်ဆေးကြောပါ။

မုန့်လာဥနီ၊ ကိုက်လံ၊ ဟင်းနုနယ်၊ မုန်းညင်းစိမ်း၊ ခရမ်းချဉ်သီး စတဲ့ဗီတာမင်အေဓာတ်ကြွယ်ဝသော ဟင်းသီး ဟင်းရွက်များများစားပေးပါ။

ထောပတ်သီးတစ်ဝက်ကို သံပရာသီးတစ်လုံးညှစ်၍ သမအောင်ရောမွှေပြီး မျက်နှာအနှံ့လိမ်းပါ။ မိနစ် ၃၀ အကြာ ရေအေးဖြင့် သန့်စင်ပါ။

ငှက်ပျောသီးမည့်မှည့်ကို ဇွန်းဖြင့်ခေါက်ပြီး ရလာသော အနှစ်များဖြင့်မျက်နှာအနှံ့လိမ်း၍ နာရီဝက်ခန့်အကြာ ရေနွေးနွေးဖြင့် မျက်နှာသစ်ပါ။

ကြက်သွန်နီကို ကြိတ်ချေ၍ရလာသော သတ္တုရည်ဖြင့် အထူးသဖြင့် အဆီပြန်ပြီး ခြောက်သွေ့သော နေရာများဖြစ်ကြတဲ့ မျက်ခုံးမွေး နှစ်ခုကြား၊ နဖူး၊ ပါးအို့ နှစ်ဘက်၊ နှာခေါင်းထိပ်မေးစေ့တို့ကို လိမ်းပေးပါ။

အရေပြားခြောက်သွေ့မှုကို သက်သာစေအောင် မုန့်ညင်းဆီ(သို့မဟုတ်) အုန်းဆီလိမ်းပြီး ၁၅မိနစ်ခန့် အကြာမှ ရေချိုးပါ။

တင်ထက်ထက်ဇော်







မိတ္ထီလာတွင် ငွေချည်(၆)ချည်မျှင်ရှည်ဝါများ စိုက်ပျိုးအောင်မြင်

မိတ္ထီလာ ဒီဇင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာ၌ ငွေချည်(၆)ချည်မျှင်ရှည်ဝါများ စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း သိရသည်။

ငွေချည်(၆)ချည်မျှင်ရှည်ဝါကို သိပ္ပံနည်းကျစိုက်ပျိုးမယ်ဆိုရင် သာမန်စိုက်ပျိုးတာထက် အထွက်နှုန်းပိုများနိုင်ပါတယ်။ ဝါပင်ကို စိုက်ပျိုးထားပြီးတဲ့အခါ ပေါင်းကိုပုံမှန်ရှင်းလင်းပေးခြင်းက အထွက်နှုန်းကို များစွာအကျိုးပြုပါတယ်။ အထွက်နှုန်းတိုး၊ မတိုးဆိုတာ ပေါင်းဂရုတစိုက်ရှင်းလင်းပေးခြင်းရှိ၊ မရှိအပေါ်မူတည်နေပါတယ်။ ပေါင်းကောင်းစွာမရှင်းလင်းနိုင်ဘူးဆိုရင် အထွက်နှုန်း ပိသာ ၁၀၀၀ ထွက်မယ့် ဝါစိုက်ခင်း

ကနေ ပိသာ ၆၅၀ လောက်ပဲထွက်နိုင်တော့တယ်။ ဝါစတင်စိုက်ပျိုးချိန်ကနေ ဝါကောက် (ဝါထွက်)တဲ့အချိန်ထိ ပေါင်းမရှင်းလင်းပေးခဲ့ဘူးဆိုရင် ပိသာ ၁၀၀၀ ထွက်မယ့် ဝါစိုက်ခင်းက ပိသာ၁၁၀ လောက်ပဲထွက်နိုင်တော့မယ်။ ဒါကြောင့် သိပ္ပံနည်းကျစနစ်တကျစိုက်ပျိုးတဲ့ ဝါစိုက်ခင်းတွေက အထွက်နှုန်း ပိုမိုတိုးနိုင်တာမို့ မိတ္ထီလာ ကန်တောင်ဒေသက ဝါစိုက်တောင်သူတွေက ဝါလုပ်ငန်းနဲ့ စက်မှုသီးနှံစိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းတွေရဲ့နည်းပညာများ ကူညီထောက်ပံ့ပေးမှုနဲ့ စိုက်ပျိုးကြတာမို့ ဒီနှစ် ငွေချည် (၆)ချည်မျှင်ရှည်ဝါတွေ အောင်မြင်ဖြစ်ထွန်းကြပါတယ်။

ငွေချည် (၆) ချည်မျှင်ရှည်ဝါကို မိုးရေချိန် ၄၀ လက်မအောက် လျော့နည်းရရှိသည့် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်း ဒေသကြီးအတွင်း မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ စဉ်ကိုင်နှင့် မြို့နယ်တချို့ရှိ တောင်သူများသည် စီးပွားဖြစ်စိုက်ပျိုးရေးသီးနှံအဖြစ် စိုက်ပျိုးကြကြောင်းသိရသည်။

(ချမ်းသာ-မိတ္ထီလာ)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအား ဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့နယ် ဒီဇင်ဘာ အားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၇ ရက်က ကျင်းပရာ နာရီစင်လမ်းဆုံမှစ၍ ပြည်သူ ၄၀၀ ကျော် တပျော်တပါး ပါဝင်ဆင်နွှဲစဉ်။

သန်းဝင်း(သန်လျင်)

ဥတုရာသီ တောကိုမှီ၍

စွန်တာနီပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ရေတာရှည် ဒီဇင်ဘာ ၁၀

စစ်တောင်းမြစ်ရေကြီးမှုကြောင့် ရေတာရှည်မြို့နယ်အတွင်း အဓိကပဲအမျိုးမျိုးစိုက်ပျိုးသည့် ဒေသများ၌ ပုံမှန်စိုက်ချိန်ထက်နောက်ကျခဲ့သော်လည်း ယခုအခါ ရာနှုန်းပြည့်နီးပါး စိုက်ပျိုးပြီးစီးကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

တင်ပို့ရောင်းချ

ရေနီမြို့အရှေ့ ဇေယျသိမ်အုပ်စု၊ ရဲကုန်းကျေးရွာအုပ်စု၊ မြို့လှအုပ်စု၊ ဘုရားကုန်းအုပ်စုများရှိ ဒေသခံတောင်သူများသည် ရာသီအလိုက် စွန်တာနီ၊ ပြောင်း၊ မတ်ပဲ၊ မြေပဲတို့အပြင် စားဖိုဆောင်သီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီ၊ နံနံ၊ ခရမ်းချဉ်၊ ခရမ်းခင်းတို့ကိုစိုက်ပျိုးပြီး ရန်ကုန်မြို့နှင့်နေပြည်တော်၊ ကင်ပွန်းတန်းစျေးများသို့ တင်ပို့ရောင်းချကြသည်။ အဆိုပါဒေသများမှာ မြေဆီမြေနှစ်ကောင်းမွန်ပြီး စိုက်ပျိုးသည့်သီးနှံများမှာလည်း အောင်မြင်၍ အထွက်နှုန်းကောင်းမွန်သည်။ ယခုနှစ်တွင် စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် သီးနှံစိုက်ပျိုးချိန် တစ်လခန့်နောက်ကျခဲ့သော်လည်း တောင်သူများ၏ ဝီရိယထားလုပ်ကိုင်မှုကြောင့် ဒေသအားလုံးတွင် သီးနှံများစိုက်ပျိုးပြီးစီးသွားခဲ့ပြီဖြစ်ကြောင်းသိရသည်။

(၅၇၈)

သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၀

နေပြည်တော် ကောင်စီနယ်မြေ ဒကွ်ဒီဏာခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာသိဒ္ဓိရပ်ကွက် ဓမ္မာရုံကြီး၌ ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီခွဲက သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။ အဆိုပါ အသိပညာပေးဟောပြောပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှတာဝန်ရှိသူများက ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။ အဆိုပါ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအား ဘောဂသိဒ္ဓိရပ်ကွက် ဓမ္မာရုံ၌လည်း ညနေ ၃ နာရီက ကျင်းပခဲ့သည်။

အလားတူ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို ဒီဇင်ဘာ ၇ ရက်က ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ပညာသိဒ္ဓိရပ်ကွက်နှင့် ဉာဏသိဒ္ဓိရပ်ကွက်များတွင်လည်း ကျင်းပခဲ့ပြီး အဆိုပါအသိပညာပေးဟောပြောပွဲများ ဖြစ်မြောက်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်ဖွံ့ဖြိုးမှု အထောက်အကူပြုအဖွဲ့ဝင်များက လိုအပ်သည်များ အနီးကပ်ပံ့ပိုးကူညီခဲ့ကြကြောင်း သိရသည်။

သန်းနိုင်(ဇမ္ဗူသီရိ)

50'x200'
80'x90' } သိုလှောင်ရုံငှားရန်ရှိသည်။
ရုံ(၂)၊ လှိုင်သာယာစက်မှုလုပ်ငန်း
Import ကုန်ပစ္စည်းထားရန်သင့်သည်။
Ph: 09-5020631 (9-6 PM) ဦးချိန်

ကွန်ဒိုတိုက်ခန်းရောင်းရန်
မင်းခမ္မာကွန်ဒို၊ တိုက်(B)
၁၀-လွှာ၊ မရမ်းကုန်း၊
2400 Sqft ၊ 1 MBR, 2BR
ရောင်းဈေး သိန်း ၄၆၀၀၊
ပွဲခ (၁)%
Ph: 09 250145622
09 33333955

UMG COLLEGE edexcel
Mechanical Engineering, Electrical & Electronic Engineering ၊ Civil Engineering
(Construction & the Built Environment) ...
• UMG College ... Higher National Diploma (HND) Engineering ...
• ... Engineering Diploma ...
• HND Diploma ... UK, Australia, Singapore ... Top-up Course ... BE (၂)B.Sc (Hons) Engineering ...
• ... GCE O-Level ... Foundation Course ... GCE A-Level GTCAGII ... HND Engineering ...
• UMG College ... Volvo, Hitachi, Furukawa ... Kawasaki ... International ... Authorized Dealer ... UK ... edexcel ...
UMG College ...
☎ - 09 8431823, 09 73039488, 09 450054211, 01 215878-9, 01 2301556-1 (Ext.216, 219)



သမိုင်းဝင်ဓာတ်တော်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရေတာရှည် ဒီဇင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့အမှတ်(၁)ရပ်ကွက် ကရင်ချောင်းလမ်းဘေးရှိ ရှေးဟောင်းသမိုင်းဝင်ဓာတ်တော်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက်မှစတင်၍ ၁၀ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။**(ယာပုံ)**

ဒေသအတွင်းရှိ ဘုရားပွဲတော်များအနက် ပထမဦးဆုံးကျင်းပမည့် အဆိုပါပွဲတော်ကြီးတွင် ဇာတ်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲတို့ပါဝင်ပြီး နယ်လှည့်စျေးရောင်းချသူများ၊ စားသောက်ကုန်ပစ္စည်းများ ပါဝင်ရောင်းချ၍ မြို့အသီးသီးနှင့် ဒေသတစ်ဝန်းမှ လာရောက်ကြသူများဖြင့် အလွန်စည်ကားလှသည့် ဘုရားပွဲတော်ကြီးဖြစ်သည်။ **(၅၃၈)**

ဖိုက်ဘာဖြင့် ပြုလုပ်ထုဆစ်ထားသည့် မဟာဇေယျမုနိဂုပ်ပွားတော် ပင့်ဆောင်ပူဇော်

မြစ်ယမ် ဒီဇင်ဘာ ၁၀

မြန်မာလူမျိုးများသည် ဗုဒ္ဓဘာသာလူမျိုးများဖြစ်သည်နှင့်အညီ ဘာသာတရား အထူးပင်ရိုသေကိုင်းရှိုင်းသောလူမျိုးများဖြစ်ကြသည်။ အထူးသဖြင့် ဗုဒ္ဓရုပ်ပွားတော်များ တည်ထားကိုးကွယ်ရာတွင် ကျောက်အမျိုးမျိုး၊ သစ်သားအမျိုးမျိုးနှင့် ကျောက်စိမ်းများဖြင့် ကြည်ညိုဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်များကို ဗိသုကာပညာရှင်များမှ ထုဆစ်ကိုးကွယ်ခဲ့ကြရာ ယခုအခါ ဆန်းသစ်စွာဖြင့် ဖိုက်ဘာများကို အသုံးပြု၍ ကြည်ညိုဖွယ်ရာ ရုပ်ပွားဆင်းတုတော်များ ထုဆစ်ပြုလုပ်ကိုးကွယ်နေပြီဖြစ်ကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တလင်းကြီးကျေးရွာ ရွာဦးကျောင်းသို့ ဖိုက်ဘာဖြင့်ပြုလုပ်ထားသည့် ဥဏ္ဏာတော်အမြင့် ၁၂ ပေ ၅ လက်မရှိ "မဟာမုနိရုပ်ရှင်တော်မြတ်ကြီး" နှင့် ပုံတူကိုယ်ပွားတော် "မဟာဇေယျမုနိ" ဘွဲ့တော်အမည်ဆောင်သော ရုပ်ပွားတော်မြတ်ကြီးကို ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီက ပင့်ဆောင်ပူဇော်ပွဲကျင်းပသည်။ အဆိုပါ ဖိုက်ဘာဖြင့် ပြုလုပ်ထားသည့် ရုပ်ပွားတော်မြတ်ကြီးကို ဘုရားဒါယကာ ဦးဘိုလေး(ခ)ဦးမြင့်သိန်း(သီရိသုဓမ္မမဏိဇောတရေ)နှင့် ဇနီး ဒေါ်စုစုတို့က လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ဖိုက်ဘာရုပ်ပွားတော်မြတ်ကြီးကို ဘုရားဒါယကာဦးဘိုလေး(ဗိသုကာပညာရှင်)ကိုယ်တိုင်ထုဆစ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ကုန်ကျငွေမှာ သိန်း ၅၀၀ ကျော်ကြောင်း သိရသည်။

ဖိုက်ဘာဖြင့် ပြုလုပ်ထားသည့် မဟာဇေယျမုနိရုပ်ပွားဆင်းတုတော်မြတ်ကြီးသည် အမရပူရမြို့နယ် တလင်းကြီးကျေးရွာ ကျောင်း၌ ရဟန်းရှင်လူပြည်သူအပေါင်း ဖူးမြော်နိုင်ရန် ယာယီစံကျောင်းတော်တွင် သီတင်းသုံး စံပယ်တော်မူနေပြီဖြစ်သည်။

(မောင်မောင်စိုး-မြစ်ယမ်)

လူမှုရေး/စီးပွားရေးကြော်ငြာ

စာအုပ်စာပေ
လူ့မိတ်ဆွေ

ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ရန်ကုန်မြို့ သိမ်ဖြူအားကစားကွင်း၌ ဒီဇင်ဘာ ၇ ရက် ညနေ ၃ နာရီက ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် တင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် အသက်(၁၂)နှစ်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၂)နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၄) နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၄)နှစ်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၆)နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၆၀)နှစ်အထက် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီးအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အသင်းလိုက်တံခွန်စိုက်ပြိုင်ပွဲများကို ရန်ကုန်မြို့တော်ဝန်နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

တင်မောင်ဦး(အလုံ)

ပဲခူး ဒီဇင်ဘာ ၁၀

မြို့နယ်ပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘောလုံး ပိုလ်လုပွဲကျင်းပ

၂၀၁၃ ခုနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလားမြို့နယ်ပေါင်းစုံအမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ နောက်ဆုံးပိုလ်လုပွဲကို ဒီဇင်ဘာ ၈ ရက် ညနေ ၃ နာရီတွင် ကျင်းပခဲ့သည်။ အဆိုပါ ပိုလ်လုပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဥာဏ်ဝင်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင်ဝင်းနှင့် ပြည်သူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက် အားပေးခဲ့ကြပြီး ပထမဆုရရှိသော တောင်ငူမြို့နယ် ဘောလုံးအသင်းအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဥာဏ်ဝင်းက တံခွန်စိုက်ဖလားဆု ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(သုတ-ပဲခူး)

ကြံခင်း၌ စုပေါင်းလမ်းလျှောက်

ကြံခင်း ဒီဇင်ဘာ ၁၀

ဟသ်ာတခရိုင်ကြံခင်းမြို့နယ်တွင် ဒီဇင်ဘာအားကစားလ ပထမပတ် လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၅ နာရီက ကျင်းပရာ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ စုပေါင်း၍ ရွာသစ်ရပ်ကွက် မြို့မစျေးနာရီစင်ထောင့်စုရုပ်မှ လမ်းမတော်လမ်းပန်းရန်စုကားလမ်းအတိုင်း သဲဖြူကျေးရွာအထိ စုပေါင်းလမ်းလျှောက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်မြန်/ဆက်)

၁၉၇၄–၁၉၈၂ ခုနှစ် ဆေးတက္ကသိုလ်(၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် သူငယ်ချင်းများ မိတ်ဆုံစားပွဲမိတ်ကြားခြင်း

မြတ်ဆရာပူဇော်ပွဲ

နေ့ရက် -၂၁-၁၂-၂၀၁၃ရက်(စနေနေ့)
အချိန် -နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီ
နေရာ -ကန်တော်ကြီး၊ ကရဝိက်ခန်းမ(ဒဂ္ဂီဏာဆောင်)

သူငယ်ချင်းများမိတ်ဆုံစားပွဲ

နေ့ရက် - ၂၁-၁၂-၂၀၁၃ရက်(စနေနေ့)
အချိန် - ညနေ ၆နာရီမှ ည ၉နာရီထိ
နေရာ - Western Park Royal (မြေပဒေသာကျွန်း)

အကြောင်းကြောင်းကြောင့် ဖိတ်စာမရောက်ရှိခဲ့ပါလျှင်လည်း မပျက်မကွက်ကြွရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၁၉၇၄-၁၉၈၂ ဆေးတက္ကသိုလ်(၂)ကျောင်းသား၊ ကျောင်းသူဟောင်းများ

မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း စတုတ္ထ(၃)နှစ်သက်တမ်း အလုပ်အမှုဆောင်ရွေးချယ်မည်

မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၏ စတုတ္ထ(၃)နှစ်သက်တမ်း၊ အလုပ်အမှုဆောင်ရွေးချယ်ပွဲနှင့် နဝမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်လိုသူ အသင်းသားများသည် ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းရုံးတည်ရှိရာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ၊ ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ အဆိုပြုလွှာများတင်သွင်းကြပါရန် အကြောင်းကြားအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းရုံးခန်း၊ ဖုန်းအမှတ်-၀၁-၆၄၄၄၁၀၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

KING STAR
20000Ks
Internet Service
Office 2010
O.T.P
Graphic Design
PC Hardware
Video Editing
AutoCAD 2D,3D

Database Design & Development
Gusto
IT Professional Institute

ညှိုးဝင့်ဝယ်
ရေနံချေးရောင်းဝယ်ရေး
ဝယ်ယူအားပေးကြသော မိတ်ဟောင်း/မိတ်သစ်များအား
ဈေးနှုန်းချိုသာစွာဖြင့် လက်လီ/လက်ကားရောင်းချပေးနေပါသည်။
အဆင့်မြင့် (၆)ရပ်ကွက်၊ လှိုင်သာယာ။
Ph - 09 8612344, 09 5144445

လူဦးရေနှင့် အိမ်အကြောင်းအရာ အသိပညာပေးဆွေးနွေး

မင်းဘူး ဒီဇင်ဘာ ၁၀

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ပြည်သူများအား အသိပညာပေးဟောပြောပွဲကို မင်းဘူး(စကု)မြို့နယ် ရွှေချောင်းကျေးရွာ မူလတန်းလွန်ကျောင်း၌ ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက ရွှေချောင်း၊ မြောင်းကြား၊ မုတ်ခဲ၊ စည်သာကျေးရွာများမှ ပြည်သူများအားလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဖြူကုန်းကျေးရွာ အလယ်တန်းကျောင်းခွဲ၌ ဖြူကုန်း၊ ညောင်ကုန်း၊ မိတ်ဆက်ကျေးရွာများမှ ပြည်သူများအားလည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးကျော်စိုး၊ ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးကျော်မြင့်ရီတို့ကလည်း အိုင်းမ၊ လက်ပံတောကျေးရွာ ပြည်သူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော နေအိမ်များ ပြန်လည်ပြုပြင်ပေးစေချင်

နေပြည်တော် ဒီဇင်ဘာ ၁၀

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ အမှတ် (၃) မဒေးဝရပ်ကွက် ကမ်းနားလမ်းဘေးရှိ နေအိမ်များမှာ နိုဝင်ဘာ ၁၇ ရက် ည ၈ နာရီက ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုဖြစ်ပေါ်ကာ အိမ်ခြေငါးလုံး ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ရကြောင်း သိရသည်။

ထိုသို့ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းနားလမ်းဘေးတွင် ရှိသော ဦးခင်စိန်၊ ဦးအောင်ဆွေ၊ ဦးဇော်ဝင်း၊ ဦးဖိုးနိုင်၊ ဦးဝင်းနိုင်တို့၏ နေအိမ်များ ပျက်စီးသွားခဲ့၍ အလုပ်သမားရိပ်သာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ပျက်စီးဆုံးရှုံးမှုနှင့် ပတ်သက်၍ "ကျွန်တော်တို့အနေနဲ့ မြစ်ရေတိုက်စားပြီး နေအိမ်ပျက်စီးဆုံးရှုံးမှုကို ရပ်မိရပ်ဖ၊ မြို့မိမြို့ဖများနှင့်အုပ်ချုပ်ရေးအာဏာပိုင်တွေဆီ နိုဝင်ဘာ ၁၈ ရက်က တင်ပြထားပါတယ်။ ယနေ့ထိ သက်ဆိုင်ရာက လာရောက်ကြည့်ရှုခြင်းမရှိဘူး"ဟု ဒေသခံ အိမ်ပျက်စီးရသူများက ရှင်းပြသည်။

ကံမမြို့ ကမ်းနားလမ်းသည် ဧရာဝတီမြစ်ရေ တိုက်စားသည့် အတွက် ကမ်းပါးများမှာ ပြိုကျလျက်ရှိရာ**(ယာပုံ)** မြစ်ကမ်းပါးနေသူများ အနေဖြင့် စိတ်သောကကြီးမားစွာ ရောက်ရှိနေကြသောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စီစဉ်မှုများ ပြုလုပ်ပေးနိုင်ပါရန် ဒေသခံများ လိုလားနေကြကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

စီးပွားရေးကြော်ငြာ

မီးပွိုင့်လမ်းဆုံတွင် ယာဉ်အန္တရာယ်ကင်းဝေးရေး လက်ကမ်းစာစောင်များဖြန့်ဝေ

ကလေး ဒီဇင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လမ်းဆုံမီးပွိုင့်တွင် နယ်မြေခံရဲများနှင့် ယာဉ်ထိန်းရဲများပူးပေါင်းကာ မီးပွိုင့်ဖြတ်ကူးအသုံးပြုနည်းနှင့် လူကူးမျဉ်းကြားအတွင်း လမ်းဖြတ်ကူးတတ်စေရေးအတွက် ဒီဇင်ဘာ ၆ ရက်မှ ၈ ရက်အထိ လက်ကမ်းစာစောင်များ ဖြန့်ဝေကာ ယာဉ်မောင်းသူများကို မီးပွိုင့်ကြည့်ပုံနည်းလမ်းများ၊ ရပ်မျဉ်းတွင်ရပ်ရမည့်ပုံစံများ၊ လမ်းဖြတ်ကူးမှုပုံစံများကို လက်တွေ့ကူညီဆောင်ရွက်ပေးခဲ့ကြသည်။**(ယာပုံ)**

ကလေးမြို့ လမ်းဆုံမှ မီးပွိုင့်ကို နိုဝင်ဘာ ပထမပတ်အတွင်း စတင်တပ်ဆင်ခဲ့ကြောင်း မြို့နယ်အထောက်အကူပြုကော်မတီဝင် ဦးအေးချိုက ပြောသည်။

ကလေးမြို့ မီးပွိုင့်တွင် လမ်းစည်းကမ်းလိုက်နာမှုမရှိသော ယာဉ်များ တွေ့ရှိပါက ပညာပေးကာလပြီးဆုံးလျှင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းဝင်းက ပြောသည်။ **(လင်းလက်ကြယ်စင်)**

စစ်တောင်းတံငါတို့ ရေနည်းချိန်ငါးအမိအရများ

ရေတာရှည် ဒီဇင်ဘာ ၁၀

စစ်တောင်းမြစ်ရေနည်းပါးသည့် ယခုအချိန်သည် တံငါလုပ်ငန်း လုပ်ကိုင်သူတို့ ငါးအမိအရ ကောင်းမွန်ကာ အဆင်ပြေလျက်ရှိသည်ကို တွေ့ရသည်။

စစ်တောင်းမြစ်အတွင်း နေရာဒေသအနှံ့အပြားမှ ဘူးပိုက်မျှောခြင်း၊ ကွန်ပစ်၍ ဖမ်းခြင်းအပြင် ရေလယ်တွင် လင့်စင်ထိုးကာ ကျားပိုက်ချဖမ်းခြင်းတို့ဖြင့် နေ့စဉ်ဖမ်းယူကြသည်။ "ရေများတုန်းကကမ်းပေါ်ကနေ လိုက်ပစ်တာ ကံကောင်းရင် ငါးကြီးတွေရတတ်တယ်"ဟု တံငါတစ်ဦးက ပြောပြသည်။ ကမ်းပေါ်မှ ပစ်သည့် ကွန်အမျိုးအစားမှာ ခုနစ်တောင်အထက်ရှည်လျားပြီး ခဲအချိန် ငါးပိသာကျော်ရှိသည်ဟု ၎င်းကပင်ဆက်၍ ရှင်းပြသည်။ နေ့စဉ် တံငါလုပ်ကိုင်ကြသူများမှာ ငါးပတ်၊ ငါးအိုက်၊ ငါးဖား၊ တီလားပီးယားငါးများကို ဖမ်းဆီးရမိလေ့ရှိကာ တစ်ခါတစ်ရံ ငါးမ(အလေးချိန် ရှစ်ပိသာခန့်)များကို ဖမ်းဆီးရမိလေ့ရှိသည်။

နေ့စဉ် ဖမ်းဆီးရမိသည့်ငါးများကို မိသားစုဟင်းစားအတွက်ချန်၍ မြို့ဈေးများ၊ ကျေးရွာများတွင် လိုက်လံရောင်းချကာ ဝင်ငွေကောင်းမွန်လျက်ရှိကြောင်း သိရသည်။ **(၅၃၈)**

MCC Training Institute
(Yatanarpon Special Campus)
University of Greenwich (UK)
B.Sc (Hons) Business IT
University Campus
Hostel University Campus Life Style
Native Speaker English Speaking Campus
On-the-Job Training (OJT)
Work & Learn Environment
Extra curriculum activities
Vibrant Campus

Hotel, Office Tower,
ဆေးခန်းနှင့်အခြားလုပ်ငန်း
လုပ်ကိုင်လိုသူများ
ဗိုလ်မြတ်ထွန်းလမ်းကျယ်
(50'×60')ရောင်းမည်။
ဆက်သွယ်ရန်ဖုန်း-
0931039775
(ရုံးချိန်အတွင်း)

Certified Java Web Developer
Java
552288, 521125

Business Management Academy
A MODEL OF STRATEGIC
HUMAN CAPITAL MANAGEMENT
CONDUCTED BY 2 SPEAKERS
HONORABLE SPEAKER : Prof. Dr. Aung Tun Thet
MAIN SPEAKER : U Tin Zan Kyaw

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အလုပ်ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် အလုပ်ခန့်ထားနိုင်ရန်အတွက် အောက်ဖော်ပြပါဘွဲ့ရများအား သရုပ်ပြ လစာနှုန်း(၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးနေရာများ၌ အလုပ်ခန့်ထားရန်အတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများ ပူးတွဲတင်ပြ၍ နီးစပ်ရာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် ၂၀-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) M.E, B.E(Q),M.C.Tech,M.C.Sc,M.Sc(Phys),M.Sc(Chem),M.Sc(Maths), M.A(Eng),M.A(TEFL),M.A(Myan)ဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) Master ဘွဲ့ရများသည် ၃၀-၁၁-၂၀၁၃ ရက်တွင် အသက်(၂၈)နှစ်ထက်မကြီးသူ ဖြစ်ရမည်ဖြစ်ပြီး B.E(Q)ဘွဲ့ရများသည် ၃၀-၁၁-၂၀၁၃ ရက်တွင် အသက်(၂၅)နှစ်ထက်မကြီးသူဖြစ်ရမည် ဖြစ်သည်။
(ဃ) (၆)လအတွင်းရိုက်ထားသော ပတ်စပို့မှတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(င) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(စ) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်းဆေးထောက်ခံစာ၊
(ဆ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊
(ဇ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၂။ သတ်မှတ်ချက်ကိုက်ညီသူများသည် အလုပ်ဝင်ခွင့်ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ လျှောက်လွှာများကို နီးစပ်ရာတက္ကသိုလ်/ကောလိပ်/သိပ္ပံနှင့်ကျောင်းများ၌ ထုတ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(တယ်လီဖုန်းနံပါတ်-၀၆၇-၄၀၄၀၁၇) တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အလုပ်ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် အလုပ်ခန့်ထားနိုင်ရန်အတွက် M.Com ဘွဲ့ရများအား စာရင်းကိုင်(၂) လစာနှုန်း(၇၉၀၀၀-၁၀၀၀-၈၄၀၀၀)နှင့် B.Com ဘွဲ့ရများအား စာရင်းကိုင်(၃) လစာနှုန်း (၇၃၀၀၀-၁၀၀၀-၇၈၀၀၀) ရာထူးနေရာများ၌ အလုပ်ခန့်ထားရန်အတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများ ပူးတွဲတင်ပြ၍ နီးစပ်ရာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် ၂၀-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) M.Com, B.Com ဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) M.Com ဘွဲ့ရများသည် ၃၀-၁၁-၂၀၁၃ရက်တွင် အသက်(၂၈)နှစ်ထက်မကြီးသူ ဖြစ်ရမည်ဖြစ်ပြီး B.Comဘွဲ့ရများသည် ၃၀-၁၁-၂၀၁၃ရက်တွင် အသက်(၂၅)နှစ်ထက်မကြီးသူဖြစ်ရမည် ဖြစ်သည်။
(ဃ) (၆)လအတွင်းရိုက်ထားသော ပတ်စပို့မှတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(င) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(စ) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ၊
(ဆ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊
(ဇ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၂။ သတ်မှတ်ချက်ကိုက်ညီသူများသည် အလုပ်ဝင်ခွင့်ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ လျှောက်လွှာများကို နီးစပ်ရာတက္ကသိုလ်/ကောလိပ်/သိပ္ပံနှင့်ကျောင်းများ၌ ထုတ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(တယ်လီဖုန်းနံပါတ်-၀၆၇-၄၀၄၀၁၇) တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ENGLISH
Conversation Practice

ပိုင်ရှင်မှအမြန်ရောင်းမည်

၁။ တောင်ဒဂုံ 18/D ရပ်ကွက်၊ ပေ(၄၀×၆၀)မြေကွက်တွင် ပေ(၁၈×၄၅)နှစ်ထပ်အိမ်၊ မောင်းမကန်ကမ်းသာယာ လမ်းမကြီးပေါ်
၂။ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းမကြီးပေါ် အမှတ် (၉၈)၊ ပေ(၂၂×၈၀) မြေကွက်နှင့်ဆိုင်ခန်း။

ဆက်သွယ်ရန်ဖုန်း- ၀၁-၆၉၁၉၇၈၊ ၀၁-၅၁၁၆၈၆၊ ၀၉-၄၉၂၄၃၁၆၆၊ ၀၉-၄၂၀၁၅၃၇၀

ဘေးမည်

(၁) [illegible] (35' × 45') [illegible] (ဝယ်/ငှား)
(၂) FMI Orchid Garden [illegible] (80' × 80') (4MBR, 2BR, Living room + kitchen, 10A/C) [illegible] (ဝယ်/ငှား)
(၃) [illegible] 1 Storey 80ft × 72ft (240' × 240') Steel Structure [illegible] (ဝယ်/ငှား)
ဖုန်း 09-5147609, 09-5135510

Japan Language School

[illegible]

ဘေးရောင်းမည်

[illegible]
(5)လျှောက်အောက်ကြည့်မြင်တိုင်းလမ်း
ဆက်သွယ်ရန်
[illegible]

ပိုနဲ့ဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)
  Shirt အကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၂၉၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်**
- **Ph:01-292129,09-73216251,09-428016552,09-425289819**
- **E-mail:kyonedoe@gmail.com**

ပြည်ထောင်စု[illegible]

Section A : 14-12-2013
Section B : 17-12-2013

ENGLISH
English Fast & Easy

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်
ဘွဲ့လွန်ဒီပလိုမာသင်တန်း(လေဆိပ်စီမံခန့်ခွဲမှု)
သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၏ ၂၀၁၃-၂၀၁၄ခုနှစ် ပညာသင်နှစ် ဘွဲ့လွန်ဒီပလိုမာ(လေဆိပ် စီမံခန့်ခွဲမှု)သင်တန်းကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၆ရက်မှစတင်၍ ဖွင့်လှစ်မည် ဖြစ်ပါသည်။

၂။ လေဆိပ်စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် အောက်ပါဘွဲ့ရရှိသူများ လျှောက်ထားနိုင်သည်။
(က) B.E (Aerospace/Aeronautical)ဘွဲ့ရရှိသူများ
(ခ) B.E (Mechanical/Electronics/Electrical Power/IT)ဘွဲ့ရရှိသူများ
(ဂ) B.B.A/B.B.A (Hons:) ဘွဲ့ရရှိသူများ
(ဃ) B.Com/B.Com (Hons:)ဘွဲ့ရရှိသူများ
(င) Any Bachelor Degree ဘွဲ့ရရှိသူများ
(လေဆိပ်တွင်အနည်းဆုံး (၃)နှစ်တာဝန် ထမ်းဆောင်ခဲ့သူဖြစ်ရမည်။)

၃။ လေဆိပ်စီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းမှာ(၁)နှစ်သင်တန်းဖြစ်သည်။ Course Work (၉)လ ဖြစ်၍ Pilot Project (၃)လပြုလုပ်ပြီး စာတမ်းတင်ရပါမည်။ အောက်ဖော်ပြပါ ဘာသာရပ်များကို သင်ကြားပို့ချပါမည်။

စဉ်	ပထမနှစ်ဝက်ဘာသာရပ်	ဒုတိယနှစ်ဝက်ဘာသာရပ်
(၈)	Airport System	Airport Safety &Security
(၉)	Principles of Airport Management	Airport Liabillty, Crisis & Risk Management
(၁)	Airport Planning	Airport Regulations, Law & Public Policy
(ယ)	Airport Business	Air Traffic Management
(င)	Financial Management	Airline Operation & Delay Management
(စ)	Airport Operation	Human Resource Management

၄။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကိုတင်ပြရမည်-
(က) လေဆိပ်စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ စတင်တက်ရောက်သည့်နေ့တွင် အသက်(၃၅)နှစ်ထက်မကြီးသူဖြစ်ရမည်။ ဝန်ထမ်းများဖြစ်ပါက အသက်(၄၀)နှစ်ထက်မကြီးသူဖြစ်ရမည်။
(ခ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၊ ပြည်ထောင်စုဝန်ကြီးဌာနမှ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်မူရင်းတင်ပြရမည်။
(ဃ) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် စစ်ဆေးမည့် သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပြီး၊ အောင်မြင်စွာဖြေဆိုနိုင်သူများကိုသာ လက်ခံမည်။

၅။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာ မြို့နယ်၊ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊ ပတ်စပို့မှတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူတို့ကို တင်ပြရမည်။

၆။ သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံများကို ၁၂-၁၂-၂၀၁၃ရက်မှစ၍ ဤတက္ကသိုလ်၌ ထုတ်ယူနိုင်ပြီး ၂၃-၁၂-၂၀၁၃ရက်(သောကြာနေ့) ၁၆း၀၀နာရီ နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာများ ပြည့်စုံမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မိတ္ထီလာမြို့၌ အောက်ပါအတိုင်း ကျင်းပစစ်ဆေးမည်ဖြစ်ပါသည်။

စဉ်	ရက်စွဲ	အချိန်	ဘာသာရပ်
၁	၃၀-၁၂-၂၀၁၃	နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီထိ	အင်္ဂလိပ်စာ
၂	၃၀-၁၂-၂၀၁၃	နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီထိ	လေကြောင်းနှင့်စီမံခန့်ခွဲမှု ဆိုင်ရာဗဟုသုတ

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မိတ္ထီလာမြို့၊ ဖုန်းနံပါတ်-၀၆၄-၃၅၂၄၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

U Sann Aung
LCCI ACCOUNTING COURSE
Level 1&2 21 Dec ; Level 3 23 Dec
USA COMMERCIAL SCHOOL

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှဝေခြင်း

ဗိုလ်မှူးဆန်းလင်းဦး

(ကြည်း-၂၈၂၉၁)

OTS-96 ME (Electrical Power)

ဘဝကို အေးချမ်းစွာ ဖြတ်သန်းရင်း မိသားစုအပေါ် နွေးထွေးကြင်နာစွာ စောင့်ရှောက်ပေးခဲ့သော ကျေးဇူးရှင် ဖေဖေ မိသားစုကို ခွဲခွာသွားရသည်မှာ ၁၁- ၁၂-၂၀၁၃ရက်တွင် တစ်နှစ်ပြည့်ခဲ့ပါပြီ။ ကွယ်လွန်ချိန်မှစ၍ ယနေ့အထိ နေ့စဉ်၊ လစဉ် ဖေဖေ့အတွက် ရည်စူးပြုလုပ်သမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်ရှိရာ ဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

ဇနီး - ဒေါ်မိမိခိုင်
သား - မောင်ကောင်းသန့်ခိုင်လင်းနှင့်
ကျန်ရစ်သူမိသားစုများ

ဒေါ်ဘေဘီ (မြင်းခြံ) (၈၄)နှစ်

မြင်းခြံမြို့နေ(ဦးမောင်မောင်-ဒေါ်ပ)တို့၏သမီး၊ (ဦးစိုးလှိုင်)၏ချစ်လှစွာသော ဇနီး၊ ဦးငွေဝင်း-ဒေါ်ချိုချိုဝင်း၊ ဦးကြည်ဝင်း-ဒေါ်အေးအေးသန့်၊ ဦးကျော်ကျော်စိုး (M.D System EngineeringCo.,Ltd.)-ဒေါ်နွယ်နွယ်မင်း၊ ဦးစိုးမင်း-ဒေါ်နွယ်နွယ်သိန်း၊ ဦးမြင့်စိုး-ဒေါ်မူမူအောင်တို့၏မိခင်ကြီး၊ မြေးကိုးယောက်တို့၏အဘွား သည် ၉-၁၂-၂၀၁၃ရက် နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ်-၄၈၊ ဝါးခင်းကျောင်းလမ်း၊ ဗိုလ်ကုန်း၊ အင်းစိန်နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်ဝင်း (၇၂)နှစ်

D.V.D City

[ဦးအချွန်(ခ)ဦးဘယုံ-ဒေါ်မြသန်း(ကျုံမငေး၊ ဝါးခယ်မ)]၊ [Mr. K.L.Lim (ခ)ဦးအုန်း-Jessie Khoo]တို့၏ သားသမက်၊ ဒေါ်ခင်လှရီ(ခ) Mona Kyun Leong ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်ကျော်ထွန်း-မအိန္ဒြေကျော်ဝင်း(ခ)မမီးမီး (USA)တို့၏ချစ်လှစွာသောဖခင်၊ မောင်ဂါမဏိကျော်၊ မောင်လင်းဝေယံကျော်တို့၏ ချစ်လှစွာသောအဘိုး၊ ဦးမင်းဟန်-(ဒေါ်မြင့်မြင့်ချွန်)တို့၏မောင်၊ ဦးမျိုးမြင့်-ဒေါ်မြမြချွန်၊ ဦးရဲမြင့်-ဒေါ်ခင်နွယ်နွယ်(ခ) Shirley Choon၊ [ကိုကျော်လင်း(ခ) မောင်မောင်]တို့၏အစ်ကို ဦးကျော်ဝင်းသည် ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [အမှတ်(၅/၁၅)၊ ကုန်းမြင့်ရိပ်သာလမ်း၊ ခုနစ်မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ် နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာဝန်ကြီး
ဦးသာလှ(ဒေါ်ခင်ညွန့်)
သားသမီးမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ကျော်စိုး (MD System Engineering Co., Ltd.) ၏မိခင် ဒေါ်ဘေဘီ အသက်(၈၄)နှစ်သည် ၉-၁၂-၂၀၁၃ (တနင်္လာနေ့)နံနက် ၈း၄၅နာရီ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါကြောင်း။

ဦးခင်မောင်ဝင်း၊ ဦးဟန်စိုး၊ ဦးဟန်ထွန်းဇော်
Rubber King Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း

လ-၁၁၇၈၄၇ ရဲမှူးကျော်စိန်(ငြိမ်း)

အသက်(၅၉)နှစ်

သူငယ်ချင်း ကျော်စိန် (ဗလတပ်ခွဲ)သည် ၅-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

ဒုရဲအုပ်လောင်း သင်တန်းအပတ်စဉ်(၁၆/၈၄)မှ
သူငယ်ချင်းများ
သာရေးနာရေးအဖွဲ့(ရန်ကုန်၊ မန္တလေး)

ဝမ်းနည်းကြေကွဲခြင်း

1/E ကိုဟိန်းထက်စိုးခိုင်

အသက်(၃၁)နှစ်

(CE-26)CDC-55833

ချစ်ရပါသော တူလေး စိုးရေ---မိဘအပေါ် သိတတ်လွန်းတဲ့ သားလိမ္မာ အခုလို အဖြစ်ဆိုးမျိုးနဲ့ ကြုံခဲ့ရတာ အစားထိုးလို့မရတဲ့ ဆုံးရှုံးမှုတွေနဲ့အတူ မိသားစုနဲ့ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခံစားရပါတယ်။

ဦးစောဒိုင်းယက်(စ်)တူး-နော်ရီးဒီး
ဦးစောဖောဝါး-ဒေါ်နော်ဘတ်သာတင်
ဒေါ်နော်မူးနီ
ဦးစောဘားနားဘာ-ဒေါ်ဂရေ့(စ်)တင်

ဦးဇော်လင်း အသက်(၆၃)

B.E (Petroleum) (သချႋ)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မီးရထားရိပ်သာနေ (ဦးသာညွန့်)-ဒေါ်ခင်စိန်တို့၏သားကြီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း သီရိမင်္ဂလာအိမ်ရာ၊ တိုက်(၅)၊ အခန်း (၅၀၄)နေ(ဦးသိန်းဝင်း-ဒေါ်ရှုလွမ်)တို့၏သားသမက်၊ ဒေါ်နွယ်နွယ်၏ ချစ်လှစွာသောခင်ပွန်း၊ မမြကေခိုင်(အိတုံ)MIP၊ မောင်ထက်အောင်တို့၏မွေးသဖခင်၊ ဒေါ်စန်းစန်းဝေ (Q-Cဆပ်ပြာစက်ရုံ)၊ ဦးတင်အေး-ဒေါ်နွယ်နွယ်အေး(MIP)၊ ဒေါ်အိအိခင်(မြန်မာ့မီးရထား)၊ ဒေါ်လဲ့လဲ့ထွေး(စိုက်ပျိုးရေးဦးစီးဌာန)တို့၏ချစ်လှစွာသောအစ်ကို၊ မသက်ထားဆွေ (ယုန်လေး)၏ဘကြီး ဦးဇော်လင်းသည် ၉-၁၂-၂၀၁၃ (တနင်္လာနေ့) နံနက် ၄း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမ ဒေါ်စန်းစန်းဝင်း (၅၆)နှစ်

(ရှိန်မိသားစု)

အမှတ်(၃၂)၊ မြိုင်ဟေဝန်လုံးခြင်းအိမ်ရာ၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ [ဦးထွန်းရှိန်-ဒေါ်ခင်နု (ရှိန်မိသားစု၊ သံရေကြို)]၊ (ဦးစောမောင်)-ဒေါ်ငွေစိန်တို့၏သမီးချွေးမ၊ ဦးအောင်ကျော်မြင့်၏ဇနီး၊ ဦးခင်မောင်စိုး-ဒေါ် စုစုခင်၊ ဦးနေလင်း - ဒေါ်ရီရီဝင်း၊ (ဦးအောင်ကျော်မိုး)တို့၏ အစ်မကြီး၊ မောင်အောင်ပြည့်ဖြိုး-မစိုးကလျာခိုင်တို့၏အဒေါ် ဒေါ်စန်းစန်းဝင်းသည် ၇-၁၂-၂၀၁၃ (စနေနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီ တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ

(ရွှေပုစွန်မိခင်ကြီး)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၁၉)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ သီရိသုဓမ္မဇောတိကဓဇ (ဦးပွင့်ကောင်း)၏ဇနီး၊ ဒေါက်တာတင်ဝင်း-Christa Danzebrink- Win၊ ဦးအောင်ကျော်မြင့်-ဒေါ်နွဲ့လေးရှိန်၊ ဦးမြင့်အောင်-ဒေါ်လဲ့ဝင်းဆွေ၊ (ဦးဇေယျာပွင့်)-ဒေါ်မူမူမောင်၊ ဒေါက်တာတင့်စိုးလင်း[(Managing Director) Pwint Gaung and Khin Nwe Ye Co., Ltd. & Shwe Pu Zun Co., Ltd.]၊ ဦးတင့်လွင်(အင်ဂျင်နီယာမှူးကြီး-ပဆင)-ဒေါ်ပွင့်မာခိုင်၊ (ဒေါ်ပွင့်မာကြည်)၊ ဒေါက်တာမျိုးမင်း-ဒေါ်ပွင့်သိင်္ဂီတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ်(၈)ယောက်တို့၏ ဘွားဘွားကြီးသည် ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဥဿောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) နာယကကြီး

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ

အသက်(၈၉)နှစ်

ဥဿောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) နာယကကြီး သီရိသုဓမ္မဇောတိကဓဇရေ (ဦးပွင့်ကောင်း)၏ ဇနီး၊ ဥဿောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) နာယကကြီး ဒေါက်တာတင့်စိုးလင်း(M.D Pwint Gaung and Khin Nwe Yee Co., Ltd.)၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နွဲ့ရီသည် ၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် နိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်လွင်(အောင်ဥပဒေ)

အသက်(၆၈)နှစ်

အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတရားလွှတ်တော် ရှေ့နေ ဦးမြင့်လွင်သည် ၁-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်မိသာစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာဦးတင်ဟိန်း
နှင့်ဇနီးဒေါ်တင်တင်သန်း

ဝမ်းနည်းကြေကွဲခြင်း

ကျောက်ဆည်အသင်း (ရန်ကုန်)၏ အမှုဆောင် ရဲမှူးခင်မောင်စိုး (ရဲ-၂၀၄၄)(ဒုတပ်ဖွဲ့ခွဲမှူး၊ မန္တလေးတိုင်း သတင်းတပ်ဖွဲ့) အသက်(၅၇)နှစ်သည် ၁-၁၂-၂၀၁၃(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားခြင်းအား မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကျောက်ဆည်အသင်း(ရန်ကုန်)

ခရစ်တော်၌အိပ်ပျော်ခြင်း

ကိုဟိန်းထက်စိုးခိုင် (၃၁)နှစ်

B.Sc (Physics) (DE-26), CFC-55833

First Engineerr (JSM) Co.,Ltd.

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် (၆၅၄-B)၊ မြို့ပတ်လမ်း၊ရွာမအနောက်ရပ်ကွက်နေ (ဦးဟန်တိတ်)-ဒေါ်ကြည်စိန်၊ (ဦးစောဘတင်)-ဒေါ်နော်ဖောစေးတို့၏ ချစ်လှစွာသောမြေး၊ ဒေါက်တာဦးစိုးခိုင်-ဒေါ်နော်အောလစ်ဖ်တင် တို့၏သားကြီး၊ ဒေါက်တာဟိန်းသက်စိုးခိုင်၊ မနှင်းဝေဝေခိုင်တို့၏ အစ်ကိုကြီး၊ ကိုဟိန်းထက်စိုးခိုင်သည် ၇-၁၂-၂၀၁၃(စနေနေ့) တရုတ်နိုင်ငံ XINSHA ဆိပ်ကမ်းဒေသ စံတော်ချိန် ၁၇း၀၀ နာရီတွင် သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်စဉ် ရုတ်တရက် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (ဂူသွင်းသင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထူးဝမ်းနည်းကြေကွဲခြင်း

အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်နှင့်ဇနီး ဒေါ်ပွင့်မာခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

အင်ဂျင်နီယာများနှင့်ဝန်ထမ်းများ
သကံတံတားတည်ဆောက်ရေးစီမံကိန်း

အထူးဝမ်းနည်းကြေကွဲခြင်း

အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်နှင့်ဇနီး ဒေါ်ပွင့်မာခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

အင်ဂျင်နီယာများနှင့်ဝန်ထမ်းများ
ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း

အထူးဝမ်းနည်းကြေကွဲခြင်း

အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်နှင့်ဇနီး ဒေါ်ပွင့်မာခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

အင်ဂျင်နီယာများနှင့်ဝန်ထမ်းများ
ဟိုင်းကြီးကျွန်းတံတားတည်ဆောက်ရေးစီမံကိန်း

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)နာယကကြီး

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ (၈၉)နှစ်

(ရွှေပုစွန်မိခင်ကြီး)

သီရိသုဓမ္မဇောတိကဓဇရေ (ဦးပွင့် ကောင်း)၏ ဇနီးဒေါ်ခင်နွဲ့ရီသည် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)မှအသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (ဘိုကလေးမြို့နယ်အသင်းတိုက်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးထိန်ဝမ်း (၆၈)နှစ်

အင်ဂျင်နီယာ(စ)(ဆောက်လုပ်ရေး၊ ရေသန့်-ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၁၅၆)နေ ဒေါ်အေးအေးမြင့်၏ ခင်ပွန်း၊ မခိုင်ဝေသင်း (NITS Co;)၊ မောင်စိုးထက်အောင် (Peninsula Enterprises Co;)၊ မောင်ကျော်စိုးဟိန်း (မြတ်ဆုမွန်ဆောက်လုပ်ရေး)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဦးထိန်ဝင်း၏ အစ်ကိုသည် ၉-၁၂-၂၀၁၃(တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မောင်မင်းထူးနိုင်(ခ)ဖိုးဝလုံး

M.T.I Co.,Ltd.

အသက်(၂၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ အမှတ်(၂၉၇)၊ အမက(၁၀)ဒဂုံ ကျောင်းဝင်းနေ ဦးကျော်သိန်း-ဒေါ်သောင်းမြင့်၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကင်းပွန်းခြံကန်လမ်း၊ အမှတ်(၅)နေ (ဦးထွန်းလှ-ဒေါ်ကြင်ရွှေ)တို့၏မြေး၊ ဒေါ်မိုးမိုးကျော်၊ ဦးကျော်ငြိမ်း-ဒေါ်အေးအေးကျော်၊ ဦးမျိုးဇင်၊ ဦးထိန်လင်း-ဒေါ်ခိုင်ခိုင်၊ ဒေါ်စန္ဒာကျော်၊ ဦးထွန်းအောင်-ဒေါ်မြရွှေ၊ (ဦးတင်စိန်)-ဒေါ်သောင်းမြင့်၊ ဦးသန်းဝင်းအောင်-ဒေါ်နွယ်နွယ်ဝင်း၊ ဦးတင်လှိုင်-ဒေါ်တင်နွယ်ရီ၊ ဦးရန်နိုင်ထွန်း-ဒေါ်မြတ်ကေသီတို့၏တူ၊ လဲ့ရည်သင်း၏မောင်၊ ပြည့်ဖြိုးဟန်၊ လဲ့ရည်မွန်၊ ဖြူဖွေးသန့်၊ သင်းခွာညို၊ မခင်နှင်းဝေ၊ မငြိမ်းငြိမ်းဖြိုး၊ မမြသီတာတို့၏အစ်ကို၊ ဦးမိုးသွင်-(ဒေါ်ငြိမ်းငြိမ်းဝင်း)တို့၏ တစ်ဦးတည်းသောသားသည် ၈-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) ည ၇း၅၅ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁၂-၂၀၁၃ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးတင့်လွင်(အင်ဂျင်နီယာမှူးကြီး-ပဆင)-ဒေါ်ပွင့်မာခိုင်တို့၏မိခင်၊ ကိုအေးလွင်ကောင်း၏ အဘွား (ရွှေပုစွန်မိခင်ကြီး) အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်နွဲ့ရီ အသက် (၈၉)နှစ်သည် ၈-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်-ဒေါ်နန္ဒာမွန်း
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ကိုရဲကံဇော်-မမေဖြိုးထွန်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၁၉)နေ သီရိသုဓမ္မမဏိဇောတဓရ (ဦးပွင့်ကောင်း)၏ဇနီး၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး) သည် ၈-၁၂-၂၀၁၃ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်မြင့်လှိုင်(ဆည်မြောင်းဦးစီးဌာန)-ဒေါ်စန္ဒာခင်
(ယဉ်ကျေးမှုဝန်ကြီးဌာန)

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊သံလွင်လမ်း၊ အမှတ် (၁၁၉) နေ သီရိသုဓမ္မမဏိဇောတဓရ (ဦးပွင့်ကောင်း)၏ဇနီး ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိ ကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး)သည် ၈-၁၂-၂၀၁၃ရက် နံနက်၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နာယကနှင့် အဖွဲ့ဝင်များ
ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဦးတင့်စိုးလင်း၏မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး)အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယဗိုလ်မှူးကြီးသန်းထူး(ငြိမ်း)၊ ဒေါ်မြင့်မြင့်ရီမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာတင့်စိုးလင်း (Managing Director) Pwint Gaung and Khin Nwe Ye Co.,Ltd. & Shwe Pu Zun Co.,Ltd.)၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နွဲ့ရီ (အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ) (ရွှေပုစွန်မိခင်ကြီး) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် အစ်ကို့၏ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးလှမျိုး(မြန်မာ့ရုပ်မြင်သံကြား၊ သတင်းကြေညာသူ(ငြိမ်း)နဲ့မိသားစု
အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာတင့်စိုးလင်း(Managing Director) Pwint Gaung and Khin Nwe Ye Co.,Ltd. & Shwe Pu Zun Co.,Ltd ဦးတင့်လွင် (အင်ဂျင်နီယာမှူးကြီး-ပဆင)-ဒေါ်ပွင့်မာခိုင်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

ဦးအောင်ကျော်ဦး-ဒေါ်ခင်မျိုးမြင့်
မြန်မာ့လက်မှုငွေထည်ဆိုင်

ကြေကွဲဝမ်းနည်းခြင်း

ဒေါ်ခင်နွဲ့ရီ (၈၉)နှစ် (ရွှေပုစွန်မိခင်ကြီး)
အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ

မိခင်ပမာချစ်ခင်ရသော- အန်တီ- မြင့်မြတ်သော ဘုံဘဝတွင် စံမြန်းနိုင်စေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ကျန်ရစ်သူမိသားစုများပမာ ဝမ်းနည်းကြေကွဲရပါကြောင်း။ မိသားစု၊ ချစ်မိတ်ဆွေများအား ခွဲခွာသွားသော်လည်း အစဉ်ထာဝရ သတိတရ ရှိနေမလွဲ တမ်းတလျက်--။

သီဟဦးမင်းဝင်း(ခ)တိုးတိုး
(Best Make-Up Asia Artist Award) မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

အစဉ်ချစ်ခင်လေးစား တန်ဖိုးထားရပါသော(ကြီးကြီး) ရွှေပုစွန်မိသားစု၏မိခင်ကြီး ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက်၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

Capt. သတိုးကျော်-ဒေါ်မိမိနိုင်

Precious Gems & Jewellery မိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်စိန်နွဲ့ (၈၈)နှစ်

စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၂၆)နေ(ဦးဘကြွယ်-ဒေါ်ဂျာ) တို့၏သမီး၊ (ဦးလှအောင်)၏ဇနီး၊ (ဦးမင်းစိန်)၊ (ဦးစိုးဝင်းအောင်)-ဒေါ်ခင်ထွေးလှ၊ Capt ဦးသန်းထွန်းအောင်(M.T.M Ship Management Pte, Ltd.)-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ရီရီမြင့်၊ ဒေါ်ခင်သီတာငွေ၊ ဒေါ်ခင်သီတာအောင်တို့၏ မွေးသမိခင်၊ မောင်သီဟအောင်၊ မဖြိုးသီရိအောင်တို့၏အဘွား ဒေါ်စိန်နွဲ့သည် ၁၀-၁၂-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
PI CIIN KHUO NIENGH (SUON TAH DOPMUL)
အသက်(၇၇)နှစ်

တီးတိန်မြို့နယ်၊ ဂမ်ငိုင်ရွာနေ (Pu Pau Nang-Pi Kham Lun) တို့၏ သမီးချွေးမ၊ (Pu Gen Za Mang-Pi Cing Khuo Luon) တို့၏ ဒုတိယသမီး၊ (Pi Lun Za Vung), (Pu Thang Khen Kham), (Pi Hau Do Cing), (Pi Cing Siel Vung), (Pi Cing Sen Vung), Pu Kham Cin Pau တို့၏ညီမ၊ (Pi Cing Gin Lien - Pu Dal Za Mang)တို့၏ညီမ၊ (Pu Leet Khan Hang-Pi Nieng Khan Ciin), Pu Lien Khen Kham-(Pi No Lam Cing), Pi Laang Go Cing, (Pu Thawng Khan Lien)-Pi Luon Ngai Mang, Pa Hau Lien Khai-Nu Ciin Do Nieng, (Pa Lien Go Pau-Pi Naw Ma), Rev Thawng Khan Siing (MBC, E&M Department)-Nu Vung Lun Cing, (Nu Cing Ton Nieng)-Pa Thang Sawm Pau တို့၏ အစ်မ၊ Rev Pau Lien Mung (သင်းအုပ် ဆရာ၊ အင်းတကော်တပ်နယ် ဘုရားကျောင်း)-Nu Man Lam Ciin, Nu Nieng Khen Cing - ဦးသိန်းထွန်းဦး၊ Pa Mang Siin Thang, (Pa Mang Lien Khup), Pa Hang Tung Thang, Pa Mang En Suon, Nu Luon Don Cing-Pa Hang Za Sut Khai, Pa Pau Pum Pieng-Nu Nieng Tan Cing တို့၏ မွေးသမိခင်၊ မြေး ၂၀ ယောက်၊ မြစ်ငါးယောက်တို့၏ အဘွား၊ (Pu Ngul Cin Kham @ Ngul Dam)(တပ်ကြပ်ကြီး-ငြိမ်း)၏ ချစ်လှစွာသောဇနီး Pi Ciin Khuo Niengh သည် ၁၀-၁၂-၂၀၁၃ ရက် နံနက် ၇ နာရီတွင် အမှတ်(၁၁/၆၂)၊ တောင်ကြီးကွဲရပ်ကွက်၊ တပ်နယ်ခရစ်ယာန်မိသားစုဘုရားကျောင်းဝင်း၊ (ခမရ-၁၀၅ ဂိတ်ကြီးမှတ်တိုင်)၊ အင်းတကော်မြို့ နေအိမ်၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး အင်းတကော်ခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ကျောင်းဒါယကာကြီး
ဦးတင်အေး(ခ)ကေဟုတ်ကြိုင်
အသက်(၅၉)နှစ်

ရန်ကုန်မြို့နေ(ဦးကေတင့်-ဒေါ်တန်ရှုတ်)တို့၏သားကြီး၊ (ဦးကိုကျင်)-ဒေါ်အုံးရီတို့၏သားသမက်၊ အမှတ်-(၁၃၈)၊(၄၉)လမ်း၊သုံးလွှာ၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်စုစုလှိုင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးခင်မောင်-ဒေါ်မြင့်မြင့်ဝင်း၊ (ဦးမြင့်မောင်)-ဒေါ်မိုးကေသီ၊ ဦးတင်လှိုင်-ဒေါ်ခင်ချယ်ရီဇင်၊ (ဦးစိန်ငွေး)-ဒေါ်စန်းစန်းမြင့်တို့၏မောင်၊ ဦးလှစိန်-ဒေါ်စန်းစန်းယဉ်(စန်းစန်းယဉ်မုန့်မျိုးစုံရောင်းဝယ်ရေး)၊ ဦးမြင့်သိန်း-ဒေါ်ရင်ရင်မြင့်၊ ဒေါ်မြအေးတို့၏ အစ်ကို၊ မောင်အောင်ကိုကို၊ မဇင်မီမီအေး(AGD Bank PSD Branch)တို့၏ ချစ်လှစွာသော ဖခင်၊ တူ၊ တူမ ၁၈ ယောက်တို့၏ဦးလေး ဦးတင်အေး(ခ)ကေဟုတ်ကြိုင်သည် ၉-၁၂-၂၀၁၃(တနင်္လာနေ့) မွန်းလွဲ ၂း၃၅ နာရီတွင် အာရှတော်ဝင် ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်နော်သဲလ်မာ
အသက်(၉၇)နှစ်

ဟသ်ာတမြို့နေ ဆရာမကြီး နော်မီးသနှင့် ဆရာမကြီး ဒေါက်တာ နော်မာသေးတို့၏မိခင်ကြီး ဒေါ်နော်သဲလ်မာ အသက်(၉၇)နှစ်သည် ၉-၁၂-၂၀၁၃ (တနင်္လာနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပင်မပညာ(ပညာရေးမိသားစု)
ဟသ်ာတမြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်နန်းချို
အသက်(၈၈)နှစ်

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌဦးရဲရင့်ဝင်း-ဒေါ်သင်းသင်းမြတ် တို့၏ မိခင်ဒေါ်နန်းချို အသက်(၈၈)နှစ်သည် ၃-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်နန်းချို
အသက်(၈၈)နှစ်

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌဦးရဲရင့်ဝင်း-ဒေါ်သင်းသင်းမြတ် တို့၏ မိခင်ဒေါ်နန်းချို အသက်(၈၈)နှစ်သည် ၃-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း
ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ဝင်း အသက်(၇၂)နှစ် D.V.D City သည် ၈-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၅း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်၊ ဦးကက်နက်၊ ဦးလှဖူး၊ ဦးယုခင်၊ ဦးခင်မောင်လွင်

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးကျော်စွာဝေဖြိုး (၂၇)နှစ်
ကြည်း-၄၇၈၉၅
စစ်တက္ကသိုလ် အမှတ်စဉ်(၄၉)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ စာတိုက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါက်တာခင်မောင်ဆွေ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်စန်းစန်းအေး (ကုံ့ကော်ဆေးခန်း)တို့၏ချစ်လှစွာသောသားကြီး ဗိုလ်ကြီးကျော်စွာဝေဖြိုးသည် ၅-၁၂-၂၀၁၃(ကြာသပတေးနေ့)မွန်းလွဲ ၁း၂၀နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြင့်လွင်နှင့် စိုးမင်း

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမဒေါ်ရစ္စလ်ဘီ(ခ) ဟာဂျီမဒေါ်နန်းမူးလှိုင်
အသက်(၆၉)နှစ်
(မော်လမြိုင်)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျွဲခြံကုန်းရပ်ရှိ ဂျာမေအဟ်ဇ္ဇမီရီယာဟ် ကာစီမုလ်အူလူးမ်အစ္စလာမ်သာသနာတက္ကသိုလ်၏ အုပ်ချုပ်ရေးမှူး ဟဇ်ရတ်သ် အလ်ဟာဂျ် အလ္လာမဟ် မုဖ်သီ M တွိုင်ယိဗ်(ဇွမီရီ၊ ကာစီမီ)(နာယက၊ မအဖဌာနချုပ်) ၏ ချစ်ဇနီး၊ ဒေါ်ရိုင်ဟာနဟ်(တွိုင်ယိဗီ)-မုဖ်သီအဗ္ဗဒွလ်ဝါဟိဒ်(ဇွမီရီ)၊ အလ်ဟာဂျ် မောင်ဝ်လာနာမုဖ်သီ M အဆ် အဒ်(ခ)ဦးသန်းထွန်း (တွိုင်ယိဗီ၊ ဇွမီရီ)-ဒေါ်မဟာရ်ဘာနူးဘီဘီ၊ [မောင်ဝ်လာနာမုဖ်သီကာရီ(Mအာရ်ရှာဒ့်) (တွိုင်ယိဗီ၊ ဇွမီရီ၊ မဒီနီ)]၊ ဒေါ်ဆွဖ်ဝါနဟ်(တွိုင်ယိဗီ)-မောင်လာနာကာရီမုဖ်သီအဆ်ဂျဒ်ဟူစိန်(အဇ်ဇီ)၊ ဒေါ်ရိဒွဝါနဟ်(တွိုင်ယိဗီ)-မောင်လာနာမုဖ်သီမုဟမ္မဒ်အမီးန်(ဇွမီရီ)၊ ဒေါ်ရိုကာနဟ်(တွိုင်ယိဘီ)-မော်လနာမုဖ်သီမုဟမ္မဒ် ဟာဖိဇ်အွတ်စမန်း(ဇွမီရီ)၊ ဒေါ်ဟန္နာနဟ်(တွိုင်ယိဗီ) - မော်လနာမုဖ်သီဟာဖိဇ်မုဟမ္မဒ်အီဗရိုင်ဟင်(ဇွမီရီ)၊ ဒေါ်ဖွရ်ကာနဟ်(တွိုင်ယိဗီ) - မောင်လာနာမုဖ်သီဟာဖိဇ်အရ်ရှားဒွလ္လာဟ်(ဇွမီရီ)၊ မောင်လာနာမုဖ်သီအဂျ်ဝဒ်(တွိုင်ယိဗီ၊ ဇွမီရီ)-ဒေါ်ရှဟီဒါဘီ၊ ဟာဖိဇ်မုဟမ္မဒ်အိရ်ရှားဒ်(တွိုင်ယိဗီ၊ ဇွမီရီ)-ဒေါ်ဝဟီဒါဘီတို့၏မွေးသမိခင်၊ မွန်အာလင်မ်သာသနာ့ပညာရှင်လေးပါးအပါအဝင်၊ မြေး ၄၁ ယောက်တို့၏ ချစ်ဘွားဘွား၊ မြစ် ၁၀ ယောက်တို့၏ ချစ်ဘွားဘွားကြီးသည် ၅-၁၂-၂၀၁၃(ကြာသပတေးနေ့) နံနက် ၈ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ည ၈ နာရီတွင် အေရှာဟ်ဆွလာသ်အပြီးတွင် မော်လမြိုင်မြို့ သုခမြိုင် စွန္နီကာဘာရ်စတန် ဥယျာဉ်တော်၌ ဒါဖွာနာပြုလုပ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ဒေါ်အိမ်ဟာ(ခ)ဒေါ်မြင့်မြင့်
အသက်(၈၈)နှစ်

(ဦးလှုန်စိန်)၏ဇနီး၊ ဒေါ်အုန်းကြည်(ခ)ဒေါ်ဘေဘီ-(ဦးမြဟန်)၊ ဒေါ်ရီရီငွေး-ဦးကျော်စိုင်း၊ ဦးထွန်းလှ-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်စိန်တင်(ခ)မချို-(ဦးအုန်းတူး) တို့၏ကျေးဇူးရှင်မွေးမိခင်၊ မြေးငါးယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏အဘေးသည် ၉-၁၂-၂၀၁၃ (တနင်္လာနေ့) ည ၉း၄၅နာရီတွင် ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၂)လမ်း၊ အမှတ်(၇၈) ပထမထပ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါ နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးခင်မောင်ညို(ခ)ဦးမဲ
အသက်(၇၁)နှစ်
(CMA-ငြိမ်း)
(ညောင်လေးပင်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက်၊ အမှတ်(၂၀)၊ သမာဓိလမ်းနေ (ဦးပန်း-ဒေါ်ခင်မြ)တို့၏သား၊ ဒေါ်မြင့်မြင့်ရီ ဒေါ်စန်းစန်းမြင့်တို့၏မောင်၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ငွေးငွေးမြင့်တို့၏အစ်ကို၊ (ဒေါ်တင်တင်အေး)၏ခင်ပွန်း၊ ကိုသန့်စင်ဦး-မမျိုးမျိုးငွေး၊ ကိုနေမျိုးအောင်-မသိန်းသိန်းဦး၊ ကိုကျော်ကျော်လွင်တို့၏ ဖခင်၊ မောင်သတိုးဦး၊ မောင်အုပ်စိုးခန့်၊ မောင်ရှင်းသန့်အောင်တို့၏အဘိုးသည် ၉-၁၂-၂၀၁၃(တနင်္လာနေ့) နံနက် ၉း၂၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်တင်(အလုံ) (၉၁)နှစ်

ရန်ကုန်မြို့၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အမှတ်(၇)၊ နွယ်နီလမ်းနေ (ဦးစု-ဒေါ်အေးဇင်)တို့၏သမီး၊ ဦးလှအောင်၏ဇနီး၊ ဦးတင်ထွဋ်(ကပရ-ငြိမ်း)-ဒေါ်ညွန့်ရွှေ(ကြေးမုံသတင်းစာတိုက်)ဦးဟံစိန်-ဒေါ်စန်းစန်းမြင့်၊ ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်သိန်း (နာရေးကူညီမှုအသင်းရန်ကုန်)၊ (ဦးတင်ဝင်း)-ဒေါ်ဝင်းဝင်းမြင့်[လ/ထညွှန်မှူး ဦးစီး(၁)ရန်ကုန်]၊ (ဦးတင်ထွေး)-ဒေါ်ခင်ငွေးလှိုင်(လ/ထအင်ဂျင်နီယာမိုဘိုင်း ဆက်သွယ်ရေးနေပြည်တော်)တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေး၁၆ယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၉-၁၂-၂၀၁၃ရက် နံနက်၉း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးဖေတင် (၈၉)နှစ်
အုပ်ချုပ်ရေးအရာရှိ(ငြိမ်း)၊ တပ်မတော်ပရိဘောဂစက်ရုံ
လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)

သံတွဲမြို့နေ(ဦးဘကျော်-ဒေါ်စိန်ရင်)တို့၏သားကြီး၊ ရန်ကုန်မြို့နေ (ဦးချစ်တင်-ဒေါ်အုန်းရင်)တို့၏သားသမက်၊ [ဒေါ်စန္ဒာမြင့်(ခ)ဒေါ်မြင့်မြင့်]၏ခင်ပွန်း၊ ဦးထီးအောင်-ဒေါ်ဖြူဖြူအေး၊ ဦးအေးကို(ကျောင်းအုပ်ကြီး-ငြိမ်း၊ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း၊ မိတ္ထီလာ)-ဒေါ်နီနီ၊ ဦးမြတ်သက်(ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ခင်အေး၊ ဦးမြတ်သူ၊ ဦးမောင်မောင်ရီ(ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန၊ ထားဝယ်မြို့)-(ဒေါ်သန်းသန်းအေး)၊ ဦးတင့်လွင်(အလပြဆရာ)-ဒေါ်ခင်ဝါဝါ(အလပြဆရာမ၊ အခြေခံပညာအလယ်တန်းကျောင်း၊ ချောင်းဦးမြို့)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏ချစ်လှစွာသောဘိုးဘိုးကြီး ဦးဖေတင်သည် ၁၀-၁၂-၂၀၁၃ (အင်္ဂါနေ့)ညနေ ၄း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၃(တနင်္လာနေ့)နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ သီဂီလမ်း၊ အမှတ်(၅၀၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်မြင့်သန်း (၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ဖို့မြေလမ်း၊ အမှတ်(၂၈)နေ ဦးယုဟုတ်(ခ) ဦးလှသန်း(သန်လျင်မြို့နယ် ကျန့်တိတ်ဘုရားကျောင်းဥက္ကဋ္ဌ)၏ဇနီး၊ (ဦးချစ်ပု-ဒေါ်အုန်းမြိုင်)တို့၏သမီး၊ (ဦးကြောင်ရှင်၊ ဦးဘိုးစို-ဒေါ်ကုလားမ)တို့၏သမီးချွေးမ၊ ဒေါ်စိန်ငွေးရီ၊ ဦးဝင်းလှိုင်-ဒေါ်အေးအေးကြည် (ရွှေခြူးလှျပ်စစ်)၊ ဦးသန့်ဇင်(E/O)-ဒေါ်ရီရီသန်း(C.G Myanmar Co., Ltd.)၊ ဦးဝင်းနိုင်-ဒေါ်အေးအေးသီ(သရဝဏ်လျှပ်စစ်စတိုး)၊ ဒေါ်တင်တင်လှ၊ (ဦးထွန်းထွန်းဝေ)၊ ဦးစိုးစိုးသန်း(3rd. Engg: Domg Jin Ship Co., Ltd.)-ဒေါ်အိအိသွင်၊ ဦးမင်းမင်းထွန်း (SAE လျှပ်စစ်၊ ဆောက်လုပ်ရေး)-ဒေါ်တင်တင်မိုး(ဗဟန်းအိတ်ချိန်း၊ ဆက်သွယ်ရေး)တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၀ယောက်တို့၏ အဘွား ဒေါ်မြင့်သန်းသည် ၉-၁၂-၂၀၁၃(တနင်္လာနေ့)နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁၂-၂၀၁၃ (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် နေအိမ်မှ သန်လျင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြင့်သန်း (၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ဖို့မြေလမ်း၊ အမှတ် (၂၈)နေ ဦးယုဟုတ်(ခ)ဦးလှသန်း (သန်လျင်မြို့နယ်၊ ကျန့်တိတ်ဘုရားကျောင်း၊ ဥက္ကဋ္ဌ)၏ ဇနီး၊ (ဦးချစ်ပု-ဒေါ်အုန်းမြိုင်)တို့၏ သမီး၊ (ဦးကြောင် ရှင်)၊ (ဦးဘိုးစို-ဒေါ်ကုလားမ)တို့၏ သမီးချွေးမ၊ (ဦးပု)-ဒေါ်ရှုကြည်၊ (ဦးကျော်မြင့်)-ဒေါ်လှလှဝင်း၊ ဦးခင်မောင်ထွန်း-ဒေါ်ကျင်အေး၊ ဒေါ်ကျင်ပိုး၊ ဦးငွေး အောင်ရွှေ-(ဒေါ်မြင့်မြင့်ထွေး)၊ ဒေါ်ရီရီဝင်း၊ (ဒေါ်စီစီဆွေ)၊ ဦးကျော်ဝင်းမောင်-ဒေါ်စန်းစန်းလင်း၊ ဦးဝင်းအောင်ကျော်-ဒေါ်ညွန့်ညွန့်သန်း၊ (ဦးလှဟန်-ဒေါ်တင် တင်အုန်း)-ဒေါ်ခင်သန်းငွေး၊ ဦးတင် အုန်း-ဒေါ်နွဲ့ရီ၊ ဦးလှလွင်-(ဒေါ်ရင်လှ)၊ ဦးသောင်းငွေး-ဒေါ်အေးအေးမြင့်တို့၏ အစ်မကြီး၊ တူ/တူမ ၂၈ ယောက်တို့၏ ကြီးမေကြီးသည် ၉-၁၂-၂၀၁၃(တနင်္လာ နေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၃(သောကြာနေ့)မွန်းလွဲ၁နာရီတွင် နေအိမ်မှ သန်လျင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်ငြိမ်းကြည်(ကျောက်တန်း) အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ရွှေကုန်းရပ်ကွက်၊ ဆင်ကန်လမ်း၊ အမှတ်(၆၀၁)နေ (ဦးချစ်ပု-ဒေါ်လှခင်)တို့၏ သမီး၊ (ဦးကျော်သန်း)-ဒေါ်ဝကြည်၊ (ဦးကျော်အုန်း)-ဒေါ်လှသိန်းတို့၏ ညီမ၊ [ဒေါ်သိန်းကြည်(မြို့မအလက-ငြိမ်း)]၊ ဦးမောင်လွင်-ဒေါ်အေးမြင့်၊ ဦးသိန်းအောင်(ဒါရိုက်တာ၊ မလိခသယ်ယူပို့ဆောင်ရေးကုမ္ပဏီ)-ဒေါ်ကြည်သန်း(သ/မ ဦးစီး-ငြိမ်း)၊ ဦးစိုးမြင့်-ဒေါ်အေးရီ(ထွေ/အုပ်-ငြိမ်း)၊ ဦးစိုးတင့်-[ဒေါ်တင်တင်စန်း(ပြည်တွင်းအခွန်-ငြိမ်း)]၊ ဦးကျော်ဆွေ(ညွှန်မှူး-ငြိမ်း၊ မြေတိုင်းဦးစီးဌာန)-ဒေါ်မြင့်မြင့်ကြည်(ထ/၄၊ သန်လျင်)တို့၏ အစ်မ၊ တူ/တူမ ၂၆ ယောက်တို့၏ ကြီးကြီးသည် ၁၀-၁၂-၂၀၁၃(အင်္ဂါနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ အနောက်ပိုင်းသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးသိန်းမောင်(ကျောင်းကုန်း) (၇၄)နှစ်
သုဓမ္မမဏိဇောတဓရ
လူမှုထူးချွန်(တတိယဆင့်)

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ အမှတ်(၅)၊ ရတနာပုံလမ်း၊ အမှတ်(၂)ရပ်ကွက်နေ (ဦးထွန်းသွယ်-ဒေါ်ပိုး)တို့၏သား ဒေါ်တင်လှ(ရွှေလမင်းဆေးလိပ်ခုံနှင့် ရွှေလမင်းမှန်လုံသယ်ယူပို့ဆောင်ရေး)၏ခင်ပွန်း၊ ဦးအေးထွန်း- မဟန်စုချို(ရတနာရွှေဆိုင်)၊ ဦးသော်စီလွင်-မဝင်းငွေး(ရွှေလမင်းရတနာရွှေဆိုင်)၊ ကိုမြင့်ထွန်း(ရွှေလမင်းစိုက်ပျိုးရေးဆေးပစ္စည်းအရောင်းဆိုင်)တို့၏ဖခင်ကြီး၊ မြေး ၃ ယောက်တို့၏အဘိုးသည် ၈-၁၂-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၃း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂-၂၀၁၃ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ (ကညင်သုံးဆင့်သုသာန်)သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၂-၂၀၁၃ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ကွင်းသွင်းခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပ်ခွင့်များ ကြည့်ရှုအားပေးကာ ဆုများချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယ သမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ကွင်းသွင်းခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပ်ခွင့်များကို ကြည့်ရှုအားပေးကာ ဆုများချီးမြှင့်သည်။ **(ယာဝုံ)**

ရှေးဦးစွာ ပထမဗိုလ်လုပ်ခွဲ ပွဲစဉ်ဖြစ်သော ကွင်းသွင်းခြင်းလုံးပြိုင်ပွဲ အမျိုးသမီးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာမြန်မာအသင်းမှ ၇၆၀ မှတ်၊ လာအိုအသင်းမှ ၃၀၀ မှတ်တို့ဖြင့် မြန်မာအမျိုးသမီးအသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

ဒုတိယဗိုလ်လုပ်ခွဲစဉ်အဖြစ် ကွင်းသွင်းခြင်းလုံးပြိုင်ပွဲ အမျိုးသားပွဲစဉ်မှ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းမှ ၆၅၀ မှတ်၊ ထိုင်းအသင်းမှ ၈၃၀ မှတ်ဖြင့် ထိုင်းအသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ✻

ဆိုင်ကလုန်းမုန်တိုင်း 'မဒီ' နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဆင့်သို့ ပြောင်းလဲသွားနိုင်

ယနေ့ အချိန်တွင် ရုပ်ဝတ္ထုပစ္စည်းများနှင့် စက်ကိရိယာများသည် အချိန်နှင့်အမျှပြောင်းလဲလျက်ရှိပေသည်။ ထို့ကြောင့် ယခုအချိန်အခါတွင် သတင်းများ ပေးပို့တင်ပြမှုသည်လည်း နာရီပိုင်းအတွင်း ပြောင်းလဲလျက်ရှိသဖြင့် သတင်းဦး၊ သတင်းထူးကို အင်တာနက်စသည့် လူမှုဝက်ဘ်ဆိုက်စာမျက်နှာများတွင် အချိန်နှင့်အမျှ တွေ့မြင်ရပေသည်။

တွေ့ဆုံပေးမြန်း - သူရဇော်(သတင်းစဉ်) ❖ ဓာတ်ပုံ - မိုး/ဇလ



အိန္ဒိယနိုင်ငံသို့ ပြန်ကွေ့သွားသော ဆိုင်ကလုန်းမုန်တိုင်း'မဒီ' ၏ လမ်းကြောင်းပြ မြေပုံကို တွေ့ရစဉ်။

အလားတူ ပထဝီမြေမျက်နှာအသွင်လက္ခဏာနှင့် ဥတုရာသီများသည်လည်း ယခင်နှင့် ယခုတွင် များစွာကွာခြားလျက်ရှိပေသည်။ ယနေ့ တိမ်ကင်းစင်သော်လည်း မနက်ဖြန်အတွက် ရာသီဥတု သာယာနိုင်ခြေကို တစ်ရက်တာအတွက် ခန့်မှန်းချက်ထုတ်ပြန်ရာတွင် စက္ကန့်၊ မိနစ်နှင့် နာရီစည်းချက်အလိုက် ပြောင်းလဲလျက်ရှိသည့်အတွက် ယခုထုတ်ပြန်ပြီး ဆယ့်နှစ်နာရီအတွင်း အပြောင်းအလဲများစွာရှိတတ်ပေသည်။

အဆိုပါ ဖြစ်ရပ်များကို ရာသီဥတုစောင့်ကြည့်သူများ အနေဖြင့် မကြာခဏကြုံတွေ့ရတတ်သဖြင့် တိကျသေချာသော ရာသီဥတုခန့်မှန်းထုတ်ပြန်ချက်အတွက် တစ်နေ့လျှင် လေးကြိမ်မျှ တိုင်းတာစောင့်ကြည့်ကြရသည်။ အရေးကြီးသော အများပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်အတွက် ကျရောက်နိုင်သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ခြေရှိပါက ကြိုတင်ခန့်မှန်းချက်ကို နှစ်ရက်ခန့် ဆောလျင်စွာ ထုတ်ပြန်ပေးသကဲ့သို့ ဘေးအန္တရာယ်စတင်အခြေတည်ပါကလည်း နေ့ညမပြတ် အချိန်တိုင်းစောင့်ကြည့်လေ့လာသကဲ့သို့ မိမိတို့အနီးပတ်ဝန်းကျင်နှင့် နိုင်ငံတကာမှ စိတ်ချယုံကြည်ရသော မိုးလေဝသဌာနများနှင့်လည်း အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ဖလှယ်ရယူကာ မိမိနိုင်ငံအတွက် ဖြစ်စဉ်များကို လေးနာရီတစ်ကြိမ်ထုတ်ပြန်ပေးလျက်ရှိသည်ကို လေ့လာနိုင်ပေသည်။

ယခု လတ်တလောဖြစ်ပေါ်နေသည့် "မဒီ"မုန်တိုင်းနှင့် ပတ်သက်၍

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

ယနေ့စတင်ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

နိုင်ငံ	ရွှေ	ငွေ	ကြေး
မြန်မာ	၁၈	၇	၉
ဗီယက်နမ်	၉	၄	၇
ထိုင်း	၅	၉	၄
အင်ဒိုနီးရှား	၅	၈	၈
မလေးရှား	၃	၅	၁၂
ဖိလစ်ပိုင်	၃	၅	၃
ကမ္ဘောဒီးယား	၂	၄	၇
စင်ကာပူ	၂	၂	၄
လာအို	၁	၅	၈
ဘရူနိုင်း	၁	၀	၁
တီမော	၀	၀	၀

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ဂုဏ်ပြုသောအားဖြင့် ဆီးဂိမ်းအထူးထုတ် လေးမျက်နှာ အပိုပါရှိပါသည်။



ကြေးမှုံ

(၂၇) ကြိုးပြိုင်ပြိုကပ် အားကစားပြိုင်ပွဲ

အားကစားပြိုင်ပွဲ
အထူးထုတ်

(၄၄)နှစ်တွင် တစ်ကြိမ် ပြန်လည်ကျင်းပခွင့်ရသည့် ဆီးဂိမ်းပြိုင်ပွဲကြီးကို ဂုဏ်ပြုပါသည်။

၁၀ - ၁၂ - ၂၀၁၃ (အင်္ဂါနေ့)

အားကစားရွှေတစ်ခေတ်ထုဆစ်ကြမည့် မြန်မာလေ့လှော်အားပွဲ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ လေ့လှော်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၈ နာရီက နေပြည်တော် ငလိုက်ဆည်၌ စတင်ကျင်းပရာ ကယက် အမျိုးသမီးလေးယောက်တွဲ မီတာ ၁၀၀၀ ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးခဲ့သည့် မြန်မာအမျိုးသမီးလေ့လှော်အသင်းအား ဆုယူအပြီးတွေ့ရစဉ်။(အပေါ်ပုံ)နှင့် ကန္ဒးအမျိုးသားနှစ်ယောက်တွဲ မီတာ ၁၀၀၀ ပြိုင်ပွဲတွင် မြန်မာမှ စိုင်းမင်းဝေနှင့် ဝင်းထိုက်တို့ရေ့ဆုံးမှ ပန်းဝင်လာစဉ်။ (အောက်ပုံ)

ဓာတ်ပုံ - အေးမောင်(ကျိုင်းတုံ)

နေပြည်တော် ဒီဇင်ဘာ ၁၀

မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ လေ့လှော်ပြိုင်ပွဲကို နေပြည်တော် ငလိုက်ဆည်၌ ဒီဇင်ဘာ ၁၀ ရက် နံနက် စနာရီတွင် စတင်ဖွင့်လှစ်ကျင်းပခဲ့ပြီး အားကစားသမားများက သရုပ်ပြလှော်ခတ်ပြသပြီး ပထမနေ့ပြိုင်ပွဲများကို စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ပထမနေ့ပြိုင်ပွဲ၌ ပွဲစဉ်လေးပွဲဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာနိုင်ငံမှ ရွှေတံဆိပ်ဆု သုံးဆုနှင့် ကြေးတံဆိပ်ဆု တစ်ဆုတို့ကို ဆွတ်ခူးရရရှိခဲ့သည်။

ပထမပွဲစဉ်တွင် ကန္ဒး အမျိုးသား တစ်ယောက်လှော် မီတာ ၁၀၀၀ ပြိုင်ပွဲကို မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့ ငါးနိုင်ငံပါဝင်ယှဉ်ပြိုင်လှော်ခတ်ခဲ့ကြရာ မြန်မာနိုင်ငံမှ ဝင်းထိုက်က ၄ မိနစ် ၁၈ ဒသမ ၉၅၂ စက္ကန့်ဖြင့် စံချိန်တင်ကာ ပထမဆုကို ဆွတ်ခူးရရှိခဲ့ပြီး ဒုတိယဆုကို အင်ဒိုနီးရှားနိုင်ငံမှ လည်းကောင်း၊ တတိယဆုကို ဖိလစ်ပိုင်နိုင်ငံမှ လည်းကောင်း ဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယပွဲစဉ် ကယက် အမျိုးသမီး လေးယောက်တွဲ မီတာ ၁၀၀၀ ပြိုင်ပွဲ၌ မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ် ငါးနိုင်ငံ ပါဝင်ယှဉ်ပြိုင်လှော်ခတ်ကြရာ မြန်မာနိုင်ငံမှ မြင့်မြင့်သန်း၊ သင်းသင်းကြူ၊ နော်အားလယ်ချို၊ အေးမိခိုင်တို့က ၃ မိနစ် ၄၁ ဒသမ ၃၅၆ စက္ကန့်ဖြင့် စံချိန်တင်ကာ ပထမဆုကို ရရှိခဲ့ကြပြီး ဒုတိယဆုကို ဗီယက်နမ်၊ တတိယဆုကို ထိုင်းတို့က ဆွတ်ခူးရရှိခဲ့ကြသည်။

တတိယပွဲစဉ် ကယက်အမျိုးသား လေးယောက်တွဲ မီတာ ၁၀၀၀ ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ပထမဆုကို ထိုင်းကလည်းကောင်း၊ ဒုတိယဆုကို အင်ဒိုနီးရှားမှ လည်းကောင်း၊ တတိယဆုကို မြန်မာမှလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြသည်။ ထို့နောက် စတုတ္ထပွဲစဉ် ကန္ဒးအမျိုးသား နှစ်ယောက်တွဲ မီတာ ၁၀၀၀ ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ပထမဆုကို မြန်မာမှ စိုင်းမင်းဝေနှင့်

စာမျက်နှာ ၂ »»

27th SEA GAMES MYANMAR 2013

အနိုင်မခံ အရှုံးမပေးသည့် စိတ်ဖြင့် ဆက်လက် ယှဉ်ပြိုင်မည့် ကျော်စွာဝင်း

စာမျက်နှာ ၂ »»

မြန်မာများပစ်အဖွဲ့ လေ့ကျင့်လျက်ရှိ ရွှေတံဆိပ် ငါးခု မျှော်မှန်း

စာမျက်နှာ ၃ »»

ယုံကြည်ချက်များဖြင့် ထိုးဖောက်မည့် ပန်ကြပ်ဆီလတ်

စာမျက်နှာ ၃ »»

ဆီးဂိမ်းပွဲကြည့်ရှုခွင့် လက်မှတ် ပြုလုပ်သူ များပြား

စာမျက်နှာ ၃ »»

သတင်း - မာမာ

အနိုင်မခံ မရှုံးမပေးသည့်စိတ်ဖြင့် ဆက်လက်ယှဉ်ပြိုင်မည့် ကျော်စွာဝင်း

နေပြည်တော် ဒီဇင်ဘာ ၁၀

ဒီဇင်ဘာ ၁၀ ရက်တွင် ပန်ကြပ်ဆီလတ်အားကစားပြိုင်ပွဲ(အတိုက်)၏ ဒုတိယနေ့ပွဲစဉ်များကို ဆက်လက်ကျင်းပရာ နံနက်ပိုင်းပွဲစဉ် (၅)တွင် မြန်မာအသင်းမှ ကျော်စွာဝင်းနှင့် အင်ဒိုနီးရှားအသင်းမှ Afriansyah တို့ တွေ့ဆုံခဲ့ကြသည်။ ပထမအချီစဖွင့်သည်နှင့် မြန်မာကစားသမားရော အင်ဒိုကစားသမားပါ တိုက်စစ်ကြမ်းကြမ်းဖြင့် အင်တိုက်အားတိုက် ကြိုးပမ်း၍ အမှတ်ရယူရန် အားထုတ်ခဲ့ကြသည်။ ကျော်စွာဝင်းက ဦးဆောင်မှတ်များ ရရှိခဲ့သော်လည်း စည်းအပြင်ထွက်ခြင်းများကြောင့် အမှတ်များဖြတ်တောက်ခံခဲ့ရသည်။ ဒုတိယပိုင်းပြန်လည်စတင်ရာတွင် အင်ဒိုကစားသမား Afriansyah က အနည်းငယ်ကြမ်းတမ်းစွာကစားပြီး စည်းမျဉ်းနှင့်မကိုက်ညီသော မျက်နှာအား ထိုးနှက်ခြင်းများပြုလုပ်ခဲ့ရာ မြန်မာကစားသမား ကျော်စွာဝင်းမှာ ထိခိုက်ဒဏ်ရာရခဲ့၍ ဆေးကုသမှုခံယူခြင်းပြုလုပ်ခဲ့ရသည်။ ထို့နောက် ဆက်လက်ယှဉ်ပြိုင်စေခဲ့ရာ အင်ဒိုကစားသမား၏ ကစားပုံ ကြမ်းတမ်းမှုကြောင့် ဒိုင်မှ သတိပေးမှုများ ပြုလုပ်ခဲ့သော်လည်း စည်းမျဉ်းဖောက်၍ မျက်နှာအား ဆက်တိုက်ထိုးနှက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် မြန်မာကစားသမား ကျော်စွာဝင်းလဲကျသွားခဲ့ပြီး ထပ်မံ၍ ဆေးကုသမှုကို ခံယူခဲ့ရသည်။ ဆေးအဖွဲ့မှ ဆက်လက်ယှဉ်ပြိုင်ရန် မသင့်တော်ကြောင်း သတင်းထုတ်ပြန်ပေးခဲ့သည်။ ဒိုင်အဖွဲ့မှ အင်ဒိုနီးရှားကစားသမားအား ပြစ်ဒဏ်သတ်မှတ်ပေးခဲ့၍ မြန်မာကစားသမား ကျော်စွာဝင်းကို အနိုင်ပေးခဲ့သည်။ ကျော်စွာဝင်းသည် ပန်ကြပ်ဆီလတ်(အတိုက်)ပြိုင်ပွဲ အမျိုးသား ကီလို(၆၅-၇၀)တွင် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ ကျော်စွာဝင်းသည် ဆေးကုသမှုခံယူပြီးနောက် ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ရန် အသင့်ရှိနေကြောင်း သိရသည်။

သတင်း-မေစုအေး ဓာတ်ပုံ-YAMANYA

မြန်မာ့ရုပ်မြင်သံကြားမှ နေ့စဉ်ထုတ်လွှင့်သွားမည့် အားကစားပြိုင်ပွဲများ၏ လျာထားချက်ဇယား

၁၁-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

အချိန်	အကြောင်းအရာ	အားကစားနည်း	ယှဉ်ပြိုင်မည့်အသင်း	ပြိုင်ပွဲအမျိုးအစား
၉း၀၀-၁၂း၀၀	SEA Games	ပိုက်ကျော်ခြင်း	မြန်မာ-အင်ဒိုနီးရှား(ကျား)	Preliminary

၁၂-၁၂-၂၀၁၃ (ကြာသပတေးနေ့)

အချိန်	အကြောင်းအရာ	အားကစားနည်း	ယှဉ်ပြိုင်မည့်အသင်း	ပြိုင်ပွဲအမျိုးအစား
၉း၀၀-၁၂း၀၀	SEA Games	ပိုက်ကျော်ခြင်း	မြန်မာ-မလေးရှား(မ)	Preliminary
၁၄း၀၀-၁၆း၃၀	SEA Games	ဘတ်စကက်ဘော	မြန်မာ-မလေးရှား(မ)	RR-WW
၁၅း၀၀-၁၆း၃၀	SEA Games	ဖူဆယ်	မြန်မာ-မလေးရှား(မ)	
၁၅း၀၀-၁၈း၀၀	SEA Games	ပိုက်ကျော်ခြင်း	မြန်မာ-မလေးရှား(ကျား)	Preliminary
၁၆း၀၀-၁၇း၀၀	SEA Games	ဘတ်စကက်ဘော	မြန်မာ-ဖိလစ်ပိုင်(ကျား)	RR-M
၁၈း၃၀	SEA Games	ဘောလုံးပွဲ	လာအို-မလေးရှား(မ)	

* နေ့စဉ် အားကစားနည်းများအလိုက် ယှဉ်ပြိုင်မှုများ၏ အောင်မြင်မှုအပေါ် မူတည်သုံးသပ်၍ နောက်တစ်နေ့ထုတ်လွှင့်ပေးမည့် နေ့စဉ် အသေးစိတ်အားကစားပြိုင်ပွဲအစီအစဉ်များအား မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ နေ့စဉ် ည ၈ နာရီ သတင်းတွင် လည်းကောင်း၊ နေ့စဉ်ထုတ်သတင်းစာများတွင် လည်းကောင်း၊ Webportal တွင် လည်းကောင်း ထည့်သွင်းဖော်ပြပေးသွားပါမည်။

အားကစားရွှေတစ်ခေတ် ထုဆစ်ကြမည့် မြန်မာလှေလှော်အဖွဲ့

» » ရွှေဖုံးမှ

ဝင်းထိုက်တို့က ၃ မိနစ် ၅၈ ဒသမ ၀၂၂ စက္ကန့်ဖြင့် စံချိန်တင်ဆွတ်ခူးခဲ့ကြပြီး ဒုတိယဆုကို အင်ဒိုနီးရှား၊ တတိယဆုကို ဗီယက်နမ်တို့က ဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံလှေလှော်အဖွဲ့သည် ပြိုင်ဘက်များဖြစ်သည့် အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်တို့ကို ယှဉ်ပြိုင်လှော်ခတ်၍ ရွှေတံဆိပ်ဆုသုံးဆု၊ ကြေးတံဆိပ်ဆု တစ်ဆုတို့ဖြင့် ပထမနေရာ၌ ရပ်တည်လျက်ရှိပြီး ဒီဇင်ဘာ ၂၁ ရက်အထိ ပြိုင်ပွဲများဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် (၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံ၌ ရွှေ ၁၀ ခု၊ ငွေ ခြောက်ခု၊ ကြေးသုံးခုဖြင့် အဆင့်(၁)ရရှိခဲ့ကြသည်။ နှစ်အလိုက် ဆီးဂိမ်းပြိုင်ပွဲများတွင် မြန်မာ့လှေလှော်အဖွဲ့သည် တစ်နှစ်ထက်တစ်နှစ် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိမှုများမှာ တိုးတက်မြင့်မားလာခဲ့ပြီး ဆုများအသီးသီး ဆွတ်ခူးရရှိခဲ့ကြပြီးဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံမှ လက်ခံကျင်းပသည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း မြန်မာပရိသတ်ရှေ့မှောက်တွင် ရွှေတံဆိပ်ဆုများကို ၁၀ ဆုအထက်ဆွတ်ခူးရယူ၍ မြန်မာ့အားကစား ရွှေတစ်ခေတ်ကို ထုဆစ်သွားမည်ဖြစ်ကြောင်း သိရသည်။ ■

သတင်း-အေဝမ်းစိုး ❖ ဓာတ်ပုံ-ခင်မောင်ဝင်း

မြန်မာမြားပစ်အဖွဲ့ လေ့ကျင့်လျက်ရှိ၊ ရွှေတံဆိပ် ငါးခုမျှော်မှန်းထား

နေပြည်တော် ဒီဇင်ဘာ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသော (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားစားပြိုင်ပွဲတွင် မြားပစ်အားကစားနည်း၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံခြားသားမြားပစ် အားကစားသမားများနှင့် မြန်မာမြားပစ်အားကစားသမားများသည် ပြိုင်ပွဲမဝင်မီ လေ့ကျင့်လျက်ရှိပြီး မြန်မာမြားပစ်အားကစားအဖွဲ့သည် ရွှေတံဆိပ်ဆု ငါးခု မျှော်မှန်းထားသည်ဟု မြန်မာမြားပစ် အားကစားအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခု ဆီးဂိမ်းပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ရွှေတံဆိပ်ဆု ၁၀ ခု ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ကမ္ဘောဒီးယား၊ ဘရူနိုင်းနှင့် တီမောလက်စ်တေနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ဘဲ ကျန်သည့်အာဆီယံအဖွဲ့ဝင် ရှစ်နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာမြားပစ်အားကစားနည်းပြ ဦးရဲမင်းဆွေက ပြောကြားသည်။

မြားပစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၇ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြည်ပအားကစားသမားများတွင် ပြိုင်ပွဲအတွေ့အကြုံရှိသည့် ဆုရအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ မြန်မာမြားပစ်အဖွဲ့တွင် အားကစားသမားစုစုပေါင်း ၁၆ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ နာမည်ကျော်မြားပစ်အားကစားသမား ရွှေတံဆိပ်သုံးဆုရှင် အောင်ငိုမ်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ဦးရဲမင်းဆွေက ပြောကြားသည်။ ■

အားကစားကွင်းတာဝန်ခံများ၏ ကြိုးပမ်းမှုများ

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းနေကြသလို ကွင်းအထွေထွေတာဝန်ခံများကလည်း မိမိတို့၏ သက်ဆိုင်ရာ ကွင်းများအလိုက် လိုလေသေးမရှိအောင် ကြိုးစားဆောင်ရွက်နေကြသည်။

ဇေယျာသီရိ အားကစား (C)ရုံ၏ ကွင်းအထွေထွေတာဝန်ခံများဖြစ်ကြသော ဘောလုံးလက်ရွေးစင်ဟောင်း ဦးဇော်မင်းလေးနှင့် လက်ဝှေ့နှင့် ရိုးရာသိုင်းပညာနည်းပြ ဦးမြင့်နိုင်တို့က "ပန်ကြပ်ဆီလတ်နှင့် ဂျူဒိုအားကစားပွဲများကို လက်ခံကျင်းပမည့် (C) ရုံတွင် လွန်ခဲ့သည့်တစ်နှစ်ခန့်ကတည်းက စတင်ပြင်ဆင်ခဲ့ကြကြောင်း၊ အားကစားဝန်ကြီးဌာန၊ Max Myanmar နှင့် အဖွဲ့ချုပ်တို့ ပူးပေါင်းတာဝန်ယူကြကြောင်း၊ အခုလို မြန်မာနိုင်ငံအတွက် ကျရာတာဝန်ကို ဌာနပေါင်းစုံ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရာ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုဖြစ်ထွန်းစေကြောင်း၊ နိုင်ငံတကာ၏ရှေ့တွင် ကိုယ့်နိုင်ငံ၏ စည်းလုံးမှုကိုဖော်ပြနိုင်၍ နိုင်ငံ့ဂုဏ်တက်အောင် စွမ်းဆောင်ခွင့်ရရှိကြောင်းတို့ကို ပြောကြားသည်။

ပန်ကြပ်ဆီလတ်အဖွင့်ပွဲမှာ မြန်မာတွေအတွက် မျက်နှာပန်းလှစေခဲ့တဲ့ ဇေယျာ

နေပြည်တော် ဒီဇင်ဘာ ၁၀

ဒီဇင်ဘာ ၉ ရက်က စတင်ယှဉ်ပြိုင်ခဲ့သော ပန်ကြပ်ဆီလတ်အဖွင့်ပွဲစဉ် ပွဲစဉ်(၃) (၄၅-၅၀) ကီလိုတန်းတွင် လာအိုကစားသမား Thanphonh Simphilavong ကို အနိုင်ရရှိခဲ့သော မြန်မာကစားသမား ဇေယျာက "မနေ့က ပြိုင်တာ ကျွန်တော် တကယ်အားရပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုပိုရှိလာပါတယ်။ လေ့ကျင့်စဉ်တုန်းကထက်ပိုပြီး စွမ်းရည်တက်လာတယ်လို့လည်း ထင်ပါတယ်။ နောက်ပွဲစဉ်မှာ ဗီယက်နမ်နဲ့တွေ့ရမှာပါ။ အဲဒီပွဲကတော့ ကျွန်တော့်အတွက် အကြမ်းဆုံးနဲ့ အခက်ခဲဆုံးပွဲပါ။ Semi Final မှာ ဗီယက်နမ်ကို အနိုင်ရပြီး ဗိုလ်လုပွဲ တက်ရောက်မယ်ဆိုရင် ရွှေရဖို့သေချာပါပြီ။ နောက်ပွဲအတွက်ကို အစစအရာရာ သေချာဂရုစိုက်ပြီး ပိုပြင်ဆင်ထားပါတယ်။ လာအိုနဲ့ စင်ကာပူက ဟိုအရင်နှစ်တွေကနဲ့မတူဘဲ ကစားတာ လက်ရည်ပိုတက်လာတယ်။ အသင်းတိုင်းကို ဂရုတစိုက် ယှဉ်ပြိုင်နေရပါတယ်။ အားကစားပရိသတ်ကို ပြောချင်တာကတော့ အခုအချိန်မှာ အားပေးနေပါ။ ပရိသတ်အားပေးနေသလို ရွှေရအောင် ကြိုးစားနေပါတယ်"ဟု ပြောကြားသည်။

ယုံကြည်ချက်များဖြင့် ထိုးဖောက်မည့် ပန်ကြပ်ဆီလတ်

နေပြည်တော် ဒီဇင်ဘာ ၁၀

ဆီးဂိမ်းပြိုင်ပွဲ ပန်ကြပ်ဆီလတ်အတိုက်ပွဲစဉ်များကို ဒုတိယနေ့တွင် ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိကြသည်။ ပန်ကြပ်ဆီလတ်အားကစားသည် မလေးရှားနိုင်ငံ၏ရိုးရာအားကစားမှ ဆင်းသက်လာခဲ့ခြင်းဖြစ်သော်လည်း ၁၉၉၉ ခုနှစ်နောက်ပိုင်းတွင် ဗီယက်နမ်သည် နည်းပြများ၏ သင်ကြားမှုနှင့် ကစားသမားများ၏လေ့လာကြိုးပမ်းမှုများကြောင့် မလေးရှားနှင့် အင်ဒိုနီးရှားတို့ထက် လက်ရည်တက်လာခဲ့သည်။ ယခုအချိန်တွင် အခြားနိုင်ငံများ၌ပါ ပန်ကြပ်ဆီလတ်အားကစားကို အားကစားနည်းတစ်ရပ်အဖြစ် တွင်ကျယ်စွာ ကစားလာကြပြီဖြစ်သည်။ မြန်မာနိုင်ငံမှ ပန်ကြပ်ဆီလတ်အားကစားသမားများကို ပြည်တွင်းပြည်ပနည်းပြများဖြင့် လေ့ကျင့်ပေးခဲ့ပြီး ယခုဆီးဂိမ်းတွင် ရွှေတံဆိပ်များ မျှော်မှန်းထားသည်။ အတိုက်ပွဲစဉ်ကစားရာတွင် သတ်မှတ်ဧရိယာကို လက်သီးဖြင့်ထိလျှင် တစ်မှတ်၊ ခြေထောက်ဖြင့် ကန်မိလျှင် နှစ်မှတ်၊ ကိုင်ပေါက်လျှင် (dropping technique) အောင်မြင်မှတ်အဖြစ် သုံးမှတ်ရရှိမည်ဖြစ်ပြီး စည်းအပြင်ကျော်မိလျှင် (-၁)မှတ် အလျှော့ခံရမည်ဖြစ်သည်။ မျက်နှာကိုထိုးခွင့်မရှိကြောင်း သိရသည်။ အလှပြကစားနည်းတွင် အချိန် သုံးမိနစ်ပေးထားပြီး သတ်မှတ်ထားသောအကွက်ပြည့်အောင် ကစားရမည်ဖြစ်ပြီး ခန္ဓာကိုယ် တိမ်းစောင်းခြင်း၊ အကွက်များခြင်းတို့ဖြစ်လျှင် အမှတ်လျှော့ခံရမည်ဖြစ်သည်။

၁၉၉၅ ထိုင်းနိုင်ငံ ချင်းမိုင်တွင်ကျင်းပခဲ့သော ဆီးဂိမ်းနှင့် ၁၉၉၇ လာအိုဆီးဂိမ်းတို့တွင် မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သော လက်ရွေးစင်အားကစားသမားဟောင်း ယခုမြန်မာနိုင်ငံ ပန်ကြပ်ဆီလတ်အသင်းအတွင်းရေးမှူး ဦးအောင်နိုင်ဦးက အိမ်ရှင်အဖြစ်နဲ့ တာဝန်ယူလက်ခံကျင်းပရာတွင် လစ်ဟာမှုမရှိအောင်ကြိုးပမ်းပြင်ဆင်ထားကြောင်း၊ မိမိနိုင်ငံက ကလေးများ ပြိုင်ပွဲဝင်သည့်အခါ အပြင်မှနေ၍ ကြည့်ရသည့်မှာ အားမလိုအားမရစိတ်ဖြင့် ကိုယ်တိုင်ဝင်ရောက် ယှဉ်ပြိုင်လိုမှုများပင်ဖြစ်ပေါ်လာကြောင်း၊ မိမိကလေးများ နိုင်သည့်အခါ အရမ်းပီတိဖြစ်ရကြောင်းနှင့် မြန်မာအသင်းကို ရွှေတံဆိပ်များစွာ မျှော်မှန်းထားကြောင်း ပြောကြားသည်။

သတင်း-မေစုအေး ❖ ဓာတ်ပုံ-YAMANYA

မြန်မာကစားသမားများ လက်ရည်သွေးခွင့်ရတဲ့ ဝါတာပိုလိုအားကစားနှင့် ဆုပေးပွဲ

» » ကျောဖုံးမှ

အင်ဒိုနီးရှားအသင်းကို ၈-၅ ဖြင့်လည်းကောင်း၊ မလေးရှားအသင်းက မြန်မာအသင်းကို ၂၈-၁၁ ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။ ဒီဇင်ဘာ ၁၀ ရက်တွင် ဝါတာပိုလိုပြိုင်ပွဲ၏နောက်ဆုံးပွဲစဉ်များကို ဆက်လက်ကျင်းပခဲ့ရာ အင်ဒိုနီးရှားအသင်းက ထိုင်းအသင်းကို ၁၂-၇ ဖြင့်လည်းကောင်း၊ စင်ကာပူအသင်းက မြန်မာအသင်းကို ၂၁-၁၃ ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဒီဇင်ဘာ ၁၀ ရက်တွင် ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာတို့ အသင်းငါးသင်းပတ်လည်ယှဉ်ပြိုင်ခဲ့ရာ တတိယဆုကို ထိုင်းအသင်းက ရရှိခဲ့ပြီး ကြေးတံဆိပ်ကို ပြည်ထောင်စုရာထူးဝင်အဖွဲ့ အဖွဲ့ဝင်၊ မြန်မာနိုင်ငံ ဝါတာပိုလိုအသင်းဥက္ကဋ္ဌ ဦးမန်းမောင်မောင်ညဏ်က ချီးမြှင့်ပေးခဲ့သည်။ ဒုတိယဆုကို အင်ဒိုနီးရှားအသင်းကရရှိခဲ့ပြီး ငွေတံဆိပ်ဆုကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ဆုချီးမြှင့်ခဲ့သည်။ ပထမဆုကို စင်ကာပူအသင်းမှ ဆွတ်ခူးခဲ့ပြီး ရွှေတံဆိပ်ဆုကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ချီးမြှင့်ပေးခဲ့သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းဝါတာပိုလိုပြိုင်ပွဲကြီးသည် မြန်မာဝါတာပိုလိုအသင်းအတွက် နိုင်ငံတကာ အတွေ့အကြုံများရရှိစေခဲ့ပြီး လက်ရည်တက်စေကာ အသင်း၏စွမ်းရည်များကို ပိုမိုမြင့်မားစေသည်။ မြန်မာအသင်းသည် ပွဲစဉ်တစ်လျှောက်လုံး အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။ **(မေ စု အေး)**

ကြက်တောင်အားကစားပွဲစဉ်များ စတင်ကျင်းပ

» » ကျောဖုံးမှ

ကွာတားဖိုင်နယ်တွင် မြန်မာအမျိုးသားကြက်တောင်ကစားသမား အောင်ကြည်မင်းသည် ကမ္ဘာ့ အဆင့်ရှိ အင်ဒိုနီးရှားကစားသမား ရမ်ဘာကာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အခြားအမျိုးသားတစ်ဦးချင်းပွဲစဉ်ဖြစ်သည့် မြန်မာနှင့် လာအိုတို့ပွဲစဉ်တွင် မြန်မာအမျိုးသားကြက်တောင်ကစားသမား မျိုးမင်းထွန်းက လာအိုကစားသမား ဖန်သာလန်အား အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

အမျိုးသမီးတစ်ဦးချင်းပွဲစဉ်များတွင် မြန်မာကိုယ်စားပြုအဖြစ် ပါဝင်ကစားခဲ့သော ခိုင်ဇာလင်းနှင့် သက်ထားသူဇာတို့သည် ပြိုင်ဘက်အသီးသီးကို ရှုံးနိမ့်ခဲ့သည့်အပြင် အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲတွင်လည်း အောင်မျိုးထူးနှင့် ထက်ကြူလင်းတို့အတွဲသည် ပြိုင်ဘက် လာအိုကို ရှုံးနိမ့်ခဲ့သည်။ သို့ရာတွင် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင်မူ ကြူလိုင်မွန်နှင့် ထူးထူးရတို့အတွဲသည် ပြိုင်ဘက် ထိုင်းကစားသမားများကို အကောင်းဆုံးပုံစံဖြင့် ကစားကာ အနိုင်ရရှိခဲ့သည်။

သတင်း - နိုင်လင်းကြည် ❖ ဓာတ်ပုံ - ALEZ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၁၀ ရက် နံနက်က ဝဏ္ဏသိဒ္ဓိအားကစားကွင်း ရုံအမှတ် B၌ "ကွင်းသွင်းခြင်းခတ်အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကျင်းပရာ ရွှေဆုအတွက် ကြိုးစားယှဉ်ပြိုင်ကြသော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ပရိသတ်မှ လိုက်လိုက်လှဲလှဲ အားပေးနေကြသည်ကို တွေ့ရစဉ်။ လှိုင်သန်းတင့်(ရမည်းသင်း)

ဆီးဂိမ်းရွက်လှေပြိုင်ပွဲ ငွေဆောင်(ပုသိမ်)တွင် ယနေ့ဖွင့်မည်

ငွေဆောင် ဒီဇင်ဘာ ၁၀

မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ခြောက်နိုင်ငံမှ အားကစားသမား ၁၆၅ ဦး၊ ဒိုင်လူကြီး ငါးဦး စုစုပေါင်း ၁၇၀ တို့သည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ ရွက်လှေပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် ငွေဆောင် (ပုသိမ်)ဒေသရှိ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် ရွက်လှေအားကစားစခန်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။

စင်ကာပူနိုင်ငံမှ ရွက်လှေအားကစားသမား ၂၆ ဦး၊ ထိုင်းနိုင်ငံမှ ၃၅ ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ ကိုးဦး၊ မလေးရှားနိုင်ငံမှ ၃၂ ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ၂၅ ဦး၊ မြန်မာနိုင်ငံမှ ၃၈ ဦးတို့သည် ရွက်လှေအားကစားစခန်း (ငွေဆောင်)တွင် တည်းခိုနေထိုင်ပြီး ဒိုင်လူကြီးငါးဦးမှာ Auream Palace Hotel တွင် တည်းခိုနေထိုင်လျက်ရှိရာ ရွက်လှေစခန်း (ငွေဆောင်)နှင့် ဟိုတယ်များမှ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းအတိုင်း တည်းခိုကျွေးမွေးဧည့်ခံလျက်ရှိကြောင်းသိရသည်။

ဒီဇင်ဘာ ၉ ရက် ညနေတွင်ပြုလုပ်သော ရွက်လှေပြိုင်ပွဲ အစမ်းလေ့ကျင့်ဖွင့်လှစ်ခြင်း အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဒေါက်တာတင်ရွှေ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ရွက်လှေအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုက်ကယ်မိုးမြင့်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ တာဝန်ရှိများ တက်ရောက်အားပေးကြကြောင်း၊ ဒီဇင်ဘာ ၁၁ ရက် နံနက်တွင် ရွက်လှေပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့တက်ရောက် ဖွင့်လှစ်မည်ဟုသိရပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ရွက်လှေပြိုင်ပွဲပိတ်ပွဲ အခမ်းအနားကျင်းပမည်ဟုသိရသည်။

(မောင်စေအောင်)

ဆီးဂိမ်းပြိုင်ပွဲကြည့်ရှုခွင့်လက်မှတ်ပြုလုပ်သူများပြေား လက်မှတ်အရေအတွက် ၆၀၀၀၀ ကျော် ပြုလုပ်ပေးထားပြီးဖြစ်

နေပြည်တော် ဒီဇင်ဘာ ၁၀

အားကစားဝန်ကြီးဌာနမှ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြည့်ရှုခွင့် လက်မှတ်များ ပြုလုပ်ပေးလျက်ရှိရာ ပြုလုပ်သူအရေအတွက် တစ်နေ့ထက်တစ်နေ့များပြားလျက် ရှိပြီး ယနေ့အထိ အစိုးရဝန်ကြီးဌာနများနဲ့ ပြင်ပသို့ရောင်းချထားမှုမှာ လက်မှတ်အရေအတွက် ၆၀၀၀၀ ကျော်ပြုလုပ်ပေးထားပြီးဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြိုင်ပွဲကြည့်ရှုခွင့်လက်မှတ်များကို အစိုးရဝန်ကြီးဌာနများအတွက် အမ်အိုင်လက်မှတ်နှင့် ပြင်ပမှဝယ်ယူသူများအတွက် အေယူလက်မှတ်ဟူ၍ နှစ်မျိုးခွဲခြားထားပြီး အစိုးရဝန်ကြီးဌာနများ အတွက် ဝန်ကြီးဌာနတစ်ခုလျှင် အမ်အိုင်လက်မှတ်စောင်ရေ ၂၀၀ စီ အခမဲ့ပေးပို့ထားကြောင်း၊ ပြင်ပမှ ဝယ်ယူကြည့်ရှုလိုသူများအတွက် ဝန်ဆောင်ခ ငွေကျပ် ၂၅၀၀ ကုန်ကျကြောင်း လက်မှတ် ပြုလုပ်ပေးသည့်နေရာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ အမ်အိုင်နှင့် အေယူလက်မှတ်များသည် ဆီးဂိမ်းဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားနှင့် ဘောလုံးပြိုင်ပွဲများမှလွဲ၍ မည်သည့်ပြိုင်ပွဲကိုမဆို ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သလို နေပြည်တော် တွင် ကျင်းပသည့်ပြိုင်ပွဲများတွင်သာမက ရန်ကုန်၊ မန္တလေးတို့တွင်ကျင်းပမည့် ပြိုင်ပွဲများကိုပါ ကြည့်ရှုခွင့်ရမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

သတင်း-အေဝမ်းစိုး ❖ ဓာတ်ပုံ - ခင်မောင်ဝင်း

နေပြည်တော် ဝဏ္ဏသိန္ဓိ အားကစားကွင်းအတွင်းရှိ အားကစားရုံ(အေ)၌ ကျင်းပသော ဂုဏ္ဍားပြိုင်ပွဲတွင် ဆုတံဆိပ် အသီးသီးရရှိခဲ့သော မြန်မာဂုဏ္ဍားအားကစားသမားများအား ဆုယူအပြီး တွေ့ရစဉ်။ (အောက်ပုံ)

(ဓာတ်ပုံ - လင်းလင်း)

ကြက်တောင်အားကစားပွဲစဉ်များစတင်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ကြက်တောင်အားကစားပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိန္ဓိအားကစားကွင်းအတွင်းရှိကြက်တောင်အားကစားရုံ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် စတင်ကျင်းပခဲ့သည်။

ထိုသို့ကြက်တောင်အားကစားပွဲစဉ်များကို စတင်ကျင်းပခဲ့ရာတွင် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးပါဝင်သော နှစ်ယောက်တွဲ(Mixed Double)ပွဲစဉ်၊ အမျိုးသား တစ်ဦးချင်းပွဲစဉ်၊ အမျိုးသမီးတစ်ဦးချင်းပွဲစဉ်၊ အမျိုးသား နှစ်ယောက်တွဲပွဲစဉ်နှင့် အမျိုးသမီးနှစ်ယောက်တွဲပွဲစဉ် စသည်ဖြင့် ပွဲစဉ် ငါးခုခွဲကာ အုပ်စုအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် ကျင်းပခဲ့သည်။

ကြက်တောင်အားကစားပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်ဖြစ်သော ကွင်းသွင်းခြင်း (Mixed Double)ပွဲစဉ်တွင် မြန်မာကိုယ်စားပြုအဖြစ် ယှဉ်ပြိုင်ခဲ့သော ဖုန်းပြည့်နိုင်နှင့် ခိုင်ရုန်ရည်လင်းတို့အတွဲသည် ပြိုင်ဘက် ကမ္ဘောဒီးယားအတွဲကို လည်းကောင်း၊ သံလွင်မောင်နှင့် ဖူးပွင့်ဇံတို့အတွဲသည် ပြိုင်ဘက် မလေးရှားအတွဲကို လည်းကောင်း အသီးသီး ရှုံးနိမ့်ခဲ့သော်လည်း အမျိုးသားတစ်ဦးချင်းပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်များတွင် မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့၏ အားထားရသော ကစားသမားဟုဆိုနိုင်သည့် အောင်ကြည်မင်းက ကမ္ဘောဒီးယားကစားသမား ချန်မာရာအား အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

စာမျက်နှာ ၂ သို့ »»

မြန်မာကစားသမားများလက်ရည်ကျွေးခွင့်ရတဲ့ဝါတာပိုလိုအားကစားနှင့်ဆုပေးပွဲ

နေပြည်တော် ဒီဇင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲကြီးတွင် ဝါတာပိုလိုပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၆ ရက်မှ စတင်ကျင်းပခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက်တွင် အောင်မြင်စွာပြီးဆုံးခဲ့သည်။

ဒီဇင်ဘာ ၆ ရက်တွင် အဖွင့်ပွဲစဉ်များအဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ကစားခဲ့ရာ ထိုင်းအသင်းက မြန်မာအသင်းကို ၂၂-၃ ဖြင့် အနိုင်ရရှိခဲ့ပြီး မလေးရှားအသင်းနှင့် စင်ကာပူအသင်းတို့ ပြိုင်ပွဲတွင် စင်ကာပူအသင်းက မလေးရှားအသင်းကို ၁၈-၇ ဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယနေ့ ပွဲစဉ်များကို ဒီဇင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပရာ ထိုင်းအသင်းက မလေးရှားအသင်းကို ၉-၃ ဖြင့် လည်းကောင်း၊ အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို ၃၀-၁ ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။ ဒီဇင်ဘာ ၈ ရက်တွင် တတိယနေ့ပွဲစဉ်များကိုဆက်လက်ကျင်းပရာ အင်ဒိုနီးရှားအသင်းက မလေးရှားအသင်းကို ၁၆-၂ ဖြင့် လည်းကောင်း၊ စင်ကာပူအသင်းက ထိုင်းအသင်းကို ၈-၅ ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။ စတုတ္ထနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပရာ စင်ကာပူအသင်းက

စာမျက်နှာ ၂ သို့ »»

သတင်း - မေ၊ စု၊ အေး
ဓာတ်ပုံ - YAMANYA

ကြော်ငြာ ADVERTISEMENT

ငွေရတုမင်္ဂလာဆုတောင်းလွှာ

ချစ်သော ပါကြီး **ဦးတင်ဇော်မြင့်** (ဒု-ညွှန်မှူး၊ စွမ်းအင်ဝန်ကြီးဌာန)နှင့် မေကြီး **ဒေါ်ဥဥခင်** တို့၏ ၁၁-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာရက်မြတ်မှသည် နှစ်(၁၂၀)တိုင် ဘဝနှင့်ဆန္ဒ တစ်ထပ်တည်းကျ၍ အစဉ်ထာဝရ စိတ်ချမ်းသာ ကိုယ်ကျန်းမာ ပျော်ရွှင်စွာဖြင့် သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို ချစ်သောမိသားစုနှင့်အတူ ထာဝရလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ချစ်သမီးများ - **ဒေါက်တာအိချောချောဇော်(ပင်လုံဆေးရုံကြီး)**
- **မရွှန်းလဲ့လဲ့ဇော်(ဆေးတက္ကသိုလ်-၁)**
- **မမေဥဥဇော်(Kaplan Higher Education Acdamy-S'Pore)**

မဟာစည်သြဝါဒခံ

သာသနာ့ဗိမာန်ရိပ်သာ (ယိုးဒယားကျောင်း)

မဟာသုခိတာလမ်း၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်

ဒီဇင်ဘာ အထူး(၁၀)ရက်တရားစခန်း

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒီဇင်ဘာလ မဟာသတိပဋ္ဌာန် ဝိပဿနာဉာဏ်ပေးလျှပွဲ အထူး(၁၀)ရက်စခန်းကို(၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ရက်မှ နတ်တော်လပြည့်ကျော် ၁၃ရက်) ၂၁-၁၂-၂၀၁၃ရက်မှ ၃၀-၁၂-၂၀၁၃ရက်ထိ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ တရားစခန်းဝင်မည့် ယောဂီများသည် ၂၀-၁၂-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄ နာရီအရောက် ကြွရောက်ကြရမည်ဖြစ်ပါသည်။ ယောဂီစာရင်းများကို ယနေ့မှစ၍ ပေးသွင်းနိုင်ပြီဖြစ်ပါသည်။ ယောဂီများအား မဟာစည်နည်းအတိုင်း ပြသမည်ဖြစ်ပြီး ယောဂီများ "စိတ်အေးချမ်းသာစွာ" တရားအားထုတ်နိုင်ရန် စီစဉ်ထားပါသည်။

သာသနာနုဂ္ဂဟအဖွဲ့

ဖုန်း-၆၄၁၃၂၄၊ ၀၉-၄၅၀၀၀၄၈၄၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
အမျိုးသမီးများ လူနေမှုဘဝမြင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် ဝါဝါသန်းအလှပြင်ဆိုင်တို့ ပူးပေါင်းဖွင့်လှစ်မည့် ဆံပင်မိတ်ကပ် အလှပြင်သင်တန်းတက်ရောက်ခွင့် လျှောက်လွှာခေါ်ယူခြင်း

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	- ၂၆-၁၂-၂၀၁၃ ရက်
သင်တန်းဖွင့်လှစ်မည့်နေရာ	- ၂၉၄၊ လမ်း(၄၀)အထက်ဘလောက်
သင်တန်းအချိန်	- နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ (အင်္ဂါနေ့ မှစနေနေ့)
သင်တန်းကာလ	- ၂လ
လက်ခံမည့်သင်တန်းသူဦးရေ	- ၄၀ ဦး (အမျိုးသမီးများသာ)
လျှောက်လွှာစတင်ရောင်းချမည့်ရက်	- ၁၁-၁၂-၂၀၁၃ ရက်
လျှောက်လွှာတင်ရန်နောက်ဆုံးရက်	- ၂၅-၁၂-၂၀၁၃ ရက်
လျှောက်လွှာတင်ရမည့်နေရာ	- အမှတ်(၆၈)၊ အနော်ရထာလမ်းနှင့်ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဝါဝါသန်းအလှပြင်ဆိုင် ဖုန်း-၂၅၅၄၉၃၊ ၃၇၃၄၉၈၊ ၀၉-၅၀၇၂၄၄၅၊ ၀၉-၅၄၀၀၄၁၈

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
၂၀၀၁-၂၀၀၂ ဘူမိဗေဒ

ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဆက်သွယ်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။ **ဆက်သွယ်လှူဒါန်းရန်**

၁။ ရှိုင်းသာဌေး	ဖုန်း-၀၉-၂၀၃၃၃၃၃
၂။ တင်မိုးထွန်း(မိုးလေး)	ဖုန်း-၀၉-၅၁၂၃၄၅၄
၃။ အာကာမြင့်စိုး	ဖုန်း-၀၉-၅၀၁၁၂၀၉
၄။ ဇော်မင်းထက်	ဖုန်း-၀၉-၄၉၃၃၂၇၃၅
၅။ အောင်ဇော်ထွန်း	ဖုန်း-၀၉-၄၂၁၀၆၈၃၂၂
၆။ ဟန်ထွန်းဇော်(ဥက္ကံ)	ဖုန်း-၀၉-၅၃၉၄၄၉၁
၇။ လင်းကိုဦး(ကိုလင်း-မှော်ဘီ)	ဖုန်း-၀၉-၄၂၀၃၀၇၅၃၃
၈။ ဘိုလ်ဘိုလ်ဟိန်း	ဖုန်း-၀၉-၇၃၀၈၀၄၅၄
၉။ ကျော်ကျော်ထွန်း	ဖုန်း-၀၉-၄၉၂၉၁၃၄၇
၁၀။ အောင်ပြည့်စုံ	ဖုန်း-၀၉-၄၂၀၀၄၁၇၇၅

ကျိုက်မရော အထက
ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

